www.burmeseclassic.com

ကလေးများအတွက်

# ဂန္တဝင်ပန်းခိုင်

ရုပ်စုံမဂ္ဂဇင်း


ဟိုခေါင်းမှာလည်း တဝေဝေ
သည့်ခေါင်းမှာလည်း တဝေဝေ
တို့မြေ (မြည်) မှာ တစ်ခေတ်ဆန်းပေါ့
ရွှေဝါရောင်ပိတောက်ပန်း
လန်းတင့်ကာနေ။
အတာရေ…
မာပါစေ အေးစေကြောင်း
အတာရေ…
အယာတွေဝေးစေကြောင်း
နှစ်သစ်မှာ ဆုချွေတောင်း
သွန်းပက်ကာလောင်း။ ။



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကူးချိုချိုပုံပြင်စာအုပ်




ကလေးများအတွက်
တစ်ထောင့်တစ်ညပုံပြင်များ(ပေါင်းချုပ်)
**မောင်ခေတ်ထွန်း**

တစ်ထောင့်တစ်ညပုံပြင်များသည် ကမ္ဘာ့စာပေတွင် ထင်ရှားသောပုံပြင်များဖြစ်ကာ ဘာသာပေါင်းမြောက်မြားစွာဖြင့် ပြန်ဆိုခြင်းခံရသည့် ကမ္ဘာ့ဂန္ထဝင်စာပေစာရင်းဝင်ဖြစ်သည်။

*

တစ်ထောင့်တစ်ညပုံပြင်များကို A Thousand and one nights ဟူသော အမည်ဖြင့် လည်းကောင်း၊ Arabian Nights အမည်ဖြင့် လည်းကောင်း၊ Arabian Nights Entertainments အမည်ဖြင့် လည်းကောင်း အမျိုးမျိုး ခေါ်ဝေါ်အသုံးပြုခဲ့ကြသည်။

*

ပုံပြင်များသည် အကြောင်းအရာစုံ၍ စိတ်ဝင် စားဖွယ်ကောင်းလှသည်။ ထိတ်လန့်ဖွယ်၊ ပျော်ရွှင်ဖွယ်လည်းရှိလှသည်။ ယုတ္တိမတန်သော်လည်း ထူးဆန်းဖွယ် ရှိလှသည်။ ပုံပြင်များတွင် ထူးဆန်းသော မီးခွက်၊ ကော်ဇောပျံ၊ အလီဘာဘာနှင့် ခိုးသားလေးဆယ်၊ သဘော်သားဆင်းဘတ်တို့မှာထင်ရှား၍ လူသိများသည်။

*

ထိုပုံပြင်များသည် နှစ်သက်ဖွယ် ဖျော်ဖြေမှုကို ပေးစွမ်းနိုင်သည့်အပြင် ထိုကာလ လူနေမှုအခြေအနေကို ထင်ဟပ်ထားသည်ကို တွေ့ရှိရသည်။ ထိုပုံပြင် များကို ခေတ်သစ်ဝတ္ထုများ၏အစ ဖြစ်သည်ဟု အနောက်တိုင်း စာပေရှင်များက ဆိုကြသည်။

ယခု ဤစာအုပ်မှာ ကလေးလူငယ်များ လွယ်လွယ်ကူကူ ဖတ်ရှုနားလည်နိုင်စေရန် ပြန်လည်ရေးသားထားသည့် Tales from the Arabian Nights နှင့် Strange Tales from the Arabian Nights တို့ကို ပြန်ဆိုထားခြင်းဖြစ်သည်။

**စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။**

**တန်ဖိုး – ၂၃၀၀ ကျပ်**

**စိတ်ကူးချိုချိုစာအုပ်တိုက်**

**၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်မြို့။**

**ဖုန်း–၅၄၆၈၄၅၊ ၇၂၆၆၂၄**

www.burmeseclassic.com

www.burmeseclassic.com


မောင်ခေတ်ထွန်း
စီစဉ်သည်

# ရတနာပန်းခင်း

ရုပ်စုံ မဂ္ဂဇင်း





အတွဲ ၂၁၊ အမှတ် ၂၊ ဧပြီလ၊ ၂၀၁၆ ခုနှစ်

**အုပ်ချုပ်ရေးမှူး**

ဒေါ်မြင့်မြင့်ရီ

**အယ်ဒီတာချုပ်**

မောင်ခေတ်ထွန်း
B.A. (Psy.), D.B.L, D.I.L,
Dip. in Global English, Cert, in B.D.S
D.L.P, WIPO (Switzerland)

**အယ်ဒီတာအဖွဲ့**

ဒေါ်မြင့်မြင့်ရီ၊ မွှေ့ဇာဖြူ

**မဂ္ဂဇင်းတိုက်တည်နေရာ**

၈၀ (အေ)၊ အပေါ်ဆုံးထပ်၊ ၁၂၄-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း- ၂၉၉၉၄၂၊ ၀၉ ၅၁ ၇၄၅၂၁

**ထုတ်ဝေသူ**

ဦးဝင်းမောင် (၀၀၉၁၈)
ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်း
၈၀ (အေ)၊ အပေါ်ဆုံးထပ်၊ ၁၂၄-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**

ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာပုံနှိပ်တိုက်
၈၄/၈၆၊ လမ်း-၅၀၊ ၁-ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးရိုက်**

ဒေါ်ရွှေ (၀၀၇၁၉)၊ သုခပုံနှိပ်တိုက်
၁၂၈၊ ၄၆-လမ်း၊ ရန်ကုန်။
တန်ဖိုး - ၁၀၀ ကျပ်
အုပ်ရေ - ၅၀၀


## ■ ကဗျာ


| | | |
|---|---|---|
| ဝိတောက်ဝေဝေ တို့မြန်ပြည် | မောင်ခေတ်ထွန်း | ၄ |
| မင်္ဂလာနှစ် | နန္ဒာမိုးကြယ် | ၈ |
| နှစ်သစ်ဆုမွန် | ပုသိမ်မောင်ကြေးရည် | ၁၂ |
| ကျေးလက်သင်္ကြန်ပွဲ | မောင်ထည်ဝါ(ပျော်ဘွယ်) | ၂၄ |
| တန်ခူးလ | သီဟဇော်(မြစ်ဝကျွန်းပေါ်) | ၄၀ |
| ဦးထုပ်ကလေး | ကေမင်းညီ | ၈၀ |


## ■ သုတနှင့် ဉာဏ်စမ်းပဟေဠိ


| | | |
|---|---|---|
| ကလေးတို့မျက်စိဘယ်လောက်လျင်သလဲ | ကောင်းထက်အောင် | ၆ |
| ဒါတွေသိပါသလား | ကျော်စည်ငြိမ်း | ၉ |
| မြန်မာ့ဆိုင်းဝိုင်းကြီး | ဘကြီးအောင် | ၁၁ |
| ဝေါဟာရပေါ်ကြွယ် စာလုံးဆက်မယ် | ခင်လေး(မာတု) | ၂၃ |
| အဖြေညှိကြည့်လိုက်ပါလား | ဦးဦးပဟေဠိ | ၃၃ |
| ဆန်းဆန်းပြားပြား ပုဆိန်ပစ်ပြိုင်ပွဲကြီး | | ၃၄ |
| အမြှာပူးမွေးလွန်းသည့် ရှင်မွေးလွန်း | | ၃၉ |
| လုပ်ကြည့်တော့ လွယ်လွယ်လေး | မှတ်စုမောင် | ၄၁ |
| နာနတ်သီးကို စတင်တွေ့ရှိသူ | | ၄၃ |
| စွပ်ယ်စုံကျမ်းထုတ်ဝေသည့် နိုင်ငံ | | ၄၃ |
| မျက်မှန် | | ၄၅ |
| ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု | | |
| ရက်စဉ်မှတ်တမ်း | မောင်ခေတ်ထွန်း | ၄၉ |
| သိမှတ်စရာ သုတထွေလာ | မောင်ခေတ်ထွန်း | ၅၄ |
| ရေသဘင်ပွဲတော် | ဒေါ်အုန်းကြည်သား | ၆၄ |
| အနန္တသူရိယအမည်တူသူနှစ်ဦး | | ၇၅ |
| သမိုင်းဆိုင်ရာ သိမှတ်စရာ | မောင်ခေတ်ထွန်း | ၇၆ |
| အလှူဒါန (၇)မျိုး | ပါမောက္ခဒေါ်ခင်ဖြူ | ၇၉ |
| ကလေးတို့တွက်တာ သုတအဖြာဖြာ | မောင်ခေတ်ထွန်း | ၈၁ |
| ကြံဖတ်မှ စက္ကူ | | ၈၃ |


BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်စမ်းကလေးတွေ ဖြေကြည့်ကြစို့
ကိုရွှေတောသား ၁၂၁
စကားထာပဟေဠိ အဖြေညှိရအောင်
ဦးကောင်းထူး ၁၂၇
မာသည့်လူသွား ၁၂၈
အရှည်ဆုံးတံတိုင်း ၁၄၀

■ ကလေးများအတွက်အင်္ဂလိပ်စာ

Essay Writing ဦးဦးကျော် ၄၄
မတော်တဆ (အင်္ဂလိပ်-မြန်မာ)
ကိုကြွယ် နှင့် အောင်(ရေနံ့သာ) ၇၃

■ စာစီစာကုံး

ပျော်ရွှင်ဆင်နွှဲ သင်္ကြန်ပွဲ မြန်စာမိုး ၅

■ ရုပ်ပြ

မောင်တီထွင်၏ ယုန်နှင့်လိပ် ကာတွန်းသစ်ထွဏ်း ၁၃
သိပါပြီ ဇာတ်လမ်းနှင့် သရုပ်ဖော်ဝိုင်းမော် ၂၅
ဖက်တီးနှင့် ချက်ကြီး ကာတွန်းငွေအောင်အောင် ၆၅
အင်အားအရှိဆုံး ကာတွန်းသိက္ခာ ၁၀၅
နတ်ကလေးပိစိ ကာတွန်းအေကေ ၁၂၉

■ ကလေးရုပ်ရှင်နှင့် ဗွီဒီယို

Zootopia ဝေရက် ၁၄၅

■ ကလေးဟာသ

ကလေးဟာသများ ကျော်မြင့်အေး ၆၂

■ ပြိုင်ပွဲ

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၁) ၆၁
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၂) ၈၃
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၃) ၉၇
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၄) ၁၂၆
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၅) ၁၅၃
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၆) ၁၀၁
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအဖြေများနှင့်
အဖြေမှန်သူများစာရင်း ၁၅၄

■ သူ့လက်ရာ

မဆက်ဆက်ညီမ်း ၁၀၄

■ ဇာတ်နိပါတ်တော်နှင့် မြန်မာ့ရိုးရာပုံပြင်

ဇာတိဿရဉာဏ် ရသူများ မောင်ရဲကြည် ၉၈





www.burmeseclassic.com

www.burmeseclassic.com


## ■ မှတ်တမ်းပုံပြင်

သမင်နှစ်ကောင် — မင်းဖြူဗွေဒတ် — ၃၇

## ■ ဂန္ထဝင်ပုံပြင်

လက်ထပ်ပွဲများ — စူပါမင်း — ၁၄၈

## ■ ပင်ကိုရေးပုံပြင်

အုပ်ထိန်းမှုရဲ့အောက်မှာ — သျှက်ပြုံး(မြန်မာစာ) — ၄၆
လူပြောမသန် လူသန်မပြော — ရဲဘော်မြသိန်း(ဟိုပုန်း) — ၅၈

## ■ နိုင်ငံတကာပုံပြင်များ

ပုံပြင်အတိုအထွာ — မောင်ခေတ်ဆွန်း — ၁၇
မြောက်ပင့်အရိုအသေပေးလွန်းသည့် လူသား — ကျော်စည်ငြိမ်း — ၃၅
သူ့ထိုက်နဲ့ သူ့ကံ (အီစွပ်) — အောင်ချစ်စိုး(လသာ) — ၅၆
ဘိုးဘွားတို့မြေ မစွန့်သင့်ပေ — သီတဂူကျောက်ဆည် — ၁၀၂
ခရီးအဆုံးမှာ (အင်္ဂလိပ်) — သူရထိုက် — ၁၁၇
ဆိတ်ကလေးကို ငှက်တွေက
ဘယ်လိုကယ်တင်ခဲ့ကြသလဲ (ရုရှား) — ဝေလင်းထွန်း — ၁၃၃
ပုံပြင်ပြောမယ် — အောင်စည်ချမ်းသာ — ၁၄၁

## ■ ကလေးဝတ္ထုတို

သကြံန်နှင့် ပျော်ရွှင်ခြင်း — မင်းတည်တံ့ — ၁၂၂
ရှင်ပြုမင်္ဂလာ — အောက်တိုဘာအောင်ကြီး — ၁၃၈

## ■ ဘာသာပြန် ကလေးဝတ္ထု

မေတ္တာထောင်ချောက် — နတ်မောက်အနီချို — ၈၄


□


**ပန်းချီကာတွန်းပညာရှင်များ**
အောင်ရှိန်၊ ဆန်းထွန်း၊ မြဇာ၊ သစ်ထွဏ်း၊
ဖေသစ်တည်၊ ငွေးအောင်အောင်၊
မိုးကျော်(C.U)၊ အာကာ၊ နိုင်လင်း၊
ပေါ်ကာ၊ ကာ့တွန်းမြူးညီ၊ သန့်ဇော်သစ်၊
ကာတွန်းဝိုင်းမော်၊ ကာတွန်းသိကၡာ

**မျက်နှာဖုံးပန်းချီ**
ပန်းချီ သန့်ဇော်သစ်

**မျက်နှာဖုံးကာလာခွဲ**
Alpha

**အတွင်းဖလင်**
ဦးထွန်းဆိုင်

**ကွန်ပျူတာစာစီ**
တင်မိုးခိုင်

**ဒီဇိုင်းအပြင်အဆင်**
ကျော်စည်ငြိမ်း

**ဖြန့်ချိရေး**
ရွှေမင်းသမီးစာပေ၊ အမှတ် ၂၀၀(မြေညီထပ်)၊
၃၁ လမ်း(အထက်လမ်း)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၆၃၃၁၅၂၊ ၀၁-၄၀၀၆၇၄








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ စ ၁ စိ စ ၁ ကုံး ]

# ပျော်ရွှင်ဆင်နွှဲ သင်္ကြန်ပွဲ

**မြန်စာမိုး**

မြန်မာ့တစ်ဆယ့်နှစ်လ၌ အဦးအစဖြစ်သော တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို ဆင်ယင်ကျင်းပကြပါသည်။ သင်္ကြန်ဟူသည် ကူးပြောင်းခြင်းဟူသည့် အဓိပ္ပာယ်ရှိပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် အထိမ်းအမှတ်အဖြစ် သင်္ကြန်ပွဲတော်ကို ဆင်ယင်ကျင်းပခြင်းဖြစ်ပါသည်။ ဆယ့်နှစ်လရာသီပွဲတော်များရှိကြသည့်အနက် နှစ်သစ်သို့ကူးပြောင်းခြင်းဖြစ်သည့် သင်္ကြန်ပွဲတော်မှာ အထူးခြားဆုံးနှင့် အစည်ကားဆုံးပွဲတော်လည်း ဖြစ်ပါသည်။

သင်္ကြန်ပွဲတော်ရက်ကို လေးရက်သတ်မှတ်ထားပြီး အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့များ၌ ရေသဘင်ပွဲကို ဆင်နွှဲကြပါသည်။ သင်္ကြန်အကြိုနေ့တွင် ဗုဒ္ဓဘာသာဝင်တိုင်း၏ အိမ်ရှေ့မျက်နှာစာ၌ အတာအိုးများ ထားရှိကြပါသည်။ အတာအိုးထဲတွင် သပြေ၊ မြေစာ၊ အုန်း၊ ထန်း၊ ခရာ၊ ကံ့ကော် အစရှိသော ခုနစ်နေ့နံပန်းများကို စိုက်ထိုးကာ လူ့ပြည်ကိုသက်ဆင်းမည့် သိကြားမင်းကို ကြိုဆိုကြပါသည်။ သိကြားမင်းသည် လူ့ပြည်သို့ အကျနေ့၌ သက်ဆင်းပြီး အတက်နေ့၌ နတ်ပြည်သို့တက်ကြောင်း၊ လူ့ပြည်၌ရှိစဉ် ကောင်းမှု၊ မကောင်းမှု ပြုသူတို့ကို ရွှေပုရပိုဒ်၊ ခွေးရေပုရပိုဒ်တို့၌ လူကြီးသူမများ ပြောဆိုသည်ကို ကြားဖူးပါသည်။

သင်္ကြန်ပွဲတော်နှင့် လိုက်ဖက်ညီသော ပန်းမှာ ပိတောက်ပန်းဖြစ်ပါသည်။ ပိတောက်ခက်နှင့်အတူ ရေပက်ကစားကြရသည်မှာ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းလှပါသည်။ ရေပက်ကစားခြင်း၊ ရေဖျန်းမင်္ဂလာပြုကြခြင်းမှာ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်၍ နှစ်သစ်အခါသမယ၌ စိတ်သစ်လူသစ်ဖြစ်စေရန် ရည်ရွယ်ပါသည်။ သင်္ကြန်ရေစင်၏ အာနိသင်မှာ အပူငြိမ်း၍ အေးချမ်းစေပါသည်။ ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံကားများကို ရေပိုက်များဖြင့် ပက်ကြပါသည်။ မြူးကြွသော တေးဂီတသံများကို နောက်ခံထားလျက် ကခုန်မြူးတူးကြပါသည်။ မြန်မာတို့၏ အတာရေသဘင်ပွဲကို နိုင်ငံခြားသားများပါ စိတ်ဝင်စားပြီး ဝင်ရောက်နွှဲပျော်ကြပါသည်။

သင်္ကြန်အခါသမယ၌ မိဘဘိုးဘွား၊ သက်ကြီးရွယ်အိုများသည် ဘုရားကျောင်းကန်များသို့ သွားရောက်ကာ ဥပုသ်သီတင်းသီလများ ဆောက်တည်ကြပါသည်။ လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းကြပါသည်။ နွားဘေးမဲ့လွှတ်ခြင်း၊ ရေသတ္တဝါများကို ဘေးမဲ့လွှတ်ခြင်းတို့ကို ဆင်နွှဲကုသိုလ်ယူကြပါသည်။ ထို့ပြင် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မုန့်လုံးရေပေါ်၊ သာကူ၊ မုန့်ကြာစိ၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ ဖျော်ရည်အမျိုးမျိုး၊ သင်္ကြန်ထမင်းဟင်းတို့ဖြင့် အယုတ်အလတ် အမြတ် မရွေး ကျွေးမွေးဒါနပြုကြပါသည်။

ထို့ပြင် ဘိုးဘွားတို့အား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း,လက်သည်းညှပ်ပေးခြင်း၊ ရေမိုးသန့်စင်ပေးခြင်းတို့အပြင် သက်ကြီးပူဇော်ပွဲများကျင်းပကာ ကောင်းမှုကုသိုလ်ပြုကြပါသည်။

သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်စစ်စစ်ဖြစ်သည့်အတွက် အရိုးပေါ် အရွက်မဖုံးသင့်ပါ။ မီးရှူးမီးပန်းဖောက်လွှတ်ခြင်း၊ ကြမ်းတမ်းစွာ ရေကစားခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေး၊ စိတ်ကြွဆေးများ သုံးစွဲခြင်း၊ ခိုက်ရန်ဒေါသဖြစ်ခြင်း၊ အရှက်အကြောက်ကင်းမဲ့စွာ ဝတ်စားဆင်ယင်ခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ နှစ်သစ်ကူးပြောင်းချိန်၌ မြန်မာ့ရိုးရာစစ်စစ်ဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲသင့်ကြပါသည်။

မြန်စာမိုး



www.burmeseclassic.com

www.burmeseclassic.com


# ကလေးတို့မျက်စိ ဘယ်လောက်လျင်သလဲ

## CAN YOU FIND THESE HIDDEN PICTU

ကလေးတို့ရေ ..

ကလေးတို့မျက်စိ ဘယ်လောက်လျင်သလဲဆိုတာ သိရအောင် တစ်ဖက်မှာ ဖော်ပြထားတဲ့ ပုံကြီးထဲက ကလေးတို့နဲ့ ယဉ်ပါးနေပြီဖြစ်တဲ့ ငှက်သိုက်မုန့် cotton candy ၊ သီးစုံရေခဲမုန့် ice-cream sundae ၊ ကတ်ကြေး scissors ၊ စားဖိုမှူးဦးထုပ် chef hat၊ ကိတ်မုန့်ချပ် slice of cake၊ နှင်းလူ snowman ၊ ပဲရိုင်းပင်ရွက် clover leaf ၊ သကြားလုံးတုတ် candy cane ၊ သံပရာသီးစိတ် lemon slice ၊ မြင်းခွာ horseshoe၊ မှန်ဘီလူး magnifying glass ၊ ဆားဘူး salt shaker စတဲ့ ရုပ်ပုံ (၁၂)ခုကို ရှာလို့မလွယ်အောင် မြုပ်ဆွဲထားပါတယ်။ အဲဒီပစ္စည်းတွေကို ရှာလို့ရအောင်လည်း ပုံကြီးထဲမှာ မြုပ်ဆွဲထားတဲ့ ပုံသဏ္ဌာန်အရွယ် အစားအတိုင်း အမျိုးအမည် (၁၂)မျိုးစလုံးကို စုပေါင်းဖော်ပြပေးထားပါတယ်။ ကလေးတို့က စိတ်ရှည်ရှည်၊ မျက်စိလျင်လျင်ထားပြီး ရှာဖို့သာ လိုပါတယ်။ အဲဒီလို ရှာတဲ့နေရာမှာလည်း တစ်ဦးတစ်ယောက်တည်းရှာတာထက် နှစ်ဦး၊ သုံးဦး ဝိုင်းရှာတာက ပိုပြီးပျော်စရာကောင်းပါလိမ့်မယ်။ ကဲ ..စမ်းကြည့်ကြပေါ့ကွယ်။


**ကောင်းထက်အောင်**






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မင်္ဂလာနှစ်

## နန္ဒာမိုးကြယ်



- တန်ခူးလေနှင့် မျောလွင့်ပြီ
ဥသြတေးချင်းသီ၊
ရော်ရွက်စုံညီ သွေ့ခြောက်နွမ်း
ဖက်ဆွတ်မိုးရေဖျန်း။
- မြင်ကွင်းစိမ်းလန်း တို့ပြည်တွင်
စုပေါင်းနွဲပျော်ရွှင်၊
အတာသဘင် ရေစင်ဖွေး
သေးဘယာတွေဝေ။
- ညည့်ခံကျေးမွေး မြတ်သဒ္ဒါ
ပွဲစတုဒိသာ၊
သူ့သူငါငါ မခွဲခြား
စားသောက်ပျော်ပျော်ပါး။
- ကျောင်းကန်သွားလို့ သီလယူ
ရည်မှန်းမြတ်နိဗ္ဗူ၊
ကုသိုလ်အလှူ ဒါနည့္သတ်
သားငါး သေးမဲ့လွှတ်။
- ပိတောက်ဆွတ်ခူး ငုဝေဝေ
လူသစ်,စိတ်သစ်စေ၊
သီရိကျက်သရေ ဖြာဝေလှစ်
မြန်မာ့မင်္ဂလာနှစ်။





www.burmeseclassic.com

www.burmeseclassic.com

# ဒါတွေသိပါသလား

ကျော်စည်ငြိမ်း


## နတ်ဘုရားရုပ်တု မနုသီဟ

အီဂျစ်နိုင်ငံတွင် ရှေးကတည်းက ရှိခဲ့သော နာမည်ကျော် ခြင်္သေ့ကိုယ်လူခေါင်းပုံ မနုသီဟရုပ်တုကြီးသည် အမှန်တကယ်က အာမာချည်နတ်ဘုရားမ၏ ရုပ်တုဖြစ်ပေသည်။



## မိုနာကိုနိုင်ငံ၏ လူဦးရေ

မိုနာကိုနိုင်ငံ Monaco နိုင်ငံသည် မွန်ဂိုးလီးယားနိုင်ငံ Mongolia ထက် အကျယ်အဝန်း တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ ၁၇,၀၀၀ ဦး နီးပါးခန့် ပိုမိုနေထိုင်ကြသည်ဟု ဆိုသည်။



## အကျိုးသက်ရောက်မှုပိုရှိသည့် သွားတိုက်မှု

သွားကို ဆားဖြင့်တိုက်ကာ သန့်ရှင်းခြင်းက သွားတိုက်ဆေးဖြင့် တိုက်ခြင်းထက် ပို၍ အကျိုးသက်ရောက်မှု ရှိလေသည်။





www.burmeseclassic.com


www.burmeseclassic.com

## မျောက်ခေါင်းဘောလုံး

ဥရုဂွေးနိုင်ငံတွင် ပထမဆုံးကျင်းပသော ကမ္ဘာ့ချန်ပီယံဖလားဘောလုံးပွဲ အားကစားပွဲ World Cup Championship တွင် ဘောလုံးသမားများ ကစားကြသည့် ဘောလုံးမှာ ယခုကဲ့သို့ ဘောလုံးမဟုတ်ဘဲ မျောက်အရိုးခေါင်းကို စက္ကူနှင့် သားရေပတ်ကာ ဘောလုံးအဖြစ် ဖန်တီးထားသော ဘောလုံးဖြစ်ပေသည်။


## ဇနီးအတွက် ကဗျာရေးဖွဲ့သည့် ခေါင်းဆောင်

ဂျာမနီနိုင်ငံ၏ နိုင်ငံခေါင်းဆောင်နှင့် ဘာသာစကားများကို လေ့လာတတ်ကျွမ်းသူ ကားလ်ဗီဟမ်ဗွန်ဟမ်းဘို့တ် Karl Wilhelm Von Humboldt သည် သူ့ဇနီးသည်ကို ဂုဏ်ပြုထားသော ကြောင်းရေ ၁၀၀ ရှိသည့် ကဗျာကို ရက်ပေါင်း ၄၀ တိုင် နေ့စဉ်နေ့တိုင်း ရေးဖွဲ့ခဲ့သည်ဟု ဆိုသည်။



## ကမ္ဘာ့အကြီးဆုံး ရဲတိုက်ကြီး

အင်္ဂလန်နိုင်ငံရှိ ဝင်ဆာရဲတိုက်ကြီး Windsor Castle သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး လူနေထိုင်သည့် ရဲတိုက်ကြီး ဖြစ်ပေသည်။



## အထည်အသစ်သာ ဝတ်ဆင်သည့် ဘုရင်မ

ဗစ်တိုးရီးယားဘုရင်မ Queen Victoria သည် နေ့စဉ် အတွင်းခံဘောင်းဘီ အသစ်နှစ်ထည်စီ ဝတ်ဆင်သည်ဟု ဆိုသည်။ နောက်နေ့တွင် ယင်းဘောင်းဘီကို မဝတ်တော့ပေ။



[ **Illustrated Fascinating Facts you wouldn't know! စာအုပ်မှ • •** ]

**ကျော်စည်ငြိမ်း**

❐



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဆိုင်းဝိုင်းကြီး

ဘကြီးအောင်

မြန်မာတို့သည် မြန်မာမှုနှင့် ပတ်သက်လာလျှင် မှန်စီရွှေချ စောင်းကောက်ကြီးကိုလည်းကောင်း၊ မှန်စီရွှေချ ဆိုင်းဝိုင်းကြီးကိုလည်းကောင်း ဂုဏ်ယူဝင့်ကြွားပြသကြ၏။ ယင်းတို့အနက် ယခုအပတ်တွင် မြန်မာ့မင်္ဂလာ ရွှေဆိုင်းအကြောင်းကို ဖော်ပြလိုက်ပါသည်။

ဆိုင်းဝိုင်းအဖြစ် ဖွဲ့ခွေသော အပြားများကို ပန်းပြားဟုခေါ်သည်။ ပန်းပြားတစ်ပြားလျှင် သံချောင်းသုံးချောင်းပါဝင်သည်။ ထိုကဲ့သို့ ပန်းပြားများဖြင့် ဖွဲ့ယှက်ထားသောဆိုင်းကို ခေါက်ဆိုင်းဟုခေါ်သည်။

ပန်းပြားများဖြင့် ဖွဲ့ယှက်ပြီးသွားသော ဆိုင်းဝိုင်းကြီးထဲတွင် ဗုံများကို ကြီးစဉ်ငယ်လိုက် ချိတ်ဆွဲရသည်။ ၎င်းဗုံများကို ပတ်လုံးဟူ၍လည်းခေါ်သည်။ ပတ်လုံးများကို သရက်သား၊ ကျွန်းသား၊ ယမနေသား စသည်များကိုထွင်းပြီး အပေါ်မှ နွားသားရေးအုပ်သည်။ ထိုသားရေမျက်နှာပြင် တင်းရင်းနေစေရန် ပန်းကုံးကို တင်းစေရသည်။ ဗုံတစ်ခုလုံးကို အထက်အောက် တန်းနေသော သားရေမျှင်ဖြင့် ဝန်းရံထားသည်။

ဆိုင်းဝိုင်းကြီးတစ်ဝိုင်းလျှင် လက်ဝဲမှလက်ယာသို့ ချိတ်ဆွဲထားသော ဗုံ သို့မဟုတ် ပတ်လုံးပေါင်း ၂၁ လုံးရှိသည်။ ၎င်းသည်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဒိုးခဲ အကြီးဆုံးဖြစ်သည်။
(၂) နှစ်ဆစ်လုံး
(၃) တစ်ဆစ်လုံး
(၄) ဘယ်တျောလုံး
(၅) ဘယ်တေးလုံး
(၆) ဒူးလုံး
(၇) တေလက်
(၈) တျာလက်
(၉) ပတ်စာဟပ်
(၁၀) ငါးပေါက်လုံး
(၁၁) လေးပေါက်လုံး
(၁၂) သုံးပေါက်လုံး
(၁၃) နှစ်ပေါက်လုံး
(၁၄) သံကုန်လုံး
(၁၅) တျောလုံး
(၁၆) ခြောက်ပေါက်ဖျား
(၁၇) ငါးပေါက်ဖျား
(၁၈) လေးပေါက်ဖျား
(၁၉) သုံးပေါက်ဖျား
(၂၀) နှစ်ပေါက်ဖျား
(၂၁) သံကုန်ဖျား

၎င်းပတ်လုံး ၂၁ လုံးမှာ တစ်လုံးနှင့်တစ်လုံး အသံမတူပြား အသံအမျိုးအစားမှာ ခုနစ်သံသာရှိသည်။ ဆိုင်းဝေါဟာရအားဖြင့် ခေါ်ပါက သံလတ်၊ သံကြပ်၊ သံဟီး၊ ဆစ်ကြီး၊ နဲ့ကြီးခြောက်ပေါက်၊ ဆစ်ကြီးနှစ်ပေါက်၊ သံဖျားဟူ၍ ဖြစ်ပေ၏။

ရှေးအခါက ထမင်းကို ကျေညက်အောင်ချေပြီးမှ ပြာနှင့်ရောကာ နယ်ရသည်။ အပျော့်တမ်းတီးသော အရပ်ထဲက အိုးစည်ဒိုးပတ်ရော၊ ဆိုင်းထဲက ဗုံးများပါ ၎င်းကဲ့သို့သော ပတ်စာကို ဗုံ၏အလယ်တည့်တည့် သစ်စေးဖြင့် ဝိုင်းပြထားသောနေရာ၌ ကပ်ရသည်။ ယခုအခါတွင် ထမင်းပတ်စာအစား ပလတ်စတာပတ်စာကို သုံးနေကြပြီ။

သို့ရာတွင် ပတ်စာသာပြောင်း၍ ပတ်စာတပ်နည်းများကား မပြောင်းလဲပါ။ ယင်းတို့မှာ အောက်ပါကဲ့သို့ ဖြစ်သည်။

(၁) သံမှန်ပတ်စာပိုးတပ်နည်း
(၂) ၆ ပေါက်သံကပ်
(၃) ၅ ပေါက်သံကပ်
(၄) ၅ ပေါက်အောက်ပြန်
(၅) ၄ ပေါက်အောက်ပြန် သို့မဟုတ် ဆစ်ကြီး
(၆) သံတီးကပ်နည်း

ပတ်စာပိုးတပ်နည်းမှာ ၎င်းမျှမကရှိပြား ၎င်းမျှဖြင့် ရပ်တန့်လိုက်ပါသည်။

ဘကြီးအောင်

❒



www.burmeseclassic.com

www.burmeseclassic.com

# နှစ်သစ်ဆုမွန်

**ပုသိမ်-မောင်ကြေးရည်**

✦ ကောင်းကင်ကြီးမှာ ဝါဝါရွှေ
မန်းပိတောက်ဝေဝေ ..
ဖက်ဆွတ်မိုးရေ စိုအောင်ရွှဲ
လှုပုံလွန်ထူးကဲ။

✦ သကြန်ပွဲမှာ ဝါဝါရွှေ
ပန်းပိတောက်ဝေဝေ
ရေစင်ပက်ဖျန်း ကခုန်မြူး
ချမ်းတုန်ကြပါဘူး။

✦ နှစ်သစ်ကူးမှာ ဝါဝါရွှေ
ပန်းပိတောက်ဝေဝေ
ငြိမ်းချမ်းသည့်မြေ ဆုမွန်ကောင်း
မာစေ သာစေကြောင်း။

□





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံပြင်အတိုအထွာ

မောင်ခေတ်ထွန်း

## ကမ္ဘာပေါ်ရှိ အရှားပါးဆုံးအရာ

တစ်ခါက လူဝံအိုကြီးတစ်ဦးမှာ သမီးချောလေး တစ်ယောက် ရှိတယ်။ လူဝံအိုကြီးက သူ့သမီးကို လက်ထပ်လိုချင်သူ မည်သူမဆို ကမ္ဘာပေါ်က အရှားပါးဆုံးအရာကို ရှာဖွေယူဆောင်လာနိုင်သူအား လက်ထပ်ခွင့်ပေးမည်ဟု ကြေညာလေသည်။


လူဝံပျိုကလေးများလည်း လူဝံကြီး၏သမီးချောကလေးကို လက်ထပ်ချင်ကြ၍ လူဝံအိုကြီးပြောကြားသည့်အတိုင်း ကမ္ဘာပေါ်ရှိ အရှားပါးဆုံးအရာကို ရှာဖွေရန်အတွက် ထွက်ခွာသွားကြလေသည်။ မကြာမီ လူဝံပျိုကလေး သုံးဦးသည် လူဝံအိုကြီးထံသို့ ပြန်လည်ရောက်ရှိလာကြလေသည်။ သူတို့သုံးဦးတွင် မည်သူသည် အရှားပါးဆုံးအရာကို ယူဆောင်လာသူ ဖြစ်သည်ကို လူဝံအိုကြီးက မဆုံးဖြတ်မီအချိန်တွင် ရန်သူ လူဝံအုပ်စုတစ်စုသည် သူတို့ကို လာရောက်တိုက်ခိုက်ကြလေသည်။ လူဝံလူပျိုကလေး သုံးဦးအနက် နှစ်ဦးက ရန်သူများကို ချက်ချင်းဝင်ရောက်တိုက်ခိုက်ကြသည်။ သို့သော် တတိယမြောက် လူဝံပျိုကလေးသည် ဦးစွာ လူဝံအိုကြီး၏သမီးကို ရန်သူအန္တရာယ်မှ ကင်းဝေးသည့်နေရာတွင် ထားရှိခဲ့ပြီးမှ ပြန်လာပြီး ရန်သူများကို ဝင်ရောက်တိုက်ခိုက်လေသည်။

မကြာမီ ရန်သူများထွက်ပြေးကာ အောင်ပွဲဆင်နိုင်ခဲ့လေသည်။ ထိုအခါ လူဝံအိုကြီးက –

"ကမ္ဘာပေါ်မှာ အရှားပါးဆုံးအရာ ချစ်မေတ္တာပါ။ အသင်တို့သုံးဦးအနက် တတိယမြောက် လူဝံပျိုကလေးကသာ ငါ့ရဲ့သမီးကို ကာကွယ်စောင့်ရှောက်သူ ဖြစ်တယ်။ ငါသမီးကို မေတ္တာစစ်နဲ့ အမှန်တကယ် ချစ်မြတ်နိုးသူဟာ သူပါပဲ။ ဒါ့ကြောင့် သူသာ ငါ့သမီးကို လက်ထပ်ရမယ့်သူ ဖြစ်ပေတယ်"ဟူ၍ ပြောကြားလိုက်လေသည်။

**[ 365 Animal Tales စာအုပ်မှ The Rarest thing on Earth. ]**

□



www.burmeseclassic.com



## ပျောက်ဆုံးသွားသော ဝံပုလွေပေါက်စကလေးများ

တစ်ခါက ဝံပုလွေဘုရင်ကြီးတွင် သားတော် ဝံပုလွေကလေးနှစ်ကောင် ရှိလေသည်။ တစ်နေ့တွင် အဆိုပါ ဝံပုလွေကလေးနှစ်ကောင်ကို ဝံပုလွေအိုကြီးက ခိုးယူခေါ်ဆောင်သွားလေသည်။ ဝံပုလွေကလေးနှစ်ကောင်သည် ဝံပုလွေအိုကြီးနှင့်အတူ နှစ်ရှည်လများ နေထိုင်ကြရလေသည်။ ဝံပုလွေကလေးများက ဝံပုလွေအိုကြီးကို သူတို့၏ဖခင်ဟူ၍ ထင်မှတ်ထားကြလေသည်။

တစ်နေ့တွင် ဝံပုလွေကြီးသည် မကျန်းမမာ ဖြစ်ကာ သေဆုံးရမည့်အချိန်သို့ ရောက်ရှိလာသည်။ ဝံပုလွေအိုကြီးသည် သူ မကွယ်လွန်မီ ဝံပုလွေကလေးနှစ်ကောင်ကို ခေါ်ကာ အဖြစ်မှန်ကို ရှင်းပြလေသည်။ ဝံပုလွေလေးနှစ်ကောင်လည်း အလွန်အံ့ဩသွားကြသည်။ မကြာမီ ဝံပုလွေအိုကြီး ကွယ်လွန်သွားလေသည်။

ဝံပုလွေကလေးနှစ်ကောင်လည်း သူတို့၏ မိဘအစစ်ကို ရှာဖွေရန် ထွက်ခွာလာခဲ့ကြလေသည်။ လမ်းခရီးတွင် ဝံပုလွေကလေးနှစ်ကောင်သည် ဝံပုလွေကြီးတစ်ကောင်ကို ဝက်ဝံတစ်ကောင်က တိုက်ခိုက်နေသည်ကို တွေ့မြင်ရလေရာ ဝံပုလွေကလေးနှစ်ကောင်လည်း ဝက်ဝံကြီးကို ဝင်ရောက်တိုက်ခိုက်ကာ ဝံပုလွေကြီးကို အသက်ဘေးမှ ကယ်တင်လိုက်လေသည်။ အမှန်မှာ ဝံပုလွေကြီးသည် ဝံပုလွေကလေးနှစ်ကောင်၏ ဖခင်အရင်း ဘုရင်ကြီးဖြစ်သည်။

ဝက်ဝံကြီးက သူ့ကို ကယ်တင်လိုက်၍ ကျေးဇူးတင်ကြောင်း ပြောပြီး –

"အသင်တို့က ဘယ်သူတွေလဲ"ဟု မေးလေသည်။ ဝံပုလွေကလေးနှစ်ကောင်လည်း သူတို့အကြောင်းဖြစ်ကြောင်း ကုန်စင်ပြောပြရာ ဝက်ဝံဘုရင်ကြီးသည် အလွန်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ဝက်ဝံကလေးနှစ်ကောင် ရှာဖွေနေသည်။ ဖခင်သည် သူသာဖြစ်ကြောင်း အဖြစ်မှန်ကို ရှင်းပြလေသည်။ ဝံပုလွေကလေးနှစ်ကောင်လည်း သူတို့ရှာဖွေနေသည့် ဖခင် ဝံပုလွေဘုရင်ကြီးကို ရှာဖွေတွေ့ရှိသွားပြီဖြစ်၍ လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြကာ သူတို့၏ ဖခင်ကြီးကို ပြေးဖက်လိုက်ကြလေသည်။

**[ 365 Animal Tales စာအုပ်မှ The Lost Wolf Cubs. ]**

□



www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆွေစစ်

တစ်ခါက ခွေးတစ်ကောင်နှင့် မြင်းတစ်ကောင်သည် သူတို့အား ဈေးသို့ခေါ်ဆောင်သွားမည့် လယ်သမားကြီးကို စောင့်နေကြလေသည်။ ထိုအချိန်တွင် ခွေးသည် ဆာလောင်လာ၍ မြင်းအား –

"မင်းကျောပေါ်မှာ ချည်ထားတဲ့ အစာတွေကို နည်းနည်းလောက် ငါ့ကို ကျွေးပါလား။ ဆာနေလို့ပါ" ဟု ပြောဆိုလေသည်။

ထိုအခါ မြင်းက –

"မင်းကို လယ်သမားကြီးလာပြီးကျွေးပါလိမ့်မယ်"ဟု ဆိုကာ ငြင်းဆိုလေသည်။


မကြာမီ ခွေးအတစ်ကောင်သည် သူတို့ထံ ရောက်ရှိလာလေသည်။ မြင်းသည် ခွေးအက သူ့ကို တိုက်ခိုက်မည်ကို သိရှိကာ လွန်စွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။

ထို့ကြောင့် မြင်းက ခွေးအား သူ့ကို ကူညီရန် ပြောဆိုလိုက်သည်။ ထိုအခါ ခွေးက "မင်းကို လယ်သမားကြီး လာကူညီလိမ့်မယ်"ဟု ပြန်ပြောလေရာ မြင်းသည် ခွေးကို သူပြောကြားလိုက်သည့် စကားအား ပြန်သတိရသွားကာ သူ့အမှားကို သိရှိသွားလေသည်။

သို့သော် ခွေးသည် မိတ်ဆွေကောင်းပီသစွာ မြင်းကို စိတ်ဆိုးခြင်းမရှိဘဲ ခွေးအကို အားကုန်ထိုးဟောင်လေရာ ခွေးအလည်း နေရာမှ ထွက်ပြေးသွားလေတော့သည်။

**[ 365 Animal Tales စာအုပ်မှ A Friend in Need is a Friend Indeed. ]**

□





www.burmeseclassic.com

www.burmeseclassic.com



## အအေးဒဏ်သက်သာနည်း

တစ်ခါက အလွန်ချမ်းအေးသော ညတစ်ည တွင် မျောက်မိသားစုတစ်စုသည် သစ်ပင်တစ်ပင်ပေါ် တွင်ထိုင်ကာ ခိုက်ခိုက်တုန်အောင် ချမ်းနေကြလေ သည်။

မကြာမီ သူတို့သည် ပိုးစုန်းကြူးအချို့ ဝဲပျံနေ ကြသည်ကို တွေ့မြင်ကြရာ ပိုးစုန်းကြူးများကို မီးပွား များဟု ထင်မှတ်ကာ မျောက်တစ်ကောင်သည် ပိုးစုန်း ကြူးတစ်ကောင်ကို ဖမ်းယူကာ သစ်ရွက်ခြောက်တွင် ထားကာ လေမှုတ်၍ မီးမွှေးလေသည်။

ကျီးက မျောက်၏ မိုက်မဲအသိဉာဏ်နည်းသည့် လုပ်ရပ်ကို ကြည့်နေပြီး –

"အသင် ‥ အသိဉာဏ်နည်းလှချည်လား။ ဒါ မီးအစစ်မဟုတ်ဘူး။ ပိုးစုန်းကြူးအကောင်သာ ဖြစ် တယ်။ အပိုအလုပ်တွေ မလုပ်နဲ့တော့။ သင်အချမ်းသက် သာစေချင်ရင် ဂူထဲမှာ သွားနေပေတော့"ဟု ပြောဆို လေသည်။

မျောက်လည်း ကျီးကန်းအကြံပေးသည့်အတိုင်း အချမ်းလုံစေရန် ဂူထဲသို့ လျင်မြန်စွာ ပြေးဝင်သွားလေ တော့သည်။

**[ 365 Animal Tales စာအုပ်မှ Relief from the Cold. ]**

□



www.burmeseclassic.com

www.burmeseclassic.com

# ယုန်၏ တစ်ပတ်ရိုက်လှည့်စားခံရသော မိကျောင်း

တစ်ခါက မြစ်တစ်ခုတွင် အားခွန်ဗလကြီးမားသော မိကျောင်းများစွာ နေထိုင်ကြလေသည်။ သူတို့သည် ကမ်းခြေတွင် နေထိုင်သော ယုန်ကို စားချင်နေကြသည်။ သို့သော် ယုန်သည် အစဉ်အမြဲ သူတို့ကို တစ်ပတ်ရိုက်လှည့်စားကာ လွတ်မြောက်နေလေသည်။

တစ်နေ့တွင် ယုန်သည် မြစ်တစ်ဖက်ကမ်းတွင် အရည်ရွှမ်းနေသော ဘယ်ရီသီးများကို မြင်တွေ့လေရာ ဘယ်ရီသီးများကို အလွန်ပင် စားချင်နေလေသည်။ ထို့ကြောင့် ဉာဏ်များသည့် ယုန်သည် မိကျောင်းများကို အော်ခေါ်လိုက်ကာ –

"အဆွေတို့ .. တောမြို့သခင် ဘုရင်မင်းကြီးက စားပွဲတစ်ခု ကျင်းပပါ့မယ်။ အဆွေတို့ကို စားပွဲတက်ရောက်ဖို့ ဖိတ်ခိုင်းထားပါတယ်။ အဆွေတို့ ဘယ်နှကောင်ရှိသလဲ သိရအောင် တန်းစီကြပါ။ ဒါမှ ကျွန်ုပ် ဘယ်နှကောင်ရှိတယ်ဆိုတာ ရေတွက်လို့ရမှာပါ"ဟု ပြောဆိုလိုက်လေသည်။

မိကျောင်းတို့လည်း ယုန်ပြောဆိုသည့်အတိုင်း မြစ်ထဲတွင် ကိုယ်ကိုဖော့ကာ တန်းစီနေကြလေသည်။ မိကျောင်းတန်းကြီးသည် တစ်ဖက်ကမ်းစီ ထိရောက်သည့်အထိရှိကာ မြစ်ပေါ်တွင် တံတားကြီးခင်းထားသကဲ့သို့ ရှိနေလေသည်။ ယုန်လည်း မိကျောင်းကျောပေါ်တက်၍ တစ်ကောင်ချင်းရေတွက်ဟန်ပြုကာ တစ်ဖက်ကမ်းသို့ရောက်ရှိသွားပြီး အရည်ရွှမ်းနေသော ဘယ်ရီသီးများကို အားရပါးရ အဝစားလိုက်လေသည်။ ထို့နောက် လာသည့်လမ်းအတိုင်း တံတားသဖွယ် ဖြစ်နေသော မိကျောင်းကျောပေါ်တက်ကာ အေးဆေးစွာ ပြန်လာခဲ့လေသည်။

မိကျောင်းတို့လည်း သူတို့ကို ယုန်သည် တစ်ပတ်ရိုက်လှည့်စားသွားပြန်လေပြီဟု သိရှိသွားကြလေသည်။

**[ 365 Animal Tales စာအုပ်မှ The Hare Outwits the Crocodiles. ]**

❐



www.burmeseclassic.com



# ကြက်ဖနှင့် ကစားစရာလှည်း

တစ်ခါက ကြက်ဖတစ်ကောင်ဖြသည် ယာခင်းထဲတွင် ကလေးကစားစရာ လှည်းရုပ်ကို တွေ့မြင်ရာ စိတ်လှုပ်ရှားသွားလေသည်။ သူက ယာထဲမှ တိရစ္ဆာန်များကို လှည်းကို ဆွဲပေးဖို့ ပြောရာ မည်သူမျှ လှည်းကို ဆွဲရန် သဘောမတူကြပေ။

သို့သော် ကောက်ကျစ်စဉ်းလဲသော ကြောင်နှစ်ကောင်က ကြက်ဖအား သူတို့သည် ကြက်ဖကြီး၏ လှည်းကို ဆွဲပေးမည်ဟု ပြောဆိုကြလေသည်။

ကြက်ဖကြီး၏ မိတ်ဆွေများက –

"ခင်ဗျား သတိထားပါ။ ကြောင်ဆိုတာ ကြက်ဖနဲ့ တည့်တဲ့သူမဟုတ်ဘူး"ဟု ပြောဆိုကြသည်။ သို့သော် ကြက်ဖကြီးက မိတ်ဆွေများ၏ သတိပေးမှုကို မလိုက်နာချေ။

ထိုသို့ဖြင့် ကြောင်နှစ်ကောင်သည် ကြက်ဖကို လှည်းပေါ်တင်ကာ သစ်ပင်ထူထပ်သော တောနက်ကြီးထဲသို့ ဆွဲသွားကြလေသည်။ ထိုအခါ ကြက်ဖကြီးသည် ကြောင်နှစ်ကောင်က သူ့ကို စားလို၍ တောနက်ထဲသို့ ခေါ်ဆောင်လာကြောင်း ရိပ်မိသိရှိသွားလေသည်။

သို့သော် ကြက်ဖကြီးအတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ သူ့မိတ်ဆွေ ကြက်ဖများသည် သူတို့ဆီသို့ ရောက်ရှိလာကြကာ ကြောင်များကို နှုတ်သီးများဖြင့် ဝိုင်းဝန်းထိုးဆိတ်ကြရာ ကြောင်များလည်း အဝေးသို့ ထွက်ပြေးသွားကြလေသည်။

ထိုအချိန်ကျမှ မိုက်မဲလှသည့် ကြက်ဖကြီးသည် နောင်တရရှိသွားကာ နောက်နောင် ကြောင်များကို လုံးဝမယုံကြည်တော့ပေ။

**[ 365 Animal Tales စာအုပ်မှ The Rooster and his Carriage. ]**

**မောင်ခေတ်ထွန်း**

□



www.burmeseclassic.com

www.burmeseclassic.com

# ဝေါဟာရပေါ်ကြွယ် စာလုံးဆက်မယ်

**ခင်လေး-စာတု**

ရတနာပန်းခင်း စာဖတ်ပရိသတ်အတွက် ဒီလတော့ အင်္ဂလိပ်စကားလုံးဆက်တွေ မြင့်မြင့်မားမား တိုးတက်စေဖို့ ရှာဖွေစုစည်းပေးလိုက်ပါတယ်။ တစ်လနဲ့တစ်လ ကြိုးစားဖော်ထုတ် ရေးသားနိုင်ကြမယ်ဆိုတာ ယုံကြည်မျှော်လင့်ထားပါတယ်။ ကြိုးစားပြီး စာလုံးများကို ဆက်ကြည့်ကြစို့နော်။ အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1 C | O 2 | | T 5 | | | | E 8 | | |
| | | | | | | | | | |
| 2 T 1 | | | | | | | | | |
| 3 O | | | | | | | | | S 10 |
| | | | | | 4 C 6 | | | | |
| | | L 4 | | | | | | | |
| 5 E | V 3 | | | | 6 S | P 7 | | A 9 | |
| 7 T | | | | 8 S | | | | | |
| | 9 I | | | | | | | | |
| | D | | | 10 M | | | | | |

**အလျားလိုက်**

1. ကုန်ပစ္စည်းသေတ္တာ
2. လက်ဖက်ရည်ကရား
3. အပေါ်မှာ
4. မော်တော်ကား
5. မကောင်းဆိုးဝါး
6. ပြောသည်
7. လည်းဘဲ
8. ပင်လယ်
9. အထဲမှာ
10. သနားခြင်း

**ဒေါင်လိုက်**

1. သန့်စင်ခန်း
2. မုန့်ဖုတ်စက်
3. ဆိတ်သုဉ်းသော
4. ခြင်္သေ့
5. ယူဆောင်သည်
6. အမှုတွဲ
7. စုံတွဲ
8. တိုးချဲ့သည်
9. လိမ်ကောက်သည်
10. ပိုးထည်


www.burmeseclassic.com

www.burmeseclassic.com

# ကျေးလက်သင်္ကြန်ပွဲ

မောင်ထည်ဝါ(ပျော်ဘွယ်)

- ပိတောက်နှစ်ပင် သောက်ရေစင် တို့ရွာလမ်းအဝင်။
- စိုလွှင်မြဖူး ရွှေရည်လူး မြန်မာ့နှစ်သစ်ကူး။
- ရွာဦးထိပ်က ကျောင်းတော်မှာ သက်ကြီးပူဇော်ကာ။
- စတုဒိသာ ကျွေးမွေးပွဲ လှူတိုင်းလာဝင်နွှဲ။
- အိုးမဲသုတ်လို့ စကြပြီ မျောက်လို ကနိုင်းသည်။
- စည်းချက်ညီညီ တေးဆိုကြ တူးပို့သံပြိုင်က။
- ဟိုရှေးရှေးက ထုံးစဉ်လာ စောင့်ထိန်းတို့ကျေးရွာ။
- မြန်မာပြည့်ရွာ သာစေကြောင်း ဆုမွန်ခြွေဆုတောင်း တာရေသွန်းကာလောင်းတယ်လေး။





www.burmeseclassic.com

www.burmeseclassic.com

# သိပါပြီ

ဇာတ်လမ်းနှင့်သရုပ်ဖော်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


# အဖြေသိကြည့်လိုက်ပါလား

**ဦးဦးပဟေဠိ**

ဟဲလေးတို့ရေ ..

ဉာဏ်စမ်းပဟေဠိ ဖြေဆိုဖို့ရာ အချိန်ကျရောက်လို့လာခဲ့ပြီပဲနော်။ အရင်လတွေတုန်းက အဖြေသိရတာ အဆင်ပြေကြပါရဲ့လား။ တကယ်တော့ ဟောဒီ ကဏ္ဍကလေးဟာ ကလေးတို့မှာ ဗဟုသုတစွမ်းရည် ဘယ်ရွေ့ ဘယ်မျှ ရှိတယ်ဆိုတာကို အကဲစမ်းလိုက်တဲ့ ကဏ္ဍကလေးပါပဲ။ ကျောင်းစာသက်သက်သာမကဘဲ ပြင်ပစာတွေပါ လေ့လာရင် အခက်အခဲမရှိဘဲ ပျော်ရွှင်စွာ ဖြေဆိုနိုင်ကြပါလိမ့်မယ်။

ကိုင်း ... သည်တစ်လအတွက်လည်း ကြိုးစားကြည့်လိုက်ကြပါဦး။



**အလျားလိုက်မေးခွန်း**

၁။ ဣန္ဒြေမရ၊ တည်တည်တံ့တံ့က ဖြစ်မနေခြင်းကို မည်သို့ဆိုနိုင်သနည်း။

၂။ မြတ်စွာဘုရားရှင်၏ ကြီးမြတ်သော တပည့်ကို မည်သို့ခေါ်သနည်း။

၃။ သားစပ်သော ဝက်ထီးကို မည်သို့ခေါ်သနည်း။

၄။ မင်းမိဖုရားတို့၏ အခြွေအရံကို မည်သို့ခေါ်သနည်း။

၅။ မည်သည့် သစ်အတွင်းသို့မဆို ရိုက်သွင်းနိုင်လောက်အောင် အသားမာသည့် အပင်တစ်မျိုး။

၆။ ဦးခေါင်းထက်တွင် ခွေရစ်ထားသော ဆံပင်ကို မည်သို့ခေါ်သနည်း။

၇။ ပြိုင်ပွဲတိုင်း၌ အောင်မြင်ကျော်ကြားသူကို မည်သို့ အမွှမ်းတင်ပြောဆိုကြသနည်း။

www.burmeseclassic.com

၈။ အသားဟင်းလျာတို့၌ ခတ်လေ့ရှိသော အမွှေးအကြိုင်ကို မည်သို့ခေါ်သနည်း။
၉။ ဆူးပုပ်ရွက်နှင့် လိုက်ဖက်သော ပဲအမျိုးအစားတစ်မျိုးမှာ အဘယ်နည်း။
၁၀။ ဓာတ်ကြီးလေးပါးမျှတစေရန် လူနာနှင့် သင့်လျော်အောင် ကျွေးရသည့် အစာကို မည်သို့ခေါ်သနည်း။
၁၁။ ကြက်သွန်ဖြူ၊ ငရုတ်ကောင်းတို့ခတ်လျက် အသုပ်၊ လက်သုပ်စုံတို့နှင့် တွဲဖက်စားသောက်ရသော ဟင်းချို တစ်မျိုးကို မည်သို့ခေါ်သနည်း။
၁၂။ မျိုးရိုးအကျင့်သိက္ခာ ကောင်းမွန်သူအဖြစ် ကြီးကဲသူက ချီးမြှင့်မြှောက်စားခြင်းကို မည်သို့ဆိုသနည်း။
၁၃။ အင်္ကျီစသည်တို့တွင် အစတစ်ခုနှင့်တစ်ခု ဆက်စပ်မိစေရန် တပ်ဆင်အသုံးပြုသောအရာ။
၁၄။ နတ်တို့သုံးဆောင်ရသော အစားအစာကို မည်သို့ဆိုသနည်း။
၁၅။ ဟင်းချက်ရန် အသားငါးတို့ကို မည်သို့ခေါ်သနည်း။
၁၆။ ကောင်းသောဘုံဘဝရောက်ရှိရန် မည်သည့်အမှုကိစ္စများကို ပြုလုပ်ရမည်နည်း။

**ဒေါင်လိုက်မေးခွန်း**

A အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား ႏႈ စသော ရေတွက်ခြင်းအတတ်ကို မည်သို့ခေါ်သနည်း။
B ဘုရားကျောင်းကန်ကို ကာရံထားသော တံတိုင်းအား မည်သို့ခေါ်သနည်း။
C ကာလကြာရှည် မပုပ်မသိုးအောင် စီစဉ်ထားသော စားသောက်ဖွယ်ကို မည်သို့ခေါ်သနည်း။
D မြတ်စွာဘုရားရှင်၏ အဆုံးအမကို မည်သို့ခေါ်သနည်း။
E ရိုးရိုးသားသားမဟုတ်ဘဲ လိမ်လည်လှည့်ဖြားပြုမူခြင်းကို မည်သို့ဆိုနိုင်သနည်း။
F လွန်စွာ ကြည့်ရှု၍ကောင်းသော အကြိတ်အနယ်ပွဲကို မည်သို့ဆိုကြသနည်း။
G မိုးဦးကျတွင် မြေပပ်ကြားအက်များကြားမှ ထွက်လေ့ရှိသော ဖားငယ်ကလေးများကို မည်သို့ခေါ်သနည်း။
I ဟင်းချက်စားရသော အသီးအရွက်အား မည်ကဲ့သို့ ခေါ်သနည်း။
J အကျင့်သီလသိက္ခာတို့နှင့် ပြည့်စုံသောသူကို မည်သို့ခေါ်သနည်း။
K ကောင်းမှုကို ပါဠိဘာသာဖြင့် မည်သို့ခေါ်သနည်း။
L ကဏန်းနှင့် တွဲဖက်စားပါက အဆိပ်ဖြစ်စေသော အရာမှာ အဘယ်နည်း။
M နို့သားနှင့် မတည့်သော အရာမှာ အဘယ်နည်း။

ဦးဦးပဟေဠိ

[အဖြေမှန်များကို စာမျက်နှာ ၁၆၀ တွင် ဖော်ပြထားပါသည်။]

□

**Did you know?**

## ဆန်းဆန်းပြားပြား ပုဆိန်ပစ်ပြိုင်ပွဲကြီး

ပုဆိန်ပစ်ပြိုင်ပွဲမှာ မြားတံကလေးများကို စက်ဝိုင်းပုံ ပစ်မှတ်သို့ ပစ်ပေါက်ကစားနည်းကဲ့သို့ သစ်ခုတ်ရာ၌ အသုံးပြုသော အလွန်လေးလံသည့် အသွားနှစ်ဖက်ပါ ပုဆိန်ကြီးများကို သစ်လုံးတစ်ခု၏ ကန့်လန့်ဖြတ် အပိုင်းပေါ်တွင် ရေးဆွဲထားသော စက်ဝိုင်းပုံစံ ပစ်မှတ်ဆီသို့ ပစ်ပေါက်ကစားနည်းဖြစ်သည်။

၎င်းပြိုင်ပွဲကြီးကို နှစ်စဉ် အော်ရီဂွန်ပြည်နယ်၊ အယ်လ်ဘာနီမြို့၊ တင်ဘားလင်းရေကန်ကြီးအနီးရှိ ရောမကွင်းပြင်ကြီးထဲတွင် နှစ်စဉ် သုံးရက်တိုင်ကျင်းပရာ ပရိသတ်စုစုပေါင်း တစ်သိန်းကျော် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# မြှောက်ပင့်အရိုအသေပေးလွန်းသည့် လူသား

■ ကျော်စည်ငြိမ်း

တစ်ခါက ကမ္ဘာကြီးသည် ရောဂါဘယများ၊ မြေလျှောင်လှုပ်ရှားမှုများ၊ ရေလွှမ်းမိုးမှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ၊ ကြောက်ရွံ့ ထိတ်လန့်ဖွယ် သားရဲတိရစ္ဆာန်များကြောင့် ကြီးမားစွာ ပျက်စီးဆုံးရှုံးခဲ့ရတယ်။ လူတွေ ဒုက္ခရောက်ခဲ့ကြတယ်။

ဒါ့ကြောင့် လူတွေက ဘုရားသခင်ထံ ဆုတောင်းကာ သူတို့ ဒုက္ခကို ကယ်တင်ရန် လူသားနတ်ထိန်းတစ်ဦးကို တောင်းခံလေတယ်။ ဘုရားသခင်လည်း လူတွေကို သနားတာနဲ့ လူသားနတ်ထိန်း divine man တစ်ဦးကို ကမ္ဘာမြေသို့ စေလွှတ်ပေးလိုက်လေတယ်။


လူသားနတ်ထိန်း ရောက်လာတဲ့အတွက် လူတွေလည်း ပျော်ရွှင်ဝမ်းမြောက်သွားကြကာ အရမ်းမြှောက်ပင့် အရိုအသေပေးပြီး လူသားနတ်ထိန်းကို ပန်းကုံးတွေ အားရပါးရ ပိုင်းစွပ်ကြလေတယ်။





www.burmeseclassic.com

www.burmeseclassic.com



လူသားနတ်ထိန်းက တောင်းပန်ကာ "မလုပ်ကြပါနဲ့။ ဒါတွေ ကျွန်ုပ်မလိုအပ်ပါ"လို့ တားလေတယ်။

ဒါပေမယ့် လူသားတွေက လူသားနတ်ထိန်းရဲ့စကားကို နားထောင်တဲ့အခါ အလွန်ပဲ စိတ်လှုပ်ရှားနေကြတယ်။ သူတို့က နတ်ထိန်းကို အဆက်မပြတ် ပန်းကုံးတွေစွပ်ကြတယ်။

နောက်ဆုံးမှာ လူသားနတ်ထိန်းဟာ ပန်းကုံးတွေအောက်မှာ ပန်းတွေပိပြီး သေဆုံးသွားလေတယ်။ လူသားတွေလည်း ဘုရားသခင်ထံ လူသားနတ်ထိန်းတစ်ဦး စေလွှတ်ပေးဖို့ ဆုတောင်း တောင်းဆိုပြန်လေတယ်။ ဘုရားသခင်လည်း လူတွေထံ နတ်ထိန်းတစ်ဦးကို စေလွှတ်ပေးလိုက်ပြန်လေတယ်။ နတ်ထိန်းလည်း ရှေ့နတ်ထိန်းနည်းတူ ကံကြမ္မာဆိုးနဲ့ ရင်ဆိုင်ရပြန်လေတယ်။

လူတွေကလည်း နတ်ထိန်းတစ်ဦး သေဆုံးသွားတိုင်းသွားတိုင်း ဘုရားသခင်ထံ နတ်ထိန်းကို တောင်းခံတာ အကြိမ်ကြိမ်အခါခါပါပဲ။ ဘုရားသခင်က လူတွေထံ နတ်ထိန်းပို့ပေးတိုင်း အရမ်းအရှိအသေပေးလွန်းတာကြောင့် ပို့လိုက်သမျှ နတ်ထိန်းတွေအားလုံး သေဆုံးကုန်ကြတယ်။

နောက်ဆုံး ဘုရားသခင်လည်း လူသားမဟုတ်တဲ့ ကျောက်တုံးနတ်ထိန်းရုပ်ကို လူသားတွေထံ ပေးပို့လိုက်လေတယ်။ လူတွေလည်း လူသားနတ်ထိန်းတွေလို ကျောက်တုံးနတ်ထိန်းကို ပန်းကုံးတွေ ဝိုင်းစွပ်ကြလေတယ်။ ကျောက်တုံးနတ်ထိန်းရုပ်လည်း လူသားနတ်ထိန်းလိုမဟုတ်ဘဲ နေရာမှာပင် မတ်မတ်အနေအထားဖြင့် ရှိနေလေတယ်။

အဲဒီအခါ ဘုရားသခင်က ရယ်မောကာ "ဒီနတ်ထိန်းရုပ်ကပဲ သင်တို့ရဲ့ မိုက်မဲမှုကို ကြံ့ကြံ့ခံနိုင်ပေတယ်"လို့ ပြောကြားလိုက်ပေတယ်။

(ဦးနှောက်မသုံးတဲ့သူကို ဘုရားသခင်ကပင် မကူညီနိုင်ပေ။)

**[ Grandpa's Stories စာအုပ်မှ Oh God! ]**

**ကျော်စည်ငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

[ မှတ်တမ်းပုံပြင်များ-၇၅ ]

# သမင်နှစ်ကောင်

■ မင်းပြဲ့ဟူဒတ်

"စားတော်ကဲအမတ်၏ တင်လျှောက်စကားဆုံးလျှင်ဆုံးချင်း ဘုရင်မင်းမြတ်သည် သလွန်တော်ပေါ်မှ ဆင်းရပ်၏။ သန်လျက်စွဲအမတ်မှာ ဘုရင်မင်းမြတ်၏ ပါးစပ်အလှုပ်ကိုသာ ကြည့်နေရ၏။

"ဥယျာဉ်တော်ကို ကြွမယ် မောင်မင်း"

အမတ်သည် အဆောင်တော်ရှေ့သို့ ပြေးနင့်ရသည်။ သို့မှသာ အဆောင်တော်ပြင်ပသို့ ဘုရင်မင်းမြတ်ရောက်ချိန်တွင် ရထားမှာ ခြေတော်တင်ရန် အသင့်ဖြစ်ပေလိမ့်မည်။

စားတော်ကဲအမတ် တင်လျှောက်သွားသော စကားမှာ အနည်းငယ်သာ ဖြစ်သည်။

"အရှင်မင်းကြီး ဘေးမဲ့ပေးထားတဲ့ သမင်တစ်ကောင်ဟာ စဉ်းတီတုံးပေါ် ရောက်နေပါတယ် ဘုရား"

ဤမျှဖြင့် ဘုရင်မင်းမြတ် ရုတ်တရက် ထဖြစ်ခြင်းမှာ အကြောင်းကို သိလိုသောကြောင့် ဖြစ်၏။

ထိုဘုရင်မှာ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းဖြစ်ပေသည်။ သူသည် သမင်သားပါမှ ပွဲတော်တည်၏။ စားတော်ကဲက "သမင်သားကုန်တော့မယ်ဘုရား"ဟူသော တင်လျှောက်စကား ကြားရလျှင် ချက်ချင်းလေးမြားပြင်သည်။ အမတ်တွေခေါ်ပြီး တောသို့ထွက်သည်။ တောသို့ရောက်လျှင် အနီးအနား ကျေးရွာများမှ ရွာသားများကို ဆင့်ခေါ်ပြီး တောခြောက်ခိုင်းကာ လန့်ဖျပ်ထွက်ပြေးလာသော သမင်ပစ်သည်။

တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ်။ အကြိမ်ပေါင်းများလာသောအခါ ကျေးရွာသားတွေ ညည်းညူလာသည်။ ထွန်ရေးပူချိန်မှန်းမသိ၊ ကောက်စိုက်နေမှန်းမသိ၊ မိန်းမမီးနေမှန်းမသိ။ တစ်အိမ်တစ်ယောက်သာ ဆင့်ခေါ်ရန်သိသောဘုရင်။

ရွာသားတွေ ဆွေးနွေးညှိနှိုင်းပြီး ဘုရင့်ဥယျာဉ်တော်ထဲတွင် နိုင်ခံ့သော ခြံကြီးတစ်ခြံ တည်ဆောက်ကြသည်။ ခြံတံခါးကို ဖွင့်ထားပြီး သမင်တောသို့ဝင်ကြသည်။ ထွက်ပေါက်တစ်ပေါက်တည်းသာ ထားလျက် ဝိုင်းဝန်းခြောက်လှန့်ကြရာ ဥယျာဉ်တော်အတွင်းရှိ ခြံကြီးတစ်ခုလုံး သမင်များဖြင့် ပြည့်သွားလေ၏။

"အရှင်မင်းကြီး စိတ်တိုင်းကျပစ်ခတ်ဖို့ ဥယျာဉ်တော်ထဲမှာ သမင်ခြံ တည်ဆောက်ထားပါတယ်ဘုရား"

ကလန်ကြီးတစ်ယောက်က ဝင်ရောက်လျှောက်ထားရာ ဗြဟ္မဒတ်မင်းသည် ဝမ်းသာနှစ်ခြိုက်စွာ ဝင်ရောက်ကြည့်ရှုသည်တွင် ကြီးမားထွားကျိုင်းသော ရွှေသမင်အထီးနှစ်ကောင်ကို မြင်တော်မူသည်။

"ဟော့‥အဲသည် ရွှေသမင်ထီးနှစ်ကောင်ကို ငါလည်းမပစ်ဘူး၊ တခြားသူလည်း မပစ်ရဘူး"

ဗြဟ္မဒတ်မင်း ဘေးမဲ့ပေးသော ရွှေသမင်နှစ်ကောင်ကား နိဂြောဓ သမင်မင်းနှင့် သာခ သမင်မင်းတို့ဖြစ်ကြ၏။ နှစ်ကောင်လုံးမှာ သမင်ဘုရင်များ ဖြစ်ကြ၏။ သမင်ဘုရင်တစ်ကောင်လျှင် တပည့်တပန်း အခြံအရံ ငါးရာစီရှိ၏။

ဘုရင်မင်းမြတ်သည် သမင်ခြံထဲသို့ ဝင်ရောက်ပြီး စိတ်ကြိုက်တစ်ကောင်ကို ပစ်ခတ်သတ်ဖြတ်၏။ ဘုရင်မင်းမြတ် မအားလပ်လျှင် စားတော်ကဲကို လွှတ်သည်။ စားတော်ကဲကလည်း ပစ်ခတ်သတ်ဖြတ်မှု၌ ဝါသနာထုံသူတစ်ယောက်ကို လွှတ်တတ်သည်။

မည်သို့ပင်ဖြစ်စေ ထိုသူသုံးယောက်မှာ သမင်သွေးစွန်းထင်းနေပြီ။ ထိုသူများသည် မည်မျှပင် ရေဖြင့်ဆေးကြောစေကာမူ အညှီနံ့မပျောက်ပေ။ ထို့ကြောင့် သူတို့အထဲက တစ်ယောက်ယောက်၊ သမင်ခြံထဲသို့ ဝင်လာလျှင် သမင်အပေါင်းမှာ အသတ်ခံရတော့မည်ထင်ပြီး ပြေးလွှားရှောင်တိမ်းရင်း အချင်းချင်းတိုးမိတိုက်မိပြီး အနာတရဖြစ်ကြရသည်။ သို့အတွက် သမင်များ စုပေါင်းပြီး ဆွေးနွေးကြရာ သဘောတူညီမှုတစ်ခု ရကြသည်။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"နိဂြောဓအုပ်စုနှင့် သာခသမင်အုပ်စုမှ တစ်နေ့လျှင်တစ်ကောင်ကျ သတ်မှတ်ထားသော စဉ်းတီတုံးပေါ်သို့ သွားရောက်ကာ အိပ်ပေးလျှင် သမင်အများ ချမ်းသာမည်။ ထို့ကြောင့် နက်ဖြန်မှစတင်ပြီး အလှည့်ကျ အိပ်ပေးရမည်"

ဤစည်းကမ်းအရ စဉ်းတီတုံးပေါ်တွင် အလှည့်ကျ အိပ်ပေးနေကျရာက သာခအုပ်စု၏ အလှည့်တွင် ဘောမွဲ့ ရွှေသမင် နိဂြောဓ အဘယ်ကြောင့် ရောက်နေရသနည်း။ သတ်သူက မသတ်ရဲသဖြင့် ဘုရင်ကို လာရောက်လျှောက်ထားသည့်အတွက် ဘုရင်ကိုယ်တိုင် ထလိုက်လာခြင်း ဖြစ်သည်။

"အို • •သမင်မင်း။ သင့်ကို ဘေးမဲ့ပေးထားပါလျက် မည်သည့်အတွက် စဉ်းတီတုံးပေါ်၌ လာရောက် အိပ်စက်သနည်း"

ဘုရင်က ရထားပေါ်မှ ဆင်းလျှင်ဆင်းချင်း မေးသည်။

"မင်းကြီး • •ကိုယ်ဝန်ရှိသော သမင်မငယ်တစ်ကောင်က ရက်ဆိုင်းပေးပါရန် သူ့သခင် သာခသမင်မင်းထံ သွားရောက်တောင်းပန်သော်လည်း ငြင်းပယ်ခံရသဖြင့် ထိုသမင်မနှင့် သန္ဓေသားတို့ ချမ်းသာရေးအတွက် ကျွန်ုပ် အစားထိုးဝင်ရောက်သည်။ သဘောကျပြုမှုလော့။

"အို••သမင်မင်း။ သင်၏ အပြုအမူကို ကြည်ညို လှသောကြောင့် သင့်ကိုရော သမင်မငယ်ကိုပါ ချမ်းသာ ပေးလိုက်သည်"

"ကြွင်းသော သမင်များကိုလည်း သေစေ သဘောထားသလော"

"ဥယျာဉ်တော်အတွင်းရှိ ကြွင်းသော သမင်များကိုပါ ဘေးမဲ့ပေးပါသည်"

"တောထဲ၌ရှိသော အခြားသမင်များအတွက် အသို့နည်း"

မြဟ္မဒတ်မင်းသည် နိဂြောဓရွှေသမင်ကို ကြည်ညိုကာ ဘေးမဲ့ပေးရာက ရေသတ္တဝါများပါမကျန် သတ္တဝါအားလုံးကို ဘေးမဲ့ပေးလျက် ငါးပါးသီလမြဲသော မင်းဖြစ်သွားလေ၏။ နိဂြောဓ သမင်မင်းလည်း အခြံအရံသမင်များကို ယူပြီး တောထဲသို့ ဝင်သွားတော့၏။

နိဂြောဓသမင်မင်း၏ စောင့်ရှောက်မှုဖြင့် အသက်ရှင်ရသော သမင်မသည် သားငယ်ကို မွေးဖွားပြီး၍ အရွယ်ရောက်ချိန်တွင် ဤသို့ ဆုံးမ၏။

"ချစ်သား••အကျိုးစီးပွားကိုလိုလျှင် နိဂြောဓသမင်မင်းကို ဆည်းကပ်၊ သာခသမင်မင်းကို မဆည်းကပ်နှင့်။ သာခသမင်မင်းထံတွင် အသက်ရှည်စွာနေရခြင်းထက် နိဂြောဓသမင်မင်းထံမှာ သေရခြင်းက မွန်မြတ်၏"

[ မဟာပညာဗလ ပထမကျော် ဦးကြီးဖေ၏ ငါးရာ ငါးဆယ်နိပါတ်တော် စကားပြေ နိဂြောဓမိဂဇာတ်ကို မှီးသည်။ ]

မင်းမြဟ္မဒတ်

□

## Did You know?

## အမြွာပူး မွေးလွန်းသည့် ရှင်မွေးလွန်း

ကမ္ဘာ့စံချိန်တင် အမြွာပူးမွေးလွန်းသည့် ရှင်မွေးလွန်းအမျိုးသမီးမှာ ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့မှ 'မစ္စက် ရှိုစ်ထရမ်ဘလီ'ဆိုသူ အမျိုးသမီးဖြစ်သည်။ သူသည် ခုနစ်နှစ်တာ ကာလအတွင်း အမြွာပူးကလေး ခြောက်ကြိမ်ဆက်တိုက် မွေးခဲ့ခြင်းဖြစ်သည်။ အမြွာပူးတိုင်းသည် ယောကျ်ားကလေးနှင့် မိန်းကလေးတို့ ဖြစ်ကြပြီး ကလေးများအားလုံး ကျန်းမာသန်စွမ်းကြသည်ဟု ဆိုသည်။ ကလေးတစ်ဒါဇင်၏ မိခင်ဖြစ်ချိန်၌ သူ၏အသက်မှာ ၃၁ နှစ်သာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

# တန်ခူးလ

သီဟဇော် (မြစ်ဝကျွန်းပေါ်)

* သားတွေးပျော်ဖို့ အချိန်ခါ
နှစ်ကူး သင်္ကြန်ပါ။

* ရေသီတာနဲ့ လောင်းကာပက်
မွှေးနံ့သာထုံလျက်။

* နှစ်သက်စွဲလမ်း နှစ်ချိုက်ဖွယ်
ဝိတောက်ပွင့်ပါတယ်။

* ရွာအလယ်မှာ ပြုလုပ်မြဲ
စတုဒိသာပွဲ။

* ပျော်ရွှင်နွဲ့ဖို့ တစ်ခုမှာ
ဘေးမဲ့လွှတ်ပွဲပါ။

* မိဿရာသီ ဦးပေမို့
ကံ့ကော်ပွင့်ပန်လို့
အားလုံးပျော်ရွှင်စို့။

□






www.burmeseclassic.com

www.burmeseclassic.com

# လုပ်ကြည့်တော့ လွယ်လွယ်လေး

မှတ်စုမောင်



ကလေးတို့ရေ ..

အလွန် ပူပြင်းတဲ့ နွေရာသီကို ရောက်ပြီပဲနော်။ ရာသီဥတုတွေကလည်း ဖောက်လွဲဖောက်ပြန်နဲ့၊ သဘာဝ ဘေးအန္တရာယ်တွေ ဆိုတာကလည်း ကြောက်မက်ဖွယ် ကောင်းလောက်အောင် ဝန်းရံနေလို့ပါလားကွယ်။

ဟိုး .. အရင်တုန်းကဆိုရင် ဦးဦးတို့ မြန်မာ နိုင်ငံဟာ ကမ္ဘာပေါ်မှာ အလှဆုံးတိုင်းပြည်၊ ကမ္ဘာပေါ်မှာ နေချင်စရာအကောင်းဆုံး တိုင်းပြည်လို့ ဝင့်ကြွား ဂုဏ်ယူနိုင်ခဲ့တာကလား။ ဒါဟာ ဘာကြောင့်လဲဆိုတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကောင်းမွန်ခဲ့လို့ ပဲပေါ့ကွယ်။

ဒါပေမယ့် ခုကာလရောက်ပြန်တော့ လောဘ ဖောတိုက်နေတဲ့ မသမာသူတွေဟာ လုပ်ပိုင်ခွင့်အာဏာ ရှိတဲ့သူတွေနဲ့ ပေါင်းပြီး သဘာဝသယံဇာတ အရင်း အမြစ်တွေဖြစ်တဲ့ အဖိုးတန် သစ်တောတွေကို ပြုန်းတီး အောင် (ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ထားနဲ့) ခုတ်ပစ်ကြတယ်။ အဖိုးတန် တောင်တွေကို လည်း ကြေးနီတို့၊ ရွှေတို့ ထွက်တယ်ဆိုပြီး ဖြိုပစ်ကြ တယ်။ ဖားကန့်လို သဘာဝတွင်းထွက်တွေရှိတဲ့ ဒေသ တွေကိုလည်း အပီစီရောက်အောင် တူးကြပြန်တယ်။ ဒါတင်မက နိုင်ငံရဲ့အသက်သွေးကြောဖြစ်တဲ့ အမိ ရော ဝတီတို့၊ သံလွင်မြစ်တို့ကိုလည်း ချမ်းသာမပေးပြန်ဘူး။ လျှပ်စစ်တွေထုတ်ယူပြန်တယ်။ သည်တော့ ဂေဟာစနစ် တွေ ပျက်ချင်တိုင်း ပျက်စီးပြီး ရာသီဥတုတွေဟာ ကမောက်ကမဖြစ်ကုန်တော့တာပေါ့ကွယ်။

အခုဆိုရင် အယ်လ်နီညိုကြ ခြိမ်းခြောက်နေပြီ။ ရေခတ်တွေ ခန်းခြောက်တာနဲ့အမျှ မီးတွေ ခဏခဏ လောင်တယ်။ ရေတွေကြီးတဲ့နေရာ ကြီးနေကြပြီ။ လူ မသမာတွေကြောင့် ဆိုးကျိုးတွေ ဖြစ်နေရတာပါ။ အဲသည် လူယုတ်မာ စုတ်ပဲ့တဲ့ လူအန္တတွေအတွက် ငရဲတံခါးပွင့်နေတာ သိစေချင်တယ်။

ကဲ .. ဒါတွေ ထားလိုက်ပါတော့ကွယ်။

သည်တစ်လအတွက်တော့ နွေရာသီမှာ ဖြစ် လေ့ဖြစ်ထရှိတတ်တဲ့ သကြားခတ်လျှော့နည်းခြင်း စတဲ့ အသေးစား ပြဿနာလေးတွေကို ဖျော်ရည်အေးအေး လေးနဲ့ ဖြေရှင်းပေးမှာပါ။ ဒါပေမယ့် ဖျော်ရည်ဆိုတိုင်း လည်း မဟုတ်ပါဘူး။ ကျန်းမာရေးကို တကယ်ထမ်း

www.burmeseclassic.com

အထောက်အကူပေးတဲ့ သစ်သီးဖျော်ရည်တွေအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ပြပေးမှာပါ။

## ၁။ ပန်းသီးဖျော်ရည်

ပန်းသီးကို ကလေးတို့ ကြိုက်ကြတယ် မဟုတ်လား။ ပန်းသီးဟာ ဗီတာမင်အေဓာတ်၊ ဘီဓာတ်၊ စီဓာတ်တို့ ကြွယ်ဝပြီး အစာခြေဖျက်မှုစနစ်ကို သန့်စင်စေပါတယ်။ ပန်းသီးကို ဖျော်ရည်သဖွယ်ပြုလုပ်ပြီး နေ့စဉ်ပုံမှန် သောက်သုံးပေးသွားမယ်ဆိုရင် ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်းနဲ့ အသည်းရောဂါတွေအတွက် အများကြီး ကာကွယ်ပေးနိုင်တယ်ဆိုတာပါပဲ။ ကဲ ⋯ ပုံမှန်သောက်ကြကွယ့် ⋯ နော။

## ၂။ ဖရဲသီးဖျော်ရည်

ဖရဲသီးဟာ ရေဓာတ် ၉၀ ရာခိုင်နှုန်းတောင်မှ ပါဝင်တဲ့ အသီးလို့ သုတေသနပညာရှင်တွေက ဆိုကြပါတယ်။ သစ်သီးအားလုံးထဲမှာတော့ ရေဓာတ်အများဆုံး ပါဝင်တဲ့ သစ်သီးပဲပေါ့ကွယ်။

ဖရဲသီးရဲ့ အာနိသင်ဟာ နှလုံးရောဂါ၊ ကင်ဆာရောဂါနဲ့ သွေးတိုးရောဂါတွေကို ကာကွယ်ပေးနိုင်ပါသတဲ့။ ဖရဲသီးဖျော်ရည်ကို ကိုယ်လက်လှုပ်ရှားမှုပြုနေစဉ်မှာလည်း သောက်သုံးပေးနိုင်ပါတယ်။ ပုံမှန် မှီဝဲသုံးဆောင်ပေးသွားမယ်ဆိုရင်ဖြင့် ကြွက်သားနာကျင်မှုတွေ၊ ရောင်ရမ်းတာတွေကို လျှော့ချပေးနိုင်ပါသတဲ့။ ကိုင်း ⋯ ဖရဲသီးဖျော်ရည်ကိုလည်း ပုံမှန်သောက်ပေးသင့်ကြတာပေါ့နော်။

## ၃။ ရှောက်ရည်

ရှောက်ရည်လို့ ဆိုလိုက်တာနဲ့ "အမယ်လေး လေး ⋯ သွားတွေ ကျိန်းလိုက်ပါဘိ"လို့ ညည်းတွားမသွားပါနဲ့ဦး။ တကယ်ဆေးဖက်ဝင်တဲ့ အသီးမို့ ဗဟုသုတအဖြစ် လေ့လာကြည့်လိုက်ကြပါဦး။

ရှောက်သီးမှာ ဗီတာမင်စီဓာတ်၊ ဗီတာမင်ဘီဓာတ်တွေ ပြည့်ဝစွာ ပါဝင်နေတယ်။ အဲသည်ဓာတ်တွေက သွေးကြောတွေနဲ့ ခန္ဓာကိုယ်တွင်းကို သန့်စင်ပေးရုံသာ မကပါဘူး။ အသားအရေကိုပါ ထိန်းသိမ်းပေးပါတယ်။ ရှောက်ရည်ကို ဖျော်ရည်သဖွယ် သောက်ကောင်းအောင် စပ်ဟပ်ပြုပြင်လို့ သုံးဆောင်ပေးသွားမယ်ဆိုရင် အအေးမိခြင်း၊ အဆစ်ရောင်ခြင်းဆိုတဲ့ ရောဂါတွေကို ကာကွယ်ပေးနိုင်ပါသတဲ့။ ဒါ့ကြောင့် ရှောက်ရည်ကိုလည်း လက်မလွှတ်ကြနဲ့ကွယ့်နော်။

## ၄။ ကီဝီသီးဖျော်ရည်

ကီဝီသီးကို ဓာတ်ခွဲကြည့်တဲ့အခါ ဗီတာမင်စီနဲ့ သံဓာတ်တွေ ကြွယ်ဝနေတာ တွေ့ရှိကြရပါသတဲ့။ ကီဝီသီးရဲ့ အမျှင်ဓာတ်တွေဟာ အစာချေဖျက်ခြင်းနဲ့ ဝမ်းချုပ်ခြင်းတို့ကို ကုသဖို့ရာ အင်မတန်ထိရောက်တယ်လို့ သိရပါတယ်။ ဒါ့အပြင် သွေးထဲမှာရှိတဲ့ ကိုလက်စထရောတွေကိုလည်း ဖယ်ရှားပစ်နိုင်တယ်ဆိုတာကြောင့် ကီဝီသီးဖျော်ရည်ဟာ အကျိုးများစေတဲ့ ဖျော်ရည်လို့ သတ်မှတ်ရမှာပေါ့ကွယ်။

## ၅။ စပျစ်သီးဖျော်ရည်

စပျစ်သီးကို ဓာတ်ခွဲကြည့်တဲ့အခါ ဗီတာမင်ဓာတ်တွေအပြင် ကယ်လ်ဆီယမ်ဓာတ်၊ ကြေးနီဓာတ်၊ သံဓာတ်၊ အိုင်အိုဒင်းနဲ့ ပိုတက်ဆီယမ်ဓာတ်တွေ ပါဝင်နေတယ်လို့ သိရပါတယ်။

စပျစ်သီးကို ဖျော်ရည်အဖြစ် သောက်သုံးပေးမယ်ဆိုရင် ဝမ်းချုပ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဂေါက်ရောဂါဖြစ်ခြင်း၊ အဆစ်အမြစ်များ ရောင်ရမ်းခြင်း၊ အသည်းရောဂါဖြစ်ခြင်း၊ သွေးယိုစီးခြင်း၊ အဆုတ်တီဘီရောဂါဖြစ်ခြင်းနဲ့ အမျိုးမျိုးသော ဓာတ်မတည့်ခြင်းရောဂါတွေကို ကာကွယ်ပေးပါသတဲ့လေ။

## ၆။ သင်္ဘောမုန်လာဖျော်ရည်

သကြားမုန်လာဖျော်ရည်ဟာ အသည်းထဲမှာ ခိုအောင်းနေတဲ့ အဆိပ်တွေကို ထုတ်တဲ့နေရာမှာ အင်မတန်မှ အရေးပါပါတယ်။ ဒါပေမယ့်လည်း သကြားမုန်လာဖျော်ရည်ကို အများကြီးသောက်ဖို့တော့ မလိုပါဘူး။ တစ်ပတ်ကို ပမာဏအနည်းငယ်မျှ သောက်သုံးပေးသွားမယ်ဆိုရင်တောင် အာနိသင်ထိရောက်မှု ရှိပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

### ၇။ လိမ္မော်သီးဖျော်ရည်

လိမ္မော်သီးဖျော်ရည်ဟာ ခန္ဓာကိုယ်ကို ဗီတာမင် စီဓာတ် ထောက်ပံ့ရာမှာ များစွာ အထောက်အကူပြုပါတယ်။ နေ့စဉ် လိမ္မော်သီးဖျော်ရည် ၈ အောင်စလောက် သောက်ပေးသွားမယ်ဆိုရင် သွေးပေါင်မြင့်တက်ခြင်းကို လျော့ကျစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို တားဆီးပေးနိုင်တယ်လို့ သိရှိရပါတယ်။

### ၈။ ဘလူးဘယ်ရီသီးဖျော်ရည်

ဘလူးဘယ်ရီသီးဖျော်ရည်ဟာ ဆေးဖက်ဝင်တဲ့ ဖျော်ရည်ပါပဲ။

အဲသည် ဖျော်ရည်ထဲမှာပါဝင်တဲ့ ရောဂါတိုက်ဖျက်တဲ့ ဓာတ်တွေဟာ အယ်ဖိုင်းမားရောဂါနဲ့ အခြားသော စိတ်ပိုင်းဆိုင်ရာ ဝေဒနာတွေကို သက်သာစေပါတယ်။ ဒ့ါအပြင် ဘလူးဘယ်ရီသီးကို စားသုံးပေးခြင်းဖြင့်လည်း ဆီးချို၊ သွေးချိုနဲ့ သွေးတိုးရောဂါတွေကို ကာကွယ်ပေးနိုင်ပါသတဲ့။

### ၉။ ဂရိတ်ဖရုသီးဖျော်ရည်

ဂရိတ်ဖရုသီးဟာ နွေရာသီအတွက် အသင့်လျော်ဆုံး သစ်သီးဖြစ်သလို ဖျော်ရည်လုပ်ပြီး သောက်ပေးရင်လည်း ဗဲရီးဂွဒ်လို့ ထောပနာပြုရမှာပါ။

ဂရိတ်ဖရုသီးဖျော်ရည်ဟာ ရေဓာတ်ကို ဖြည့်တင်းပေးနိုင်တဲ့အပြင် ကိုယ်တွင်းခုခံအားကိုပါ ဖြည့်တင်းပေးတာမို့ သာမန်အအေးမိ ဖျားနာခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ဂရိတ်ဖရုသီးဖျော်ရည်ဟာ ကိုယ်တွင်းသကြားဓာတ်ကို ထိန်းပေးရုံမက ကိုယ်အလေးချိန်ကိုပါ ထိန်းပေးပါသတဲ့။

### ၁၀။ သလဲသီးဖျော်ရည်

သလဲသီးဖျော်ရည်မှာ ဗီတာမင် E နဲ့ C ဓာတ်တို့ ပါဝင်ပါတယ်။ အဲဒါကြောင့် အရေးအကြောင်းဖြစ်ခြင်းကို ကာကွယ်ပေးပါတယ်။ နေလောင်ခြင်းကို သက်သာစေရုံမက ရောင်ရမ်းမှုတွေကို လျော့ချပြီး ရင်သားကင်ဆာဖြစ်ပွားစေတတ်တဲ့ အင်ဖိုင်းတွေကိုလည်း တားဆီးထားပါတယ်။

ကိုင်း ... နှစ်သက်ရာဖျော်ရည်တွေ သောက်ကြပေတော့။

သည်တစ်လတော့ သည်မျှပါပဲကွယ်။ နောက်လတွေရောက်ရင်လည်း ကလေးတို့အတွက် ဗဟုသုတဖြစ်စရာတွေကို ရှာဖွေတင်ပြပါဦးမယ်။

ဦးဦး

မှတ်စုမောင်

□

## Did You know

### နာနတ်သီးကို စတင်တွေ့ရှိသူ

စူးစမ်းရှာဖွေရေးသမား ကိုလံဘတ် Columbus သည် ၁၄၉၃ ခုနှစ်၌ ဂွါဒါဒီလုတ် Guadeloupe တွင် နာနတ်သီးကို စတင်တွေ့ရှိခဲ့လေသည်။

### စွယ်စုံကျမ်းထုတ်ဝေသည့်နိုင်ငံ

Encylopedia Britannica ကို ပြုစုထုတ်ဝေသည့် နိုင်ငံသည် အမေရိကန်နိုင်ငံ ဖြစ်သည်။

[ The Quiz - Setter's Quiz Book စာအုပ်မှ ..]



www.burmeseclassic.com

www.burmeseclassic.com

■ ဦး ဦး ကျော်

# ESSAY WRITING

**Outlines**

1. What is a hobby
2. Good sides of hobby
3. Your favourite hobby
4. Why it is your favourite hobby
5. What is teaches me

## My Hobby

A hobby is any activity a person to do in his spare time. As it is commonly said, 'An idle mind is a devil's workship', so those who get busy in their favourite activiy never get bored in their free time. Hobbies vary from person to person. Hobbies are of different, they kinds, they can be indoors or outdoors. Some are costly and some are cheap.

My favourite hobby is coin and currency collection. It started for me some years back when my father used to come back from his foreign tours and give me coins of different countries. I started collecting them in my money box and after that I always used to wait for my new coins as much I used to wait for my father. Since then, it has become my favourite hobby. This hobby has given me information about different countries of the world. I have got to know about important personalities of the different countries. This hobby has made me responsible to take care of important things at very young age. I feel extreme pleasure in showing my collection to others.

It has also taught me this lesson that a lefe without a hobby is just like food without salt.

### Glossary

1. A hobby is any activity a person to do in his spare time. = ဝါသနာဆိုသည်မှာ လူတစ်ယောက်က သူ၏ အားလပ်ချိန်တွင် သူနှစ်သက်တာကို ပြုလုပ်သည့် အလုပ်တစ်ခုခု ဖြစ်သည်။
2. As it is commonly said, 'An idle mind is a devil's workship'. = "အချိန်ဖြုန်းနေတဲ့စိတ်ဟာ နတ်ဆိုးရဲ့ အလုပ်ရုံတစ်ခုပဲ ဖြစ်တယ်"ဆိုတဲ့ အများပြောနေကျ စကားရှိသကဲ့သို့။
3. so those who get busy in their favourite activiy never get bored in their free time. = မိမိနှစ်သက်ရာအလုပ်တစ်ခုခုမှာ အလုပ်များနေတဲ့သူတွေဟာလည်း သူတို့ရဲ့အားလပ်ချိန်မှာ မည်သည့်အခါမျှ မပျင်းရိကြပါဘူး။
4. Hobbies vary from person to person. = ဝါသနာများသည် လူတစ်ယောက်နှင့်တစ်ယောက် မတူညီကြပါ။
5. Hobbies are of different, they kinds, they can be indoors or outdoors. = ဝါသနာများသည် အမျိုးမျိုးအစားစားရှိသည်။ အိမ်တွင်းမှာ ဖြစ်နိုင်သလို အိမ်ပြင်မှာလည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

6. Some are costly and some are cheap. = တချို့မှာ ကုန်ကျစရိတ်များပြီး တချို့မှာ ကုန်ကျစရိတ်သက်သာပါသည်။
7. My favourite hobby is coin and currency collection.= ကျွန်တော်အနှစ်သက်ဆုံးဝါသနာမှာ ငွေဒင်္ဂါးပြားနှင့် ငွေစက္ကူတို့ကို စုဆောင်းခြင်းဖြစ်သည်။
8. It started for me some years back when my father used to come back from his foreign tours and give me coins of different countries. = ယင်းဝါသနာစတင်ခဲ့ပုံမှာ လွန်ခဲ့သောနှစ်များက ဖြစ်ပြီး ထိုအချိန်က ကျွန်တော်၏ဖခင်မှာ နိုင်ငံခြားခရီး လှည့်လည်သွားလာရာမှပြန်လာပြီး ကျွန်တော့်အား နိုင်ငံအမျိုးမျိုးမှ ငွေဒင်္ဂါးပြားများကို ပေးရာမှ စခဲ့ပါသည်။
9. I started collecting them in my money box. = ကျွန်တော်သည် ကျွန်တော်၏ ပိုက်ဆံသေတ္တာထဲတွင် ၎င်းတို့ကို စတင်စုဆောင်းခဲ့၏။
10. after that I always used to wait for my new coins as much I used to wait for my father. = ထို့နောက်ပိုင်းတွင် ကျွန်တော်သည် ဖခင်ပြန်အလာကို မျှော်လင့်ခဲ့သလို ငွေဒင်္ဂါးအသစ်များကိုလည်း အမြဲတမ်းမျှော်လင့်စောင့်စားခဲ့ပါသည်။
11. This hobby has given me information about different countries of the world. = ယင်းဝါသနာက ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးနှင့် ပတ်သက်သည့် သတင်းအကြောင်းအရာကို ကျွန်တော့်အား ပေးပါသည်။
12. I have got to know about important personalities of the different countries. = နိုင်ငံအသီးသီး၏ အရေးပါသော ထူးခြားသည့် စရိုက်လက္ခဏာများကိုလည်း သိရပါသည်။
13. This hobby has made me responsible to take care of important things at very young age. = ယင်းဝါသနာက အသက်ငယ်ရွယ်စဉ်ကပင် အရေးကြီးသောအရာများကို သတိထားပြီး တာဝန်ယူတတ်စေပါသည်။
14. I feel extreme pleasure in showing my collection to others. = ကျွန်တော်စုဆောင်းထားသမျှကို တခြားလူများကို ပြခြင်းဖြင့် စိတ်သာယာပျော်ရွှင်မှုကို အလွန်အကျူးခံစားရပါသည်။
15. It has also taught me this lesson that a lefe without a hobby is just like food without salt. = ၎င်းက ဝါသနာကင်းမဲ့သော ဘဝသည် ဆားမပါသော အစားအစာနှင့် တူသည်ဟူသော သင်ခန်းစာကိုလည်း ကျွန်တော့်အားပေးပါသည်။

**ဦးဦးကျော်**

## Did You know?

### မျက်မှန်

လူတို့သည် မျက်မှန်များကို ၁၃ ရာစုနှစ်ကပင် စတင်သုံးစွဲခဲ့ကြသည်။ ထို့ထက်စော၍ကား လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ခန့်က တရုတ်လူမျိုးတို့သည် ကိုင်းများဖြင့် တပ်ဆင်သော မျက်မှန်များကို သုံးစွဲနေကြပေပြီ။ ထိုအချိန်က ရောမနိုင်ငံ ဘုရင်နီရိုးတွင် အစိမ်းရောင်ရှိသော ဇာရဲလ် ခေါ် ကျောက်မျက်ရွဲတပ်ထားသည့် မျက်မှန်ရှိသည်ဟု ဆိုသည်။

[ How, A general knowledge Question and Answer Book မှ • • ]



www.burmeseclassic.com

www.burmeseclassic.com

[ ပင်ကိုရေးပုံပြင် ]

# အုပ်ထိန်းမှုရဲ့ အောက်မှာ

■ သျှက်ပြုံး(မြန်မာစာ)

ကလေးတို့ရေ ..

ဟိုးရှေးရှေးတုန်းကပေါ့။ မြို့ရွာနဲ့ မနီးမဝေး တောအုပ်ထဲက ချုံနွယ်တွေပိတ်နေတဲ့ နေရာမှာ သမင်မိသားစုလေးဦး နေထိုင်ကြတယ်ပေါ့။

သူတို့မိသားစုနဲ့ အိမ်နီးချင်းမိသားစုတွေဟာ မြစ်ကမ်းနားတစ်လျှောက်မှာရှိတဲ့ မြက်ပင်လေးတွေနဲ့ သစ်ဥ၊ သစ်ဖုလေးတွေကို ရှာဖွေစားသောက်နေထိုင်ကြတယ်ကွယ့်။

သူတို့မိသားစုဟာ စည်းစည်းလုံးလုံးနဲ့ ရှာဖွေစားသောက်ကြတော့လည်း စိတ်ချမ်းသာစရာ ကောင်းနေတာပေါ့ကွယ်။ အရွယ်မရောက်သေးတဲ့ သမင်ထီးလေးနှစ်ကောင်ကိုတော့ သူတို့မိဘများက အမြဲတမ်း ဆုံးမသွန်သင်ပေးကြသတဲ့။

"သားရေ .. ရေကူးတာ ကြည့်ကူးနော်။ အမေတို့နေရာဝန်းကျင်နဲ့ ဝေးဝေးမကူးရဘူးသိလား။ သားတို့ကို အမြဲတမ်းချောင်းနေတဲ့ ကျားတွေ၊ ခြင်္သေ့တွေ၊ မုဆိုးတွေနဲ့ တွေ့မှာစိုးတယ်"

"ဟုတ်ကဲ့ပါ မေမေ။ သားတို့ ရေကူးကျွမ်းကျင်တာ သူတို့မသိပါဘူး"

အဲဒီလို သူ့အမေက ဆုံးမတိုင်း သူ့ကိုယ်သူ အထင်ကြီးပြီး စိတ်ကြီးဝင်နေတာပါပဲကွယ်။ မိဘစကားလည်း နားထောင်တယ်မရှိလှပါဘူး။

ဖခင်လုပ်တဲ့ သမင်ကြီးက သားတွေကို အန္တရာယ်က ကာကွယ်နိုင်အောင် ဦးချိုတွေရဲ့ သန်မာခိုင်ခံ့မှုနဲ့ ကြံ့ခိုင်မှုကို လေ့ကျင့်တဲ့အနေနဲ့ ချိုတွေနဲ့ခုခံပုံ၊ ထိုးနှက်ပုံတွေကို ညနေတိုင်း မြက်ခင်းပြင်ကြီးထဲမှာ သင်ပေးသတဲ့။

မိခင်သမင်မကြီးက လမ်းအစာရှာတဲ့နေရာမှာဖြစ်ဖြစ်၊ ရေကူးသွားရတဲ့နေရာတွေဖြစ်ဖြစ် အုပ်စုမကွဲရအောင် သတိ၊ ဝီရိယနဲ့ သွားလာတတ်ဖို့ အထပ်ထပ်သွန်သင်မှာကြားသတဲ့ကွယ်။

တစ်နေ့မှာ သမင်ထီးလေးနှစ်ကောင်ဟာ သူတို့မိသားစုနဲ့အတူ အစာရှာထွက်ရာကနေ မြစ်ချောင်းနားအရောက် တောလိုက်မုဆိုးတွေနဲ့တွေ့လို့ ကြောက်လန့်တကြား ထွက်ပြေးလိုက်တာ မိဘတွေနဲ့ ကွဲသွားပါလေရောကွယ်။

တဖြည်းဖြည်းပြေးရင်းနဲ့ တောနက်ထဲကိုရောက်သွားသတဲ့။ သူတို့မိဘတွေကိုလည်း ရှာဖွေရင်း၊ နေရင်းအရပ်ကိုလည်း ပြန်မရောက်နဲ့ အန္တရာယ်ကြားထဲရောက်နေသလို ကြောက်လန့်နေကြတာပေါ့။

အဲဒီအချိန်မှာ မိဘတွေကို သတိရနေကြတာပေါ့။ ဒီအချိန် သူတို့မိဘတွေ ဘယ်လိုစိတ်ပူနေမလဲဆိုတာ ဇွေးရင်း စိတ်မကောင်းဖြစ်နေကြတယ်လေ။ ဒါပေမယ့် အသက်အန္တရာယ်ကိုပဲ ကာကွယ်ရတော့မှာမို့ ချုံထဲမှာပဲ ပုန်းကွယ်နေကြတယ်ကွယ့်။ နေ့ဘက်မှာရန်သူတွေနဲ့ တွေ့တတ်လို့ ညဘက်ရောက်မှ သူတို့နေခဲ့တဲ့နေရာကို မှန်းဆပြီး ရှာဖွေရတော့မှာ ဖြစ်တယ်ကွယ့်။

ကလေးတို့ရေ .. သမင်အကြီးလေးကတော့ "မိဘတွေနဲ့ဝေးသွားလည်း ဘာဖြစ်လဲ။ သူတို့ရဲ့ ဆုံးမသွန်သင်မှုအောက်မှာနေရတာ မလွတ်လပ်ဘူး။ အခုလိုနေရတာ ပိုတောင်ကောင်းသေးတယ်။ ငါတို့အမျိုးတွေဖြစ်တဲ့ ဒရယ်တို့၊ ဆတ်တို့နဲ့တွေ့တော့ သူတို့နောက်လိုက်သွားရုံပဲ မဟုတ်လား"လို့ သူ့ရဲ့ညီလေးကို ပြောလိုက်တော့ ညီငယ်ဖြစ်တဲ့သမင်က သိပ်ကြောက်တတ်တာဆိုတော့ မိဘစကားနားမထောင်ဘဲ အမြဲတမ်း ဂျစ်ကန်ကန် တဖွတ်ထိုးလုပ်တတ်တဲ့အကျင့်ရှိတဲ့ သူ့အစ်ကိုသမင်ကိုကြည့်ပြီး မျက်နှာငယ်နဲ့ သူ့အစ်ကိုသမင်နောက်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကနေ ကုပ်ကုပ်ကလေး လိုက်နေရတာပေါ့။

အဲဒီလို တောထဲမှာ မျက်စိလည်လမ်းမှားနေတုန်း သူတို့ရောက်နေတဲ့တောရဲ့ တောင်ကြောထဲမှာတော့ မြေတွင်းယက်ပြီး အခိုင်အမာတစ်စွဲနေတဲ့ ဝံပုလွေတွေရှိသတဲ့။

သူတို့ သမင်ညီအစ်ကိုဟာ နေ့ဘက်မှာ တုပ်တုပ်မှမလှုပ်ရဲသလောက် ညဘက်မှာတော့ အနံ့ခံပြီး သူတို့နေတဲ့ နေရင်းဒေသကို စမ်းတဝါးဝါး လိုက်ရှာနေတာပေါ့ကွယ်။ ညဘက်ဆိုပေမယ့်လည်း ကျားတို့၊ ခြင်္သေ့တို့ကိုလည်း ရှောင်ကွင်းပုန်းအောင်းနေရသေးတာပေါ့ကွယ်။

အဲဒီလို တစ်ရက်၊ နှစ်ရက်လောက်ကြာလေတော့ ညီဖြစ်သူ သမင်ဟာ –

"အစ်ကိုကြီးရေ .. ညီလေးတို့ ဒီလိုသားရဲတွေပေါတဲ့နေရာကနေ ညီလေးတို့ အဖေ၊ အမေတွေဆီ ဘယ်လိုပြန်ရောက်ပါ့မလဲ။ ရန်သူတွေလာရင်လည်း ညီလေးတို့နှစ်ယောက် သေမှာပဲ။ အဖေ၊ အမေတို့နဲ့နေတုန်းက အုပ်စုတောင့်လို့ ရန်သူတွေလာရင်တောင် ဝိုင်းပြီး ချိုတွေနဲ့လိုက်ဝှေ့လို့ ပြေးကြတာ ဘယ်ရန်သူမှ မကပ်နိုင်ဘူး။ အခုတော့ ဒုက္ခလှလှတွေ့ပါပြီ အစ်ကိုကြီးရာ"

ညီဖြစ်တဲ့ သမင်းလေးဟာ ချုံထဲက ဘယ်မှ မထွက်ရဲလို့ အစာရေစာလည်း ပြတ်နေပြီလေ။ အစ်ကိုဖြစ်တဲ့သူကတော့ ရန်သူတွေရဲ့အသံကို နားစွင့်ရင်း ရသမျှ သစ်ရွက်၊ သစ်ခက်အနုတွေ ခူးစားနေတာပေါ့။ စမ်းချောင်းထဲကိုလည်း အရဲစွန့်ပြီး ရေသွားသွားသောက်တတ်သေးတယ်ကွယ့်။

"လာပါ ညီလေးရာ။ အစ်ကိုကြီးရှိပါတယ်။ ဒီတစ်ခါ စမ်းချောင်းဘက်ကနေ ရေကူးပြီး တစ်ဖက်တောစပ်ကို ပြေးကြတာပေါ့။ အဲဒီရောက်ရင် တို့နေတဲ့နေရာကို ရောက်ဖို့နီးသွားပြီ"

သူ့အစ်ကိုက ပြောပြောဆိုဆို ညီလေးကိုခေါ်ပြီး စမ်းချောင်းဘက် ဆင်းလာခဲ့ကြတယ်။ အဲဒီအချိန်မှာ သေနတ်သံတစ်ချက် ကြားလိုက်လို့ မုဆိုးတွေနဲ့တွေ့ရင်လည်း အသက်ပါတော့မှာတွေးမိပြီး ရေကူးပြေးကြပြန်တယ်။ ရေကူးကျွမ်းကျင်လို့ တော်သေးတာပေါ့ကွယ်။ ချောချောမောမောပဲ တစ်ဖက်ကမ်းကို ရောက်သွားတော့သတဲ့။

"အမယ်လေးညီလေးရာ တော်ပါသေးရဲ့။ အဲဒီဘက်ရောက်ရင် မကြောက်ရတော့ပါဘူးကွာ။ တို့တစ်တွေကို လိုက်ရှာနေတဲ့ အဖေ၊ အမေတို့နဲ့ တွေ့ရတော့မှာပါ။ ညီလေးပြောတာမှန်တယ်။ အစ်ကိုကြီးတို့ဟာ လွတ်လွတ်လပ်လပ် မနေသင့်ဘူးဆိုတာပေါ့။ အရေးကြီးရင် သွေးစည်းရမယ်ဆိုတာ မှန်တယ်။ စည်းလုံးမှုရှိမှလည်း ရန်သူတွေ မကပ်နိုင်မှာနော်။ အစ်ကိုကြီးရဲ့ ဖွတ်တရွတ်နိုင်မှုကိုလည်း ရှောင်ပါတော့မယ်ကွာ။ ညီလေးလည်း တော်တော်ပင်ပန်းသွားပြီ"

"ဟော .. ပြောရင်းဆိုရင်း ဟိုမှာအမေတို့"

"လာ .. လာ ညီလေးရေ သွားကြမယ်"


သူတို့ညီအစ်ကိုနှစ်ယောက် နောင်တကြီးစွာရသွားပြီး သူတို့ရဲ့မိဘများဆီ ပျော်ရွှင်စွာနဲ့ ပြေးသွားကြပါတော့တယ်။

ကဲ .. ကလေးတို့ရေ လောကမှာ ပညာအသိဉာဏ် မကြွယ်ဝသေးဘဲ မိဘများရဲ့ အုပ်ထိန်းမှုအောက်ကနေ လွတ်လပ်မှုမရှာကြနဲ့နော်။ နောက်တစ်ခုက နွားကွဲရင် ကျားဆွဲမယ်ဆိုတဲ့ သတိနဲ့ အမြဲတမ်း စည်းလုံးညီညွတ်မှုစိတ်ဓာတ် ထားနိုင်ကြပါစေကွယ်။

ကလေးတို့ ကျန်းမာရွှင်လန်းကြပါစေ။

သျှက်ပြုံး(မြန်မာစာ)

□



www.burmeseclassic.com

[ အင်္ဂလိပ် – မြန်မာ ]

# ဗိုလ်ချုပ်အောင်ဆန်း ၏ လွတ်လပ်ရေးကြိုးပမ်းမှုရက်စဉ်မှတ်တမ်း

မောင်ခေတ်ထွန်း

Translated by Kyaw Myint

*အာဏာမမက်၊ ကိုယ်ကျိုးမရှာ အတ္တကင်းမဲ့၊ ပရစိတ်ထား အပြည့်ရှိသူ၊ အမှန်တရားကို ချစ်မြတ်နိုး၍ ဦးထိပ်ပန်ဆင်ကာ အမှန်တရားဘက်က ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့သူ၊ တိုင်းပြည်လွတ်လပ်ရေးရပါက စာရေးခြင်း အလုပ်ဖြင့်သာ ငြိမ်းချမ်းရိုးကုပ်စွာ နေထိုင်လိုသူ .. စသည် စသည်ဖြင့် ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်ကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် အံ့မခန်းဖွယ် ဂုဏ်ပုဒ်အဖုံဖုံကို ဖွေးဖွားခဲ့သည့်မှ ကွယ်လွန်သည်အထိ ဖြစ်စဉ် မှတ်တမ်းများကို အနာဂတ်မျိုးဆက် လူငယ်များ အားကျဂုဏ်ယူဖွယ်ဖြစ်စေရန်နှင့် ကိုးကားစရာ စာအုပ်အဖြစ် ကျန်ရစ်စေရန် စာအုပ်စာတမ်းပေါင်းများစွာကို မှီငြမ်းပြုစု ရေးသားထားသည်။*



**၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်။**

တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ကြီးမှူးကျင်းပသော စကားရည်လုပွဲ၌ သဘာပတိ ကိုနု (တသက ဥက္ကဋ္ဌ)က 'ကျောင်းအုပ်ကြီးသည် ကျောင်းသားများ၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ဝင်ရောက်စွက်ဖက်နေကြောင်း။ ကျောင်းသားများ၏ ကျွန်စိတ်မွေးမှုနှင့် ကြောက်စိတ်များကို ပယ်ဖျောက်ပစ်သင့်ကြောင်း' စသည်ဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးအာဏာပိုင်များ၏ အပြစ်နှင့် ချို့ယွင်းချက်များကို ဝေဖန်ပြောဆိုသည်။

**၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီ။**

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှ 'အိုးဝေ'မဂ္ဂဇင်း အတွဲ ၅၊ အမှတ် ၁ (၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ)ကို ထုတ်ဝေသည်။ မဂ္ဂဇင်းတွင် ကျောင်းအုပ်မစ္စတာဒီဂျေစလော့ဒ်နှင့် ကပ်ကာ မျိုးချစ်ကျောင်းသားများကို အထူး ချောက်တွန်းနေသော ဆရာတစ်ဦးအား ငရဲခွေးနှင့် နှိုင်းကာ ညိုမြ ခေါ် ကိုသိန်းတင်၏ ယမင်း

www.burmeseclassic.com

ကလောင်အမည် ဖြင့် အိုးဝေမဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ရေး သားခဲ့သော 'Hell-Hound At Large (ငရဲခွေးကြီး လွတ်နေပြီ)' ဆောင်းပါးကို ထည့် ပေးခဲ့ သည်။ ထို ဆောင်းပါးသည် တက္ကသိုလ်အာဏာပိုင်များကို ပုတ်ခတ် ထားသော ဆောင်းပါးဖြစ်ရာ မစ္စတာစလော့ဒ်က အယ်ဒီတာ ကိုအောင်ဆန်းကို ဆောင်းပါးရေးသူကို ဖော်ထုတ်ပေးရန် တောင်းဆိုသည်။ ဖော်ထုတ်မပေးပါက ကျောင်းထုတ်ခံရမည်ဟု ဆိုသည်။

သို့ရာတွင် ချော့၍လည်းမရ၊ ခြောက်၍လည်း မကြောက်တတ်သော ကိုအောင်ဆန်းက တက္ကသိုလ် အာဏာပိုင်အဖွဲ့ဝင် လူကြီးများအား 'Journalistic etiquette prevents me from revealing the name of the author. (အယ်ဒီတာတို့မည်သည် ဆောင်းပါးရှင်တို့၏အမည်ကို ထုတ်ဖော်ပြောဆိုရိုး ထုံးစံမရှိ။)'ဟု ဆိုကာ ဆောင်းပါးရေးသူ၏ အမည်ကို ဖော်ပြရန် ငြင်းဆိုခဲ့သည်။

တက္ကသိုလ်အာဏာပိုင်များသည် 'ငရဲခွေးကြီး လွတ်နေပြီ' ဆောင်းပါးရေးသူ၏ အမည်မှာ ကိုညီမြ ဖြစ်ကြောင်း သိထားပြီးဖြစ်သော်လည်း အိုးဝေအယ်ဒီတာဖြစ်သော ကိုအောင်ဆန်း၏ တရားဝင် ထုတ်ဖော်မှုကို လိုလား၍ ကိုအောင်ဆန်းအား ခေါ်၍မေးခြင်းဖြစ်သည်။

**၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်။**

သမဂ္ဂ ဥက္ကဋ္ဌ ကိုနု၏ မိန့်ခွန်းကြောင့် ကိုနုအား ကျောင်းထုတ်လိုက်သည့်အကြောင်း ကျောင်းအုပ်ကြီး မစ္စတာ စလော့ဒ်က ကိုနုထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့သည်။

**၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်။**

တက္ကသိုလ်ကျောင်းသားသမဂ္ဂ အမှုဆောင် အစည်းအဝေးကို ကျင်းပကာ ဥက္ကဋ္ဌကိုနု ကျောင်းထုတ်လိုက်ခြင်းကို အဓိကထား ဆွေးနွေးကြသည်။ ကိုနုကို ကျောင်းထုတ်လိုက်ခြင်းသည် ကိုနုတစ်ဦးတည်းနှင့်သာ ဆိုင်သည်မဟုတ်။ သမဂ္ဂအမှုဆောင် တစ်ဖွဲ့လုံးနှင့် ကျောင်းသားအားလုံး၏ ကိစ္စဖြစ်၍ သမဂ္ဂအမှုဆောင် အဖွဲ့များသည် ကိုနုအား စာနာသည့်သဘောဖြင့် ကျောင်းကို ကိုယ်ချင်းစာ သပိတ် (Sympathetic Strike) မှောက်မည်ဟု သမဂ္ဂအမှုဆောင် ကိုထွန်းအုံ ကတင်ပြရာ သမဂ္ဂအတွင်းရေးမှူး ကိုသိဟန်က ထောက်ခံသည်။

**၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်။**

မြန်မာသတင်းစာများ၌ ကိုနုကို ကျောင်းထုတ်လိုက်သည့်အကြောင်း စာလုံးမည်းကြီးနှင့် ပါလာသော အခါ ကျောင်းသားများ သပိတ်မှောက်ရန် ပြင်ဆင်လာကြသည်။

**၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်။**

မကျေနပ်မှု၊ နှစ်နာမှုတို့ဖြင့် ရင်ဆိုင်နေကြသော ကျောင်းသားများသည် တက္ကသိုလ်သမဂ္ဂသို့ စုရုံးလာရောက်၍ ရန်ကုန်တက္ကသိုလ်ကျောင်းသားထု အစည်းအဝေးကျင်းပသည်။ သမဂ္ဂခန်းမဆောင်ကြီး တစ်ခုလုံးနှင့် အပြင်ဘက်တွင်ပါ ကျောင်းသားများဖြင့် ပြည့်လျှံသွားသည်။ ကိုနုနှင့် မစ္စတာရာရှစ်တို့က ကျောင်းသားထုအား အခြေအနေကို ရှင်းလင်းပြောကြားကာ ကိုအောင်ဆန်းက အင်္ဂလိပ်ဘာသာဖြင့် သွက်သွက်လက်လက်၊ ထိထိမိမိ ဟောပြောသည်။ သမဂ္ဂဥက္ကဋ္ဌနှင့် ခေါင်းဆောင်အချို့သည် မိမိတို့ အမှုဆောင်များက စာမေးပွဲကို သပိတ်မှောက်မည်ဟု ဆုံးဖြတ်ထားကြသော်လည်း ကျောင်းသားထု၏ စိတ်ဓာတ်သည် တက်ကြွထက်သန်နေသဖြင့် ထိုနေ့ ညနေတွင် တက္ကသိုလ်ကို သပိတ်မှောက်လိုက်ကြသည်။ ကျောင်းသား၊ ကျောင်းသူပေါင်း ၇၀၀ ကျော် သပိတ်မှောက်သည်။ ရွှေတိဂုံဘုရားသို့ချီတက်ကြကာ သပိတ်စခန်းဖွင့်လိုက်ကြသည်။

**၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်။**

တက္ကသိုလ်သပိတ်ကြီးသည် မြန်မာတစ်ပြည်လုံးရှိ ကျောင်းသားများသို့ ပျံ့နှံ့သွားကာ ရန်ကုန်မြို့နှင့်တကွ နယ်ရှိ အစိုးရတန်းမြင့်ကျောင်းများကပါ ဝိုင်း၍ သပိတ်မှောက်ကြသည်။ ပြင်ပ မျိုးချစ်ပုဂ္ဂိုလ်များနှင့် အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com

သတင်းစာများကလည်း သပိတ်ကို အားပေးကြသည်။

ကိုအောင်ဆန်းနှင့် သခင်လေးမောင် အပါအဝင် သပိတ်မှောက်ကောင်စီက အချက် ၁၀ ချက်ပါသော ကျောင်းသားတို့၏ တောင်းဆိုချက်ကို ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးရုံးသို့ ပို့သည်။ အဆိုပါ တောင်းဆိုချက်များ မရမချင်း သပိတ်မှောက်၍နေကြရန် ဆုံးဖြတ်သည်။

ထိုကဲ့သို့ ကျောင်းသားများ ညီညွတ်စွာ သပိတ်မှောက်ခြင်းကြောင့် သပိတ်ကိစ္စစုံစမ်းရန် ကော်မတီခန့်၍ စုံစမ်းခြင်း၊ တက္ကသိုလ်ဥပဒေကို ပြင်ဆင်ရန် ကော်မတီဖွဲ့စည်းခန့်ထားခြင်းဖြင့် ပညာရေးဝန်ကြီးဒေါက်တာဘမော်က ကျောင်းသားသပိတ်ခေါင်းဆောင်များနှင့် အကြိမ်ကြိမ်တွေ့ဆုံ၍ ကျေနပ်အောင် ရှက်ဆောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင်သာမက တစ်နိုင်ငံလုံးတွင်လည်း သပိတ်တိုက်ပွဲများ ဆင်နွှဲခဲ့သဖြင့် အာဏာပိုင်များက စာမေးပွဲကို ရွှေ့ဆိုင်းလိုက်ပြီး ကိုနုနှင့် ကိုအောင်ဆန်းအား ကျောင်းထုတ်ခြင်းကို ဖျက်သိမ်းကာ ကျောင်းပြန်ဝင်ခွင့် ပေးလိုက်သည်။

သို့ရာတွင် သပိတ်ခေါင်းဆောင် ကိုနုသည် ကျောင်းသို့ ပြန်မဝင်ဘဲ ကာလကြာသောအခါ နောက်ဆုံး၌ တို့ဗမာအစည်းအရုံးသို့ ကိုအောင်ဆန်း၊ ကိုသန်းထွန်းနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သည်။

**၁၉၃၆ ခုနှစ်၊ မေလ ၈–၉ ရက်။**

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ပထမအကြိမ် ကွန်ဖရင့်ကို ဂျူဗလီဟောခန်းမ (ရွှေတိဂုံဘုရားလမ်းတွင် တည်ရှိခဲ့သော သမိုင်းဝင် အဆောက်အဦကြီး ဖြိုဖျက်ခံရပြီး ယခု တပ်မတော်သမိုင်းပြတိုက်)၌ ကျင်းပသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို စတင်ဖွဲ့စည်းသည်။ သပိတ်မှောက်ခေါင်းဆောင် မစ္စတာအမ်အေရာရှစ်ကို ဥက္ကဋ္ဌ၊ ကိုအောင်ဆန်းကို ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်၍ ထိုအစည်းအဝေး၌ အမျိုးသားပညာရေးအဖွဲ့ချုပ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရန်၊ အမျိုးသားတက္ကသိုလ်တည်ထောင်ရန်၊ တိုင်းရင်းသားကျောင်းသားများနှင့် လူမျိုးခြားကျောင်းသားများ သွေးစည်းရန် စသည်တို့ကို ဆုံးဖြတ်ကြသည်။

ကိုအောင်ဆန်းသည် ကျောင်းသို့ပြန်လာ၍ ဘီအေ စီနီယာတန်းသို့ ပြန်တက်ကာ ပဲခူးဆောင်၊ အခန်း ၁၁၃ တွင် နေထိုင်ခဲ့ပြီး ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်သည်။ ပဲခူးဆောင် သဟာယအသင်း ဖွင့်ပွဲတွင် ဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် အမှုဆောင်များက ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ပင့်ဖိတ်၍ မြန်မာစာပေ ယဉ်ကျေးမှုကို ဟောပြောစေသည်။

**၁၉၃၆ ခုနှစ်၊ မေလ ၁၀ ရက်။**

ကျောင်းသားတို့၏ တောင်းဆိုချက်ကို အာဏာပိုင်တို့က လိုက်လျောသဖြင့် ရန်ကုန်တက္ကသိုလ်သပိတ်မှောက်ကောင်စီက သပိတ်လှန်သည့်အတွက် ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ် ပြီးဆုံးသည်။ ကိုအောင်ဆန်းသည် သမဂ္ဂလုပ်ငန်းများကို မနားမနေဆောင်ရွက်သောကြောင့် စာမေးပွဲနီးလာသည့်အခါ ဆေးရုံတက်ရရာ ဘီအေစီနီယာ စာမေးပွဲကို ဆေးရုံမှ ဖြေဆို၍ ဝိဇ္ဇာစာမေးပွဲကို ခုံအမှတ် ၅၆ ဖြင့် အောင်မြင်သည်။

အင်္ဂလိပ်စာကို အထူးလေ့လာလိုက်စားသောကြောင့်လည်းကောင်း၊ နိုင်ငံရေးလိုက်စားသူ ဖြစ်သောကြောင့်လည်းကောင်း နိုင်ငံရေးသိပ္ပံဘာသာရပ်နှင့် ခေတ်သစ်အနောက်တိုင်း ရာဇဝင်ဘာသာရပ်တို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

**၁၉၃၆ ခုနှစ်၊ ဇွန်လ ၂၇–၂၉ ရက်။**

တို့ဗမာအစည်းအရုံး၏ ဒုတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာကွန်ဖရင့် မြင်းခြံမြို့လယ်ရှိ ကိုးခန်းတန်ဆောင်း၌ ကျင်းပသည်။ ကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော် တက်ရောက်၍ ဥက္ကဋ္ဌအဖြစ် သခင်လေးမောင်ကို ရွေးချယ်ခဲ့သည်။ ထိုနေ့ ဇွန်လ ၂၉ ရက်နေ့တွင် သခင်ဗစိန်၊ သခင်ညီ၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်းနှင့် သခင်ထွန်းမြင့်တို့ အဖမ်းခံရသည်။

*(ရှေ့လဆက်ရန်)*

မောင်ခေတ်ထွန်း

□



www.burmeseclassic.com

www.burmeseclassic.com

# Chronicle of General Aung San (Bogyoke Aung San)'s Struggle For Independence

*It is a chronicle of Bogyoke Aung San (General Aung San) based on a lot of various books and records, being complied and written in aiming at future generation to admire and take pride in him, and so as to remain a reference book, revealing how he did to the best of his ability by giving up his life for freedom of Myanmar People, together with all sorts of his notewrothy attributes: an altruistic person without craving for power, without seeing his own good, without being selfish, and a courageous man adoring truth and being on the side of truth, and a humble man desiving to live a simple and peaceful life as an outhor after being an independent country and so on.*

***Kyaw Myint***

**January 30, 1936**

In the debate sponsored by Rangoon University Students' Union (RUSU), Ko Nu, chairman of RUSU pointed out the faults and weakness of University administers and said, "The principal meddled in students' personal affairs, and on student's part, their breeding mind of being slave and fear should be removed."

**February, 1936**

The Rangoon University Students' Union published 'Oway' magazine No.1, Vol-5 (January, 1936). In this magazine, an article titled 'Hell-Hound At Large' written by Yamamin who was pseudonym of Nyo Mya alias Ko Thein Tin criticized a teacher (a University administer) who was a hunger-on around Mr. D.J Sloss and particularly got the students in trouble. That article pointed out the evils of University administers, so Mr. D.J Sloss commended Ko Aung San, Oway's editor, to reveal who wrote it, and threatened him that if he didn't do so, he would be expelled from the University.

Ko Aung San, however, who resisted persuasion or threats told the University administers, "Journalistic etiquette prevent me from revealing the name of the author." and refused to reveal the author's name.

The University administers had already known that the author was Ko Nyo Mya, but they wanted the official claim from Ko Aung San, Oway's editor.

**February 21, 1936**

Mr. D.J Sloss, the principal, sent a message to Ko Nu, president of RUSU that he was expelled from the University because of his speech.

**February 23, 1936**

The executive members of RUSU held a meeting to discuss Ko Nu's expulsion as a main topic. This problem was not only the matter of Ko Nu but also the matter of all executive members and students. With compassion from the executive members, therefore, Ko Tun Ohn submitted the case to the University, that they would be on Sympathetic Strike. Ko Thi Han, the secretary of RUSU, supported it.

**February 24, 1936**

When the case of Ko Nu's expulsion was printed in bold on the pages of Burma's newspapers, the students prepared to boycott.

**February 25, 1936**

The students who was with complaints came together in the Hall of Rangoon University Students' Union and held a Rangoon University Students' meeting. There were overcrowded students inside and outside of



www.burmeseclassic.com

www.burmeseclassic.com

RUSU's Hall. Ko Nu and Mr. M.A Rashid, in turn, explained the present situation and Ko Aung San delivered a speech in English fluently and effectively. Only the president of RUSU and some student leaders decided to boycott the examination, but as the students were eager, there was a Students' Strike occurred that evening. More than 700 students took part in this boycott. Then marching up to Shwedagon Pagoda, they opened boycott camps.

**February 26, 1936**

As the University Students' Strike spread all over Burma, township high schools including Rangoon high school went on strike together. Other patriots and national newspapers supported the Strike.

The Strike Council including Ko Aung San and Thakhin Lay Maung sent students' demands consisted of ten points to the University administration office. They decided to constantly strike until getting those demands.

As the students boycott in unity, Dr. Ba Maw, Minister of Education, met the student leaders many times and did the best to make them please by forming a committee to investigate the boycott and to appoint members for the Rangoon University Act Amendment Committee.

Because of countrywide strike besides Rangoon University, the University administers postponed the examination and subsequently retracted their expulsion (the expulsion of Ko Nu and Ko Aung San), and gave re-admittance for them.

Ko Nu, Strike leader, however, did not return to school, after many years, finally joined a new political party called Dohbama Asi-ayone (We Burmese) along with Ko Aung San and Ko Than Tun.

**May 8, 9, 1936**

There was a first conference of All-Burma Students Union (ABSU) in Jubilee Hall (a historic building situated in Shwedagon Pagoda Road, and later became Myanmar National Military Museum after being destroyed). All-Burma Students Union started to form. In that meeting, Mr. M.A Rashid was appointed as a president and Ko Aung San, a vice-president, and then there was a final decision to widen National Education Federation, to establish a national university, and to make ethnic students and alien students to be united.

Ko Aung San returned to school for B.A. Senior, living in Room No. 113, Bago Hostel, carried out as a president of Bagosaung Thahaya (friends of Bago Hostel) and Reader Association as well. At the inaugural ceremony of Bagosaung Thahaya, Ko Aung San and executive members invited Sayagyi Thakhin Kodaw Hmine to deliver a speech on Myanmar Literature and Culture.

**May 10, 1936**

As the University administers had to consider the strikers' demands, the Second University Students' Strike was successfully finished after Strikers' Council ended a strike. Doing his career for RUSU day and night, Ko Aung San was hospitalized at the close to examination and had to sit for B.A. Senior examination there, and then passed it by seat No. 56.

He was outstanding in Political Science and Modern Western History because of especially pursuing English and politics.

**June 27-29, 1936**

The Second All-Burma conference of Dohbama Asi-ayone (We Burmese) was held at Koe Khan prayer hall downtown in Myin Chan. More than 200 representative attended the meeting and Thakhin Lay Maung was elected to the president of Dohbama Asi-ayone. On that very day, June 29, Thakhin Ba Sein, Thakhin Nyi, Thakhin Aung San, Thakhin Than Tun and Thakhin Tun Myint were arrested.

*[to be continue]*

ဘေးကင်း

www.burmeseclassic.com


www.burmeseclassic.com

■ မောင်ခေတ်ထွန်း

# သိမှတ်စရာ သုတထွေလာ

## သန်မာတောင့်တင်းသည့် ပင့်ကူအမျှင်

အချင်းလက်မချင်း တူညီသော ပင့်ကူမျှင်နှင့် သံမဏိကြိုးမျှင်တို့တွင် ပင့်ကူမျှင်က သံမဏိကြိုးမျှင်ထက် ပို၍ တောင့်တင်းသန်မာ ကြံ့ခိုင်မှုရှိလေသည်။



## အာလူးကိုကြိုက်သည့် ဘုရင်ကြီး

၁၇၈၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံကို အုပ်စိုးသော ၁၆ ဆက်မြောက် လူးဝစ်ဘုရင်သည် နိုင်ငံသူ၊ နိုင်ငံသားများအား အာလူးကို စိုက်ပျိုးကြရန် အားပေးလေသည်။ သူက အာလူးသည် သဘာဝမဟုတ်သော အသီး၊ အန္တရာယ်မရှိသောအသီးဟု ယူဆထားလေသည်။



## အမ ဥပေါက်ချိန် အဖို အစာငတ်သည့်ငှက်

ပင်ဂွင်းငှက်အဖို ဖခင်အများစုသည် ဥမှပေါက်ဖွားလာမည့် သားသမီးများကို စောင့်ကြည့်ကြရသည့် ဥပေါက်ချိန်အတွင်း အစာထွက်မရှာ၊ မစားသောက်ရ၍ ကိုယ်အလေးချိန် ၂၅ ပေါင် လျော့ကျသွားခဲ့ကာ ပင်ဂွင်းငှက်အမ မိခင်များက ပေါက်ဖွားလာသည့် သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်နေသည့် အချိန်ကျမှ ပင်လယ်ပြင်သို့ထွက်ကာ အစားအစာ စားသောက်အနားယူကြရသည်ဟု ဆိုသည်။





www.burmeseclassic.com

www.burmeseclassic.com


## ပျံသန်းနေစဉ် အိပ်စက်သည့်ငှက်

ပင်လယ်စင်ရော်သည် ပျံသန်းနေစဉ် အိပ်ပျော်နိုင်ပြီး တစ်နာရီလျှင် ၂၅ မိုင်နှုန်း ခရီးဝေးပျံသန်းနေစဉ် ငိုက်မြည်းနေသည်ကို သိသာထင်ရှားသည်။




## အစောဆုံးသော အရောင်

၁၉၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ ချီကာဂို တက္ကသိုလ်၏ လေ့လာသုတေသနပြုချက်အရ အရောင်များတွင် အစောဆုံး၊ အဦးဆုံးအရောင်မှာ အဝါရောင်ဖြစ်သည်ဟု ဆိုသည်။



[ **Illustrated book of Amazing Facts** စာအုပ်မှ • •]

**မောင်ခေတ်ထွန်း**

## Did you know?

### ဒုတိယပွန်ပီမြို့

'ပွန်ပီ'မြို့နည်းတူ မီးလောင်ပေါက်ကွဲမှုကြောင့် တစ်မြို့လုံး ချော်ရည်များအောက်၌ နစ်မြုပ်ခံရသော လွန်ခဲ့သောနှစ်ပေါင်း ၃၅၀၀ ခန့်က မြို့တစ်မြို့ကို ဂရိနိုင်ငံ ရှေးဟောင်းသုတေသီများက အေရီယန်ပင်လယ်တွင်းရှိ သီရာကျွန်းပေါ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုမြို့မှ မြို့သူမြို့သားများသည် မီးတောင်ပေါက်ကွဲမှုကြောင့် မြို့ကြီးနစ်မြုပ်စဉ်က ထွက်ပြေးလွတ်မြောက်ရန် အချိန်ရခဲ့ကြကြောင်း၊ သို့သော် သူတို့၏ အဖိုးတန်ပစ္စည်းများနှင့် အသုံးအဆောင်များကိုမူ မသယ်ယူနိုင်ဘဲ ထားခဲ့ကြရကြောင်း ရှေးဟောင်း သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခ 'စပရီဒွန် မရီနာ တိုးစ်'က ထုတ်ဖော်ပြောကြားခဲ့သည်။ 'သီရာ'ကျွန်းမှာ 'ဂရိ'ကျွန်း၏ မြောက်ဘက် မိုင် ၇၀ အကွာတွင် တည်ရှိပြီး ခရစ်တော်မပေါ်မီ ကာလက 'မီဒိုးရင်း'လူမျိုးများ အခြေချ နေထိုင်ခဲ့သော ကျွန်းဖြစ်သည်ဟု ယူဆကြသည်။

***Source : Science Digest***



www.burmeseclassic.com

www.burmeseclassic.com

# သူ့ထိုက်နဲ့ သူ့ကံ

## အောင်ချစ်စိုး(လသာ)

တစ်ခါတုန်းက ဆေးဖက်ဝင် သစ်ရွက်သစ်မြစ်တွေကို ရောင်းချတဲ့ ဘယဆေးကုန်သည်ကြီးတစ်ဦးမှာ မြည်းတစ်ကောင် ရှိတယ်ကွယ့်။ သူ့သခင်က အလုပ်ကို ပင်ပင်ပန်းပန်းခိုင်းသလောက် ဝအောင်မကျွေးလို့ စိတ်ညစ်နေတယ်။ ဒါ့ကြောင့် ကြာသပတေးနတ်မင်းထံမှာ သခင်သစ်ရှာပေးဖို့ မြည်းက ဆုတောင်းတယ်။ ဆုတောင်းမမှားဖို့ နတ်မင်းကြီးက သူ့ကို သတိပေးခဲ့တယ်။

နောက်နေ့မနက်မှာ ဘယဆေးမြစ်ရောင်းတဲ့ သခင်က မြည်းကို ဈေးကွက်ထဲယူလာပြီး ပိုင်ရှင်သစ်ထံ ရောင်းချခဲ့တယ်။ ပိုင်ရှင်သစ်က အိမ်မိုးအုတ်ကြွပ် ပြုလုပ်ရောင်းသူ ဖြစ်တယ်။ မြည်းရဲ့ကျောကုန်းပေါ် အုတ်ကြွပ်ခဲတွေတင်ပြီး ဝယ်သူတွေထံ ပို့ခိုင်းတယ်။ အုတ်ကြွပ်ခဲက မြေကြီးကို မီးဖုတ်ပြီးလုပ်တာမို့ ဆေးမြစ်၊ ဆေးရွက်တွေထက် ပိုလေးတယ်။ ဒါကြောင့် ပထမသခင်ထက် ဒုတိယသခင်လက်ထဲမှာ မြည်းဟာ ပိုဆင်းရဲပြီး ဒုက္ခပိုခံရတယ်။ စိတ်ညစ်ညစ်နဲ့ မြည်းဟာ ကြာသပတေးနတ်မင်းထံ ထပ်သွားပြီး သခင်သစ်ရဖို့ နောက်တစ်ကြိမ် ဆုတောင်းပြန်တယ်။

သင့်လိုအင်ကို ဒါနောက်ဆုံးဖြည့်ဆည်းပေးတာနော်လို့ ကြာသပတေးနတ်မင်းက မြည်းကို ပြောတယ်။

အုတ်ကြွပ်ကုန်သည်က နောက်နေ့မနက်မှာ မြည်းကို သားရေနယ်ကုန်သည်ကို ရောင်းတယ်။ နွားသားရေကြမ်းကို သားရေနယ် ပြုလုပ်ရောင်းချသူဖြစ်တယ်။ သခင်သစ်ရဲ့ အလုပ်အကိုင်လည်း သိရော မြည်းဟာ ဘုရားတပြီး ထိတ်လန့်တုန်လှုပ်သွားတယ်။ "အတော်မိုက်မဲတဲ့ အကောင်ပါလား"လို့ သူ့ကိုယ်သူ အပြစ်တင်တယ်။ အရင်သခင်တွေက ငါ့ကို အလုပ်ကြမ်းခိုင်းပြီး မဝရေစာ ကျွေးတာက တော်သေးတယ်။ ခုသခင်ကတော့ ငါသေတာတောင် ငါ့ကို သားရေနယ်လုပ်ရောင်းချပြီး စီးပွားရှာမယ့်သူပဲ။ လက်ရှိဒုက္ခသည် ဘဝက အရင်သခင်တွေထက် ပိုဆိုးဝါးတာပဲ။ ဒါပေမယ့် ကြာသပတေးနတ်မင်းကြီးက သူ့ဆုတောင်းဆန္ဒကို လုံးဝမဖြည့်ဆည်းတော့လို့ မြည်းဟာ ဒီဘဝဆိုးက လွတ်လမ်းမရှိ ဖြစ်ရသတဲ့ကွယ်။

[ **My Favourite Aesop's Fables** စာအုပ်မှ **The Ass and his masters.** ]

**အောင်ချစ်စိုး(လသာ)**

□

## Did You know?

### သူရိယသတင်းစာ

မြန်မာနိုင်ငံတွင် ပေါ်ထွက်ခဲ့သမျှသော သက်တမ်းရှည်သည့် သတင်းစာများအနက် 'သူရိယသတင်းစာ' သည် တစ်ခုအပါအဝင် ဖြစ်သည်။ သူရိယသတင်းစာကို စတင်တည်ထောင်သူများမှာ ဦးဘဘေ(ဘကြီးဘဘေ) နှင့် ပြန်ကြားရေးဝန်ဟောင်း ဦးလှဖေတို့ ဖြစ်ကြသည်။ သူရိယသတင်းစာကို ဦးဘဘေက အယ်ဒီတာအဖြစ် ဆောင်ရွက်၍ ဦးလှဖေက မန်နေဂျာအဖြစ် ဆောင်ရွက်သည်။ သူရိယသတင်းစာကို မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ အင်္ဂါနေ့ (၁၉၁၁ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)တွင် စတင်တည်ထောင်ခဲ့လေသည်။

[ မောင်ခေတ်ထွန်း၏ 'ရှေးကထင်ရှားကျော်ကြားခဲ့သော ဟံသာဝတီ၊ သူရိယနှင့် မြန်မာ့အလင်းသတင်းစာ' စာအုပ်မှ ..]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# လူပြောမသန် လူသန်မပြော

ရဲဘော်မြသိန်း(ဟိုပုန်း)

တစ်ခါက လုလင်ပျိုနှစ်ဦးတို့ဟာ ကုန်ရောင်းကုန်ဝယ်ကိစ္စတွေနဲ့ အတူတကွ ခရီးထွက်လာကြတယ်။ သူတို့နှစ်ဦးဟာ တောအုပ်တန်းကြီးတစ်ခုကို ဖြတ်သန်းလျှောက်လှမ်းနေကြလေတယ်။ အဲဒီတောအုပ်ကြီးထဲမှာ သားရဲတိရစ္ဆာန်မျိုးစုံတို့ သွားလာနေထိုင်လျက်ရှိကြလေတယ်။

"အဆွေ . . ဒီသစ်တောကြီးဟာ သားရဲတိရစ္ဆာန်တွေ ပေါများလှဘိတယ်။ ဒါပေမယ့် ဘာမှမစိုးရိမ်မကြောင့်ကြပါနဲ့။ ကျွန်ုပ်ဟာ ဒီသစ်တောရဲ့သဘာဝအခြေအနေတွေကို သိကျွမ်းပြီးဖြစ်တယ်။ တောကျွမ်းပြီး ဖြစ်တယ်။ သားရဲတွေဟာ ညအခါမှာသာ ကျက်စားသွားလာလေ့ရှိပြီး အခုလိုနေ့အချိန်မှာ အိပ်စက်အနားယူကြပါတယ်။ ကျွန်ုပ်တို့နှစ်ဦးစလုံး တစ်နေ့ကုန်ခရီးနှင်ပြီးလို့ရှိရင် ဒီသစ်တောကြီးကို ဖြတ်ကျော်လွန်မြောက်မိပြီး ဖြစ်ပါလိမ့်မယ်။ ခပ်သွက်သွက်တော့ လျှောက်လှမ်းကြရမှာပေါ့။ ဒီသစ်တောအတွင်းရှိစဉ် ကျွန်ုပ်ဟာ အဆွေ့ကို အစစအရာရာ ကူညီသမှုပြုပါမယ်။ စောင့်လည်းစောင့်ရှောက်ပါ့မယ်။ စိတ်ချချသာနေပါ"

လုလင်ပျိုတစ်ဦးက ပြောလိုက်တယ်။ ကျန်လုလင်ပျိုက ဘာမှမပြောဘူး။ ခေါင်းညိတ်ပြီးနားထောင်နေတယ်။

"အဆွေ . . ကျွန်ုပ်ဟာ ဒီသစ်တောကို အကြိမ်ကြိမ်ဖြတ်ဖူးရာ တစ်ခါမှာ အိပ်မှုန်စုံမွှားနဲ့နိုးထလာတဲ့ ကျားတစ်ကောင်နဲ့ ရင်ဆိုင်တွေ့ဆုံဖူးတယ်။ အဲဒီတုန်းက ကျားက ကျွန်ုပ်ကိုခုန်အုပ်၊ ကျွန်ုပ်ကလည်း ဓားမြှောင်နဲ့ ကျားရဲ့ရင်ဝကို ထိုးစိုက်မွှေနှောက်ပြီး ရှောင်တိမ်းထွက်ပြေးခဲ့ဖူးတယ်။ ကျားဟာသွေးအလိမ်းလိမ်းနဲ့ ရူးရူးဝါးဝါးအော်ဟစ်ကျန်ရစ်ပြီး တောနက်ထဲ ပြေးဝင်ပျောက်ကွယ်သွားသလို ကျွန်ုပ်လည်း ကိုယ့်လမ်းကိုယ် အပြေးအလွှားနဲ့ ထွက်လာဖူးပါတယ်"

စကားစပြောခဲ့တဲ့လုလင်က သူ့ရဲ့စွန့်စားခန်းကို ပြောလိုက်တယ်။ ကျန်လုလင်ပျိုက ဘာမှဝင်မပြောဘူး။ ခေါင်းညိတ်ပြီးတော့သာ စိတ်ဝင်တစားနားထောင်နေတယ်။ သူတော်တော်လေး အံ့ဩနေတယ်။

"အဆွေ . . တစ်ခါကလည်း ကျွန်ုပ်ဟာ ဒီသစ်တောအတွင်း ဆင်ရိုင်းတစ်အုပ်နဲ့ တွေ့ဆုံဖူးပါတယ်။ ခွန်အားတွေ အလွန်ကြီးမားပြီး အကောင်ရေတွေ များလွန်းတဲ့အတွက် သူတို့ကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့ မစွမ်းသာပေမယ့် အလျင်အမြန်ပြေးထွက်ပြီး နီးရာသစ်ပင်မြင့်ကြီးတစ်ပင်ပေါ်ကို တက်လိုက်ရပါတယ်။ ဆင်ရိုင်းတွေမရှိတော့မှ သစ်ပင်အောက်ပြန်ဆင်းပြီး ခရီးဆက်ခဲ့ရပါတယ်။ ဆင်ရိုင်းတွေက အများကြီး။ ကျွန်ုပ်က တစ်ယောက်တည်းဖြစ်ပေမယ့် ကြောက်စိတ်တော့မရှိခဲ့ဘူး"

ကျားနဲ့ရင်ဆိုင်တွေ့ခဲ့တယ်ဆိုတဲ့ လုလင်ပျိုက သူ့ရဲ့နောက်ထပ်စွန့်စားခန်းကို ပြောလိုက်တယ်။ ကျန်လုလင်ပျိုက ခေါင်းတညိတ်ညိတ်နဲ့ စိတ်ဝင်တစား နားထောင်နေတယ်။ သူ တော်တော်လေး အံ့ဩနေပြန်တယ်။

"တစ်ခါတုန်းကလည်း ကျွန်ုပ်ဟာ အစွယ်တဖွေးဖွေးနဲ့ တောဝက်ကြီးတစ်ကောင်နဲ့ ရင်ဆိုင်တွေ့ခဲ့ပါတယ်။ အဲဒီဝက်မျိုးဟာ ကျားတို့၊ ခြင်္သေ့တို့ဆိုတဲ့ အကောင်တွေကိုတောင် ပြန်ပြီးယှဉ်ပြိုင်ဝံ့တဲ့



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အကောင်မျိုးတွေပါ။ အကြောက်အလန့် တစ်စက်မှမရှိတဲ့ဝက်မျိုးပါ။ တွေ့စက ကျွန်ုပ်လည်း အတော်လန့်ဖျပ်သွားပါတယ်။ ဒါပေမယ့် ဝက်ကြီးက ပြေးပြီးထိုးအပတ် ကျွန်ုပ်ကလည်း လေထဲခုန်ပျံတက်ပြီး သူ့ကျောပေါ်ကတစ်ဆင့် သူ့အနောက်က ပြေးဆင်းခဲ့ပါတယ်။ ဝက်ကြီးလည်း အရှိန်လွန်ပြီး သစ်ပင်တစ်ပင်နဲ့ သွားတိုက်မိတယ်။ နောက်ပြီး လဲကျမေ့သွားခဲ့ပါတယ်။ ကျွန်ုပ်လည်း ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးနဲ့ ဆက်လျှောက်လာခဲ့တယ်"

ကျား၊ ဆင်တွေနဲ့ ရင်ဆိုင်တွေ့ခဲ့တယ်ဆိုတဲ့ လုလင်ပျိုက တတိယမြောက် သူ့စွန့်စားခန်းကို ပြောလိုက်ပါတယ်။ ကျန်လုလင်ပျိုက တအံ့တသြနဲ့ နားထောင်နေတုန်းပါပဲ။

"အဆွေ ..ကျွန်ုပ်ဟာ ဒီသစ်တောအတွင်း အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှား အောင်မြင်ခဲ့တာချည်းဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ စွန့်စားခန်းတွေကို ပြောရလို့ရှိရင် ဆုံးအံ့မထင်ပါ။ ကျွန်ုပ်ဟာ တောတောင်ရေမြေတွေရဲ့အထာကို ကျွမ်းသူဖြစ်လို့ အဆွေ့ကို အချိန်မရွေး၊ နေရာမရွေး ကူညီစောင့်ရှောက်နိုင်စွမ်းရှိတဲ့အကြောင်း ထပ်ပြောလိုက်ပါတယ်။

ကျား၊ ဆင်၊ ဝက်တွေနဲ့ ရင်ဆိုင်တွေ့ခဲ့တယ်ဆိုတဲ့ လုလင်ပျိုက သူ့ရဲ့စွန့်စားခန်းတွေကို ပေါင်းရုံးပြောဆိုလိုက်တယ်။ အဲဒီလုလင်ပျိုဟာ သူ့ကိုယ်သူ တစ်ပါးလူက အထင်ကြီးလာစေဖို့ ပြောဆိုတာလည်း ပါဝင်ပါတယ်။ ကျန်လုလင်ပျိုကတော့ ခေါင်းတညိတ်ညိတ်နဲ့သာ နားထောင်နေရှာတယ်။

အဲဒီလို တောကျွမ်းတယ်ဆိုတဲ့ လုလင်ပျိုဟာ သူ့ရဲ့တောတွင်းစွန့်စားခန်းတွေကို ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်နေရာကနေပြီး တစ်ခါမှာ ပင်စည်လုံးပတ် အလွန်ကြီးမားပြီး သစ်ကိုင်းသစ်ခက်တွေနဲ့ အထပ်ထပ်ဝေဖြာနေတဲ့ ဧရာမသစ်ပင်ကြီးတစ်ပင်အောက်ကို ရောက်ရှိလာလေတယ်။

အဲဒီအခါ လုလင်ပျိုနှစ်ဦးတို့ရဲ့ ဦးခေါင်းတည့်တည့် သစ်ပင်အမြင့်ကြီးထက်က မိုးရေတွေပြည့်ဝစိမ့်ဝင်နေတဲ့ သစ်ဆွေးအကိုင်းကြီးတစ်ကိုင်းဟာ ကျွိ ကျွိကျွိနဲ့ တအိအိမြည်ကာ ကျိုးပြီးကိုင်းကျလာတယ်။ အဲဒီသစ်ကိုင်းကြီးဟာ သာမန်သစ်ကိုင်းတစ်ကိုင်းကျိုးသလိုမျိုး "ဖြောင်း"ခနဲ ကျိုးကျတာမျိုးမဟုတ်ဘူး။ တဖြည်းဖြည်း အိပြီးအိပြီး ကျိုးကျလာတာမျိုးဖြစ်တယ်။ အကိုင်းရဲ့ပင်စည်နဲ့ ဆက်နေတဲ့နေရာမှာ ခြတွေ၊ ပုရွက်ဆိတ်တွေ အုံခဲကိုက်ဖြတ်စားသောက်ထားကြရာက ဆွေးမြည့်နေတာဖြစ်တယ်။ ကျိုးအိပြုတ်ကျလာတဲ့ သစ်ကိုင်းကြီးဟာ သာမန်သစ်ပင်တစ်ပင်ရဲ့ ပင်စည်မျှလောက်ကို လုံးပတ်ကြီးမား တုတ်ခိုင်လှပေတယ်။

အဲဒီအခါ စကားသိပ်ပြောတဲ့လုလင်ပျိုက မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း သူ့နေရာက အဝေးကို တစ်ဟုန်ထိုး ထွက်ပြေးတိမ်းရှောင်လိုက်တယ်။ သူလွတ်သွားတယ်။ ဒါပေမယ့် သစ်ကိုင်းအဖျားကလေးတစ်ခုနဲ့ရိုက်မိလို့ ခြေထောက် ထော့နင်းထော့နင်းဖြစ်သွားတယ်။'

စကားနည်းတဲ့ လုလင်ပျိုကတော့ စကားသိပ်ပြောတဲ့ လုလင်ပျိုလို အဝေးကို ရှောင်ပြေးချိန်မရလိုက်ဘူး။ သူဟာ ထွက်ပြေးသွားတဲ့ လုလင်ပျိုကို အံ့အားတသင့် ကြောင်ပြီးကြည့်နေလိုက်တယ်။ ဒါပေမယ့် ရုတ်ခြည်းပဲ သူဟာ အနီးက သစ်ပင်ကြီးရဲ့ပင်စည်ဆီကို ခုန်ဝင်တိုးကပ်လိုက်ပြီးသား ဖြစ်သွားတယ်။ ပတ်ဝန်း ကျင်အခြေအနေကို ဖြတ်ထိုးဉာဏ်နဲ့ အသုံးချလိုက်တဲ့ သဘောလည်းဖြစ်တယ်။ ပင်စည်ကြီးဟာ လုံးပတ်ကြီးတဲ့အပြင် အပေါ်ကိုကိုင်းပြီးတက်နေတာဟာ လုလင်ပျိုကို အုပ်မိုးပေးလိုက်သလိုဖြစ်နေတယ်။ စကားပြောနည်းတဲ့ လုလင်ပျိုဟာလည်း သစ်ကိုင်းကြီးရဲ့ဘေးအန္တရာယ်က ကိုယ့်နည်းကိုယ့်ဟန်နဲ့ လွတ်ကင်းခဲ့လေတယ်။

အဲဒီအခါ စကားသိပ်ပြောတဲ့ လုလင်ပျိုဟာ သစ်ပင်ကြီးအောက်ကို ပြန်လှည့်လာပြီး အခြေအနေကို ကြည့်ရှုလိုက်တယ်။ စကားနည်းတဲ့လုလင်ပျိုဟာ တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ သစ်ပင်ကြီးရဲ့ပင်စည်အနားမှာ တိုးကပ်ပုဝင်နေတုန်းဖြစ်လေတယ်။

"အဆွေ လာပါတော့။ ဒီလောက်တောင်


www.burmeseclassic.com

www.burmeseclassic.com

လည်း ကြောက်မနေပါနဲ့တော့"

စကားသိပ်ပြောတဲ့ လုလင်ပျိုက စကားနည်းတဲ့ လုလင်ပျိုကို ရယ်သွမ်းသွေးပြီး ပြောလိုက်ပါတယ်။

"ကျွန်ုပ်မကြောက်ပါ။ အခု သစ်ပင်အနားတိုးကပ်နေတာက သစ်ပင်ကြီးက ကျွန်ုပ်ကို သတိပေးစကားပြောနေလို့ နားထောင်နေတာပါ"

စကားနည်းတဲ့ လုလင်ပျိုက ပြန်ပြောလိုက်တယ်။ သူ့စကားက ထူးဆန်းနေတယ်။

"ဟင် . . သစ်ပင်က စကားပြောတယ်ဟုတ်လား။ ဘာတွေများ ပြောပါလိမ့်"

"သစ်ပင်ကြီးက ကြွားဝါပြောဆိုတတ်သူဟာဘယ်တော့မှ ယုံကြည်စိတ်ချရတာ မဟုတ်ဘူး။ အရေးကြုံရင် အားကိုးရတာမဟုတ်ဘူးတဲ့။ လောကမှာ ကိုယ့်ကိုကိုယ်သာ ယုံကြည်အားကိုးရတာတဲ့။ သတိထားတဲ့"

စကားနည်းတဲ့ လုလင်ပျိုရဲ့အပြောကို စကားသိပ်ပြောတဲ့ လုလင်ပျိုက ဘာမှပြန်မပြောဘူး။ စကားသိပ်ပြောတဲ့ လုလင်ပျိုဟာ ခရီးစဉ်တစ်လျှောက်လုံးမှာလည်း စကားတစ်လုံးတစ်ပါဒမျှ ဘာစကားကိုမျှ မဖွင့်ဟ၊ မပြောဆိုတော့ပါဘူး။

ရဲဘော်မြသိန်း(ဟိုပုန်း)

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၁]

A မှ E စတုရန်းကွက် ၅ ကွက်အတွင်းရှိ ကိန်းများကို ကြည့်ကာ မည်သည့်တခြား စတုရန်းကွက် ၄ ခုနှင့် မတူကွဲပြားခြားနားနေသော စတုရန်းကွက်တစ်ခုကို ရှာပေးပါ။

| A | B | C | D | E |
|---|---|---|---|---|
| 841 | 1296 | 1331 | 1764 | 272 |

[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁-၅-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com




## ပြဿနာနှင့် ကိုယ့်အလုပ်ကိုယ်လုပ်

မစ္စတာဘာရောင်းနှင့် မစ္စဘာရောင်းတို့တွင် သားနှစ်ယောက်ရှိ၏။ တစ်ယောက်၏အမည်မှာ ကိုယ့်အလုပ်ကိုယ်လုပ်ဟု ခေါ်၏။ အခြားတစ်ယောက်၏ အမည်မှာမူ ပြဿနာဟု ခေါ်ပါသည်။

တစ်နေ့တွင် ထိုသားနှစ်ယောက်တို့သည် တူတူပုန်းတမ်း ကစားကြ၏။ ပြဿနာက ပုန်းရမည်ဖြစ်၍ ကိုယ့်အလုပ်ကိုယ်လုပ်က တစ်ကနေ တစ်ရာအထိ ရေတွက်ရသည်။ ပြဿနာပုန်းနေစဉ် ကိုယ့်အလုပ်ကိုယ်လုပ်က သူ၏ညီအစ်ကိုကို အမှိုက်ပုံများ၊ ချုံတောများအကြားသို့သွား၍ စတင်ရှာဖွေလေတော့သည်။ ထိုနောက် ကိုယ့်အလုပ်ကိုယ်လုပ်မှာ ကားတစ်စီး၏ အောက်ဘက်သို့ ငုံ့ကြည့်လိုက်စဉ် ရဲတပ်ဖွဲ့ဝင်တစ်ယောက် အနီးသို့ရောက်လာပြီး သူ့ကို စုံစမ်းမေးမြန်းလိုက်၏။ "မင်း ဘာလုပ်နေတာလဲကွ"

"ဆော့နေတာပါ"ကောင်လေးက လှည့်၍မကြည့်ဘဲ ဖြေလိုက်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကိုယ့်အလုပ်ကိုယ်လုပ်"ဟု ကောင်လေးက လှည့်၍ပင်မကြည့်သေးဘဲ ဖြေလိုက်ပြန်သည်။ ထိုအခါ ရဲတပ်သားမှာ ဒေါသထွက်လာပြီး "ဟေ့ကောင် မင်းပြဿနာရှာနေတာလားကွ"ဟု မေးလိုက်သည်။ ထိုအခါ ကောင်လေးက "ဟုတ်ကဲ့ပါ ပြဿနာရှာနေတာ"ဟု ပြောလိုက်လေတော့သည်။

---

## တောပစ်ထွက်တဲ့ တောသား

တောသားနှစ်ယောက်သည် အမဲလိုက်ကြရင်း သမင်တစ်ကောင်ကို ပစ်ခတ်ဖမ်းဆီးရမိလိုက်၏။ သူတို့က သမင်၏ နောက်ခြေထောက်နှစ်ချောင်းကို တရွတ်တိုက် ဆွဲသွားကြသည်။ ထိုစဉ် တောထဲသို့ ဖြတ်လျှောက်လာသော အခြားတောသားတစ်ယောက်က သူတို့ကို အကြံပေး၏။ "မင်းတို့က သမင်ရဲ့ဦးချိုကနေဆွဲရင် ပိုပြီး မြန်မြန်ဆွဲလို့ရတာပေါ့ကွ"

သို့ဖြင့် သူတို့နှစ်ယောက်သည် သမင်ကို ဦးချိုကနေ ဆွဲပါတော့သည်။ အချိန်အတန်ကြာသောအခါ တောသားတစ်ယောက်က "ဗိုး ‥ ငါတို့ တအားမြန်မြန်ဆွဲလို့ရတာပဲကွ။ အဲ ‥ ဒါပေမယ့် ငါတို့ရဲ့ရွာနဲ့တော့ ပိုပိုပြီး ဝေးသွားပါရောကွာ"ဟူ၍ ပြောလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## တောင်းပန်လိုက်ပုံက

ကျွန်တော်၏ညီမငယ် ဒီယန်မှာ ၆ နှစ်ရှိပြီဖြစ်သည်။ သူမသည် သူမ၏ဒေါ်လေးနံဘေးတွင် ထိုင်ရင်း "ဒေါ်လေးက ဘာဖြစ်လို့အရုပ်ဆိုးရတာလဲ"ဟု မေး၏။

ကျွန်တော်က ကြား၍ သူမကို ဒေါ်လေးဆီ ပြန်ပြီးတောင်းပန်ရန် ပြောလိုက်သည်။

ညီမလေးက ခေါင်းညိတ်ပြီး ဒေါ်လေးကို ဤသို့ တောင်းပန်လိုက်လေသည်။ "ဒေါ်လေး .. ဒေါ်လေးက အရုပ်ဆိုးလို့ သမီးစိတ်မကောင်းပါဘူး"ဟူ၍။

---

## ကူညီချင်လွန်းလို့

လူတစ်ယောက်သည် ဖျော်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်လာပြီး စပျစ်သီးဖျော်ရည်တစ်ခွက် မှာလိုက်၏။ စပျစ်သီးဖျော်ရည်မှာ အလွန်အရသာရှိလှ၏။ အတန်ကြာသော် သူသည် သန့်စင်ခန်းသွားချင်လာသည်။ ထိုအခါ သူ၏ဖျော်ရည်ကို သူတစ်ပါးသောက်မှာစိုးသောကြောင့် သူက စာရွက်သေးသေးလေးတစ်ခုပေါ်တွင် အောက်ပါစာတိုလေးကိုရေးပြီး ဖျော်ရည်ခွက်ဘေးတွင် ထောင်ထားလိုက်လေသည်။ "အဲဒီဖျော်ရည်ခွက်ထဲ ငါ တံတွေးထွေးထည့်ထားတယ်။ သောက်လို့မရဘူး"

မိနစ်အနည်းငယ်ကြာ၍ သန့်စင်ခန်းမှ ပြန်လာသောအခါ သူသည် ဖျော်ရည်ခွက်ဘေး၌ နောက်ထပ်စာတိုလေးတစ်ခုကို တွေ့လိုက်ရလေတော့သည်။

"ကျွန်တော်လည်း ကူညီတဲ့အနေနဲ့ နောက်ထပ် တံတွေးထွေးထည့်ပေးထားလိုက်ပါတယ်"ဟူ၍။

---

## ပုလင်းတူဘူးဆို

ကောလင်းလေးမှာ ကျောင်းသား ၃၉ ယောက်ရှိသော မူကြိုအခန်းတွင် တစ်ယောက်အပါအဝင်ဖြစ်ပြီး အသက် ၄ နှစ်အရွယ်သာရှိသေး၏။ သူသည် ညစ်ညစ်ပတ်ပတ်နေထိုင်တတ်ပြီး ပွင့်ပွင့်လင်းလင်း ဟောဟော ဒိုင်းဒိုင်း ပြောတတ်သည့် မျက်လုံးညိုညို ကလေးတစ်ယောက်ဖြစ်လေသည်။ ကျွန်မက သူ့ကို သဘောကျသည်။ သို့သော်လည်း သူ့တွင် ပြဿနာရှိလေ၏။ ၎င်းမှာ သူ၏အတန်းဖော်များက သူ့ကို ညစ်ပတ်ကြီးဟု ခေါ်ကြခြင်းဖြစ်သည်။ တစ်ယောက်ယောက်က သူ့အနားသို့ရောက်လာပြီး အသက်ရှူမိပါလျှင် သူကိုယ်ပေါ်က အောက်သိုးသိုးအနံ့ကိုသာ ရှူမိပါလိမ့်မည်။

တစ်ခါတွင် ကျောင်းအုပ်ကြီးက သူ၏အိမ်သို့ စာတစ်စောင်ရေးပေးလိုက်သည်။ စာထဲတွင် ကောလင်း၏ မိခင်ကို ကောလင်းအား ပုံမှန်ရေချိုးပေးရန် တိုက်တွန်းထားသည်။

သို့သော်လည်း ကောလင်းတို့အိမ်မှာ ရေချိုးပျင်းသူများ ဖြစ်ပုံရ၏။ ထို့ကြောင့် ကောလင်း၏မိခင်က ကျောင်းအုပ်ကြီးထံသို့ စာတစ်စောင်ပြန်ရေးပေးလိုက်သည်။ ရေးထားသည်မှာ စက္ကူစုတ်ပေါ်တွင်ဖြစ်သည်။

"သူ့ကို စာကိုပဲ အာရုံစိုက်သင်ပေးပါ။ သူ့ကိုယ် ပေါ်ကအနံ့ကို မရှူလည်းရပါတယ်"ဟူ၍ ဖြစ်လေသည်။

**(Internet မှ ..)**

**ကျော်မြင့်အေး**

□



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အုန်းကြည်သား

ရှာဖွေစုဆောင်း တင်ပြသည်…

သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သင်္ကလ ရရစ်သံနှင့် သင်္ကြန်ဟု မြန်မာစကားဖြစ်ပေါ်လာလေ၏။ သင်္ကန္တ၏ အနက်အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်လေ၏။

မြန်မာတို့၏ နှစ်ကူးသင်္ကြန်ပွဲတော်သည် ဟိန္ဒူ အယူဝါဒမှ သက်ဆင်းလာသော ဓလေ့ဖြစ်ရာ ၁၂ လ ရာသီပွဲတော်များတွင် ထိုသင်္ကြန်ရေသဘင်ပွဲတော်သည် လွန်စွာမှ ကြီးကျယ်စည်ကားသော မြန်မာတစ်မျိုးသားလုံး၏ ရိုးရာပွဲတော်ကြီးတစ်ခုပင် ဖြစ်လေ၏။

ရှေးမြန်မာမင်းများ လက်ထက်ကပင် ဗေဒင် ပညာရှင် ပုဏ္ဏားတို့က သင်္ကြန်ရက်နှင့် သင်္ကြာရာဇ်တို့ကို တွက်ချက်၍ မဟာသင်္ကြန်စာများ ရေးသားဆက်သရလေ၏။

ပုဂံခေတ် နရသီဟပတေ့မင်းသည် မိဖုရားစောလုံကို ကျီစားလိုသဖြင့် သူကိုယ်တိုင် ရေမပက်ဘဲ မောင်းမငယ်အား ရေပက်ခိုင်းရာ မိဖုရားစောလုံဆိုသူမှာ လွန်စွာမှစိတ်ဆိုးကာ ဘုရင့်အပေါ် သေကြောင်းကြံသောကြောင့် နောက်ဆုံး မိဖုရားစောလုံ အသတ်ခံရသည်ဟူသော ဖြစ်ရပ်အရ သင်္ကြန်ရေကစားခြင်းသည် ပုဂံခေတ်ကပင် အလေ့ရှိသည်ဟုဆိုကာ မှတ်သားမှတ်ယူဖွယ် ရှိကြလေ၏။

သင်္ကြန်ပွဲတော် ကျင်းပခြင်းကား နှစ်သစ်ကို ကြိုဆိုခြင်းပင်။ နှစ်ဟောင်းလွန်၍ နှစ်ဆန်းစ ပထမနေ့ကို နှစ်ဆန်း ၁ ရက်နေ့ဟု ခေါ်ကြလေ၏။

အဟောင်းမှ အသစ်သို့ ကူးပြောင်းခြင်းကား နှစ်လိုဖွယ်ရာဖြစ်၍ နှစ်သစ်မင်္ဂလာအဖြစ် ရိုးရာသင်္ကြန်ခါတွင် ယဉ်ကျေးစွာရေကစားခြင်း၊ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း၊ သက်ကြီးရွယ်အို မိဘဘိုးဘွားတို့အား ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ရှင်ပြုရဟန်းခံခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ ဘုရားပုထိုးများကို ရေသပ္ပာယ်ခြင်း စသည်တို့ကို မြန်မာတို့က ပြုလုပ်ကြလေ၏။

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် သင်္ကြန်ပွဲတော်ကြီးသည် လွန်စွာမှ ပျော်စရာကောင်းသော ပွဲတော်ကြီးပင် ဖြစ်လေ၏။

သင်္ကြန်ပွဲတော်ကြီးကို အတာရေသဘင်ဟူ၍လည်း ခေါ်ဝေါ်ကြလေ၏။

ဒေါ်အုန်းကြည်သား

❑



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ အင်္ဂလိပ် - မြန်မာ ]

# မတော်တဆ

■ ကိုကြွယ်

တစ်ခါတုန်းက တောအုပ်တစ်ခုအတွင်းမှာ လှည့်လည်ကျက်စားနေတဲ့ ဝက်ဝံတစ်ကောင်ဟာ လေးနှင့်မြားကို ကိုင်ဆောင်နေတဲ့ မုဆိုးကို မြင်လိုက်ရတာနှင့် တစ်ပြိုင်နက် ကြောက်အားလန့်အား ထွက်ပြေးသွားသတဲ့ကွယ်။

မုဆိုးတွေက အလျင်အမြန် လိုက်လာကြပေမယ့် ဝက်ဝံက အပြေးကောင်းလို့ မမီလိုက်ကြဘူး။ ဝက်ဝံလည်း ပြေးရလွန်းလို့ တော်တော်မောနေရှာတယ်။ အရိပ်အာဝသအလွန်ကောင်းတဲ့ ထိန်ပင်ကြီးတစ်ပင်အောက်မှာ နားနေသတဲ့ကွယ်။

"အရှင်ရုက္ခစိုးနတ်မင်းကြီး အခုထိန်ပင်ကြီးအောက်မှာ ကျွန်တော်မျိုးကိုနားခွင့်ပေးပါဘုရား"

"ကောင်းပြီ၊ အေးချမ်းသက်သာစွာ နားစေချာ"

ရုက္ခစိုးနတ်မင်းကြီးက ဝက်ဝံကို သူ့ထိန်ပင်အောက်မှာ နားခွင့်ပေးလိုက်တယ်။ မုဆိုးရန်က ထွက်ပြေးလာတဲ့ ဝက်ဝံခမျာ ပင်ပန်းလွန်းလို့ မောမောနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရှာတယ်လေ။

အဲဒီအချိန်မှာ ရုတ်တရုတ်လေပြင်းတိုက်လာပြီး ဝက်ဝံရဲ့ခြေထောက်ကို သစ်ကိုင်းတစ်ကိုင်း ကျိုးကျလာတယ်။ ရုတ်တရက်လန့်နိုးပြီးတော့ ခြေထောက်ဒဏ်ရာက တော်တော်နာနေတယ်။

လေတိုက်လို့ သစ်ကိုင်းကျိုးကျတယ်လို့မထင်ဘူး။ ထိန်ပင်စောင့်ရုက္ခစိုးနတ်မင်းက သူ့ကို ဒီထိန်ပင်အောက်မှာ မနေစေချင်လို့ နှင်ထုတ်တယ်လို့ထင်နေတယ်။

ဒါကြောင့် ဝက်ဝံကစိတ်ဆိုးပြီး ထိန်ပင်အောက်က ထွက်လာခဲ့တယ်။ လမ်းမှာ သစ်ခုတ်သမားကိုတွေ့တော့ -

"အသင် သစ်ခုတ်သမား၊ ဒီတောထဲက သစ်ပင်တွေထဲမှာ ထိန်ပင်ကသာ အသင့်လျော်ဆုံး သစ်ခုတ်ဖို့ အကောင်းဆုံး အပင်ဖြစ်ပါတယ်"လို့ပြောလိုက်တယ်။

သစ်ခုတ်သမားက -

"ထိန်ပင်ဘယ်နေရာမှာ ရှိသလဲ။ သင်သိလျှင် ပြောပါ"

ဝက်ဝံကသူအိပ်ခဲ့တဲ့ ထိန်ပင်ဆီကို လမ်းညွှန်လိုက်သတဲ့ကွယ်။ သူ့ကို ဒီထိန်ပင်မှာ ဝက်ဝံက မနေစေချင်လို့ တမင်ဉာဏ်ဆင်ပြီး သစ်ခုတ်သမားကို စေလွှတ်လိုက်တယ်ဆိုတာကို ရုက္ခစိုးနတ်မင်း သိလိုက်တယ်။

ရုက္ခစိုးမင်းဟာ တော်တော်စိတ်ဆိုးပြီး ဒေါသဖြစ်မိတယ်။ အဲဒီအချိန်မှာ ကံအားလျော်စွာ မုဆိုးတစ်ယောက်က ထိန်ပင်နားကိုရောက်လာတယ်။

"အသင်မုဆိုး အခုပဲ ဝက်ဝံတစ်ကောင် အနောက်ဘက်ပြေးသွားတာ တွေ့လိုက်ရတယ်"

ရုက္ခစိုးနတ်မင်းကြီးက ဝမ်းသာအားရပြောလိုက်တာကြောင့် မုဆိုးက ဝက်ဝံဆီကို တွေ့အောင်ရှာပြီးဖမ်းဆီး သတ်ဖြတ်လိုက်သတဲ့ကွယ်။

လေတိုက်လို့ သစ်ကိုင်းမတော်တဆ ကျိုးကျတာကို အသိဉာဏ်ကင်းမဲ့စွာ မဆင်မခြင်လုပ်လိုက်တဲ့ ဝက်ဝံရဲ့အမှားကြောင့် အခုလို သူ့ခမျာ အသက်ဆုံးရှုံးရတာပေါ့ကွယ်။

ရုက္ခစိုးနတ်မင်းမှာလည်း မိတ်ဆွေကောင်းမပီသတဲ့ ဝက်ဝံရဲ့စကားအရ သစ်ခုတ်သမားက သူနေထိုင်တဲ့ ထိန်ပင်ခုတ်လိုက်တာကြောင့် နေစရာသစ်ပင်မရှိ ဖြစ်သွားသတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# Accident

Once upone a time, having wonder and lived in a forest, a bear was running frightenly when he saw the hunters who hold the bows and arrows.

Although the hunters followed him quickly, as they did not catch, a bear run fast. The bear was very tired for running. He had a rest under a shady Htain tree.

he said, "Our majesty guardian spirit of the tree. Let me rest under this Htain tree."

"Okay, let you relax comfortablely", said guardian spirit of the tree to a bear.

The bear who run from the hunters was very tired and sleepy well.

At that time, the storm became suddenly and a branch of Htain tree was broken. Then it was fall down on the leg of bear.

A bear woke up frightenly and hurt his leg.

He did not think that was windy. He thought that guardian spirit didn't want him to say so drove him.

He left under the free angrily.

He met a wood cutter ont the way." Dear wood cutter! Htain tree is the best tree in the forest.

The wood cutter asked," Where is this tree. Please say me if you know" The bear directed the way where he slept under the Htain tree.

The guardian knew that the bear didn't want him to stay so he sent to cut wood cutter silly.

He was very angry. At that time, the hunter arrived near the tree oppotunately.

The guardian spirit told the hunter "Oh the hunter, I meet happily a bear has just run the west way. So the hunter found and killed the bear.

According to the bear's speech, the wood cutter cut the tree so guardian spirit didn't live a place.

A branch was broken by the storm. The bear was no intellengence and thoughfuless because of his mastake. Therefore he was lost his life.

**[ Translated into English by AUNG (Yenathar) ]**

□

## Did You know

### အနန္တသူရိယ အမည်တူနှစ်ဦး

ပုဂံခေတ် မင်းတစ်ပါးဖြစ်သည့် နရပတိစည်သူမင်း (မြန်မာသက္ကရာဇ် ၅၃၆-၅၃၇) လက်ထက်တွင် အမည်တူ အနန္တသူရိယ နှစ်ဦး ပေါ်ပေါက်ခဲ့ရာ ပထမတစ်ဦးမှာ 'သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ' အစချီ အမျက်ဖြေလင်္ကာ တင်လျှောက်ခဲ့သူ နောင်တော်မင်းယဉ်နရသိင်္ခ၏ အထိန်းတော် 'အနန္တသူရိယ' ဖြစ်၍ ဒုတိယတစ်ဦးမှာ ရန်မန်ငထွေးခေါ် အနန္တသူရိယ ဖြစ်သည်။ ရွှေကြက်ယက်ဘုရား ထီးတော်တင်ရန် နရပတိစည်သူမင်းသည် ရွှေဖောင်ဖြင့် ဆန်တော်မူရာတွင် ဖောင်ကို မိကျောင်းကြီးတစ်ကောင် နှောင့်ယှက်ရာတွင် သူရဲကောင်း ရန်မန်ငထွေးသည် ရေငုပ်ပြီး မိကျောင်းကြီးကို သန်လျက်ဖြင့် ထိုးခုတ်သတ်ဖြတ်ရှင်းပေးခဲ့သည်။ ထို့အတူ ကျားကိုလည်း တစ်ယောက်တည်း ရင်ဆိုင်သတ်ဖြတ် အနိုင်ရခဲ့ရာ ရန်အောင်ဖန်များသူဖြစ်ရာ 'အနန္တသူရိယ'ဘွဲ့ ထပ်ဆင့်ပေးအပ်ခဲ့သည်။

[ မောင်ကြည်သန့်၏ 'မကွဲမပြား လွဲမှားနိုင်သော မြန်မာ့သမိုင်းထဲက အထင်ကရ ဇာတ်တော်များ' စာအုပ်မှ ..]


www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဆိုင်ရာ သိမှတ်စရာ

## ခေတ်သစ်

## THE NEW AGE


■ မောင်ခေတ်ထွန်း

### စက်မှုတော်လှန်ရေး မည်သည့်ဒေသတွင် ဖြစ်ပွားခဲ့သနည်း

လက်ဖြင့်လုပ်ကိုင်ရသော လက်လုပ် အလုပ်ကြမ်းသမားလုပ်သားများနေရာတွင် စက်ပစ္စည်းများ အစား ထိုး၍ ပြည်သူများ အလုပ်လက်မဲ့ဘဝ ရောက်ရသည့် အလုပ်သမားများ၏ စက်မှုတော်လှန်ရေးသည် ၁၈ ရာစုတွင် ဗြိတိန်နိုင်ငံက စတင်ဖြစ်ပွားခဲ့လေသည်။ ထိုမှတစ်ဆင့် ကမ္ဘာအနှံ့အပြားတွင် ဖြစ်ပွားခဲ့သည်။

### 'ကော်တွန်နိုပိုလစ်' သည် မည်သည့်ဒေသတွင် တည်ရှိသနည်း

'ကော်တွန်နိုပိုလစ်' Cottonopolis သည် အင်္ဂလန်နိုင်ငံ မန်ချက်စတာပြည်နယ်၏ မြို့တော်ဖြစ်သည်။ ၁၉ ရာစုက နိုင်ငံတကာ ချည်စက်များ၏ ဗဟိုဌာနအဖြစ် ထင်ရှားခဲ့သည်။ ရက်ကန်းစက်ကဲ့သို့သော အသစ်အဆန်း စက်ပစ္စည်းများ ပေါ်လာကာ များစွာသော အထည်ရက်စက်ရုံများ သည် နိုင်ငံများစွာ၌ ထွန်းကားလာခဲ့ လေသည်။



၁၉ ရာစုက ပေါ်ပေါက်ခဲ့သော ချည်ထည်ရက်စက်ရုံ

www.burmeseclassic.com

www.burmeseclassic.com

## 'ဆစ်တင်း' ခရစ်ယန်ဝတ်ကျောင်းတော်သည် မည်သည့်ဒေသတွင် ရှိပါသနည်း

'ဆစ်တင်း' ခရစ်ယန်ဝတ်ကျောင်းတော် The Sistine Chapel သည် ရောမမြို့တွင်ရှိကာ ဝတ်ကျောင်း၏မျက်နှာကြက်တွင် ရေးဆွဲထားသော 'အဒမ်ကို ဖန်ဆင်းခြင်း' The Cration of Adam ပန်းချီကားကြီးကြောင့် ထင်ရှားလေသည်။

၁၆ ရာစုက အလွန်ထင်ရှားကျော်ကြားခဲ့သည့် ပန်းချီဆရာကြီး 'မိုက်ကယ်အင်ဂျလို' Michelangelo က ယင်းပန်းချီကားကို ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

မိုက်ကယ်အင်ဂျလို ရေးဆွဲခဲ့သည့် ကမ္ဘာကျော် 'အဒမ်ကို ဖန်ဆင်းခြင်း' ပန်းချီကား



## ကိုပါးနီးကန်သီအိုရီသည် မည်သို့ စတင်ပေါ်ပေါက်လာခဲ့သနည်း

ရီနေးဆန့် (ရှေးဂရိယဉ်ကျေးမှု အတွေးအခေါ်များကို ဖော်ထုတ်လိုက်စားမှုကြောင့် ၁၄ ရာစုမှ ၁၆ ရာစုနှစ်များအတွင်းက အနုပညာနှင့်စာပေ ပြန်လည်ထွန်းကားလာသည့်ခေတ်) Renaissance ခေတ်ကာလက သိပ္ပံပညာရှင်များ၏ ရှေ့ဆောင်ဖြစ်သူ နီကိုလပ်စ် ကိုပါးနီးကပ်စ် Nicolaus Copernicus သည် ကိုပါနီးကန် သီအိုရီကို တီထွင်ခဲ့သည်။ သူက ကမ္ဘာကြီးသည် သူ့ဝင်ရိုးပေါ်တွင်လည်ကာ နေကို လည်ပတ်လျက်ရှိသည် ဟူသော အဆိုကို တင်ပြခဲ့သည်။



သိပ္ပံပညာရှင် ကိုပါးနီးကပ်စ်




www.burmeseclassic.com

www.burmeseclassic.com

## အဓိကပြောင်းလဲမှုကို စတင်ခဲ့သည့် ရေနွေးငွေ့အင်ဂျင်သည် မည်သည့်ဒေသတွင် စတင်ပေါ်ပေါက်ခဲ့သနည်း

ရေနွေးငွေ့အင်ဂျင် Steam engines သည် စက်မှုတော်လှန်ရေး၏ အရေးအကြီးဆုံး တီထွင်မှုဖြစ်ပြီး ဥရောပ၏ သယ်ယူပို့ဆောင်ရေးစနစ်နှင့် ကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများကို အသွင်ပြောင်းလဲလိုက်သည့် တီထွင်မှုကြီးတစ်ခုဖြစ်သည်။ ထို့နောက် ရေနွေးငွေ့မောင်းမီးရထားများနှင့် ရေနွေးငွေ့မောင်း သင်္ဘောများ စသည်ဖြင့် ရေနွေးငွေ့အင်ဂျင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ ပေါ်ထွန်းလာခဲ့လေသည်။ (ယခင်က ယာဉ်ရထားကို မြင်းများဖြင့် ဆွဲခဲ့ကြသည်။)



သယ်ယူပို့ဆောင်ရေးတွင် အရေးအကြီးဆုံး တီထွင်မှုဖြစ်သည့် ရေနွေးငွေ့အင်ဂျင်ဖြင့် မောင်းသည့် မီးရထား

## ရီနေးဆန့်သည် မည်သည့်ဒေသက စတင်ဖြစ်ပေါ်လာခဲ့သနည်း

ရီနေးဆန့် Renaissance သည် အီတလီနိုင်ငံမှ စတင်ပေါ်ပေါက်ခဲ့ပြီး ၁၄ ရာစုမှ ၁၆ ရာစုအတွင်း ဥရောပသို့ ပျံ့နှံ့သွားခဲ့သည့် အနုပညာ၊ စာပေနှင့် သိပ္ပံပညာတို့ ကြီးမားစွာ တိုးတက်ဖွံ့ဖြိုးလာသည့် ကာလဖြစ်ပြီး ရှေးခေတ်ဂရိနှင့် ရောမယဉ်ကျေးမှုတို့ ဩဇာလွှမ်းမိုးမှုရှိလာခဲ့လေသည်။

[ I Know Where စာအုပ်မှ The New Age. ]

မောင်ခေတ်ထွန်း

❐



ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီ Leonardo da Vinci ရေးဆွဲခဲ့သည့် ကမ္ဘာကျော် 'မိုနာလီဆာ' ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



# အလှူဒါန (၇) မျိုး

အခါတစ်ပါး၌ လူငယ်တစ်ယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ "အကျွန်ုပ်သည် မည်သည့်အရာကိုပဲလုပ်လုပ် မအောင်မမြင်ဖြစ်နေပါသည်။ အဘယ့်ကြောင့် မအောင်မမြင်ဖြစ်နေပါသနည်း"ဟု မေးလျှောက်သည်။

"ချစ်သားသည် အလှူဒါနမပြုတတ်၍ ဖြစ်သည်"ဟု မြတ်စွာဘုရားက ဖြေကြားတော်မူသည်။

"ငွေကြေးတစ်ပြားတစ်ချပ်မျှ မရှိသော ကျွန်ုပ်အဖို့ မည်ကဲ့သို့ အလှူဒါနပြုနိုင်ပါမည်နည်း"

"ချစ်သား ဤသို့မဟုတ်သည်ကို မှတ်သားလော့။ တစ်ဦးတစ်ယောက်သောသူသည် ငွေကြေးမရှိသော်လည်း သူတစ်ပါးကို ပေးကမ်းနိုင်သော အလှူဒါန (၇) မျိုးရှိသည်"

ထို (၇)မျိုးမှာ —

၁။ မျက်နှာဟန်ပန် အမူအရာဖြင့် အလှူဒါနပြုခြင်း(အပြုံးဖြင့် ဖော်ရွေစွာဆက်ဆံခြင်း)

၂။ နှုတ်ဖြင့်အလှူဒါနပြုခြင်း (အားပေးစကား၊ နှစ်သိမ့်စကား၊ ချီးကျူးစကား၊ ညွှာတာစကား၊ နွေးထွေး သောစကားများ ပြောဆိုခြင်း။)

၃။ စိတ်ဖြင့် အလှူဒါနပြုခြင်း(စိတ်တံခါးကိုဖွင့်၍ သူတစ်ပါးကို ပွင့်လင်းရိုးသားစွာ ဆက်ဆံခြင်း။)

၄။ အမြင်ဖြင့် အလှူဒါနပြုခြင်း၊ (ကောင်းသော စေတနာအမြင်ဖြင့် သူတစ်ပါးကို ကြည့်မြင်တတ်ခြင်း)

၅။ ကာယလုပ်အားဖြင့် အလှူဒါနပြုခြင်း၊ (ကိုယ်နိုင်နင်းသော လုပ်ဆောင်ပေးမှုဖြင့် သူတစ်ပါးကို ကူညီခြင်း။)

၆။ နေရာထိုင်ခင်း အလှူဒါနပြုခြင်း၊ (လှေစီး၊ ကားစီးသည့်အခါ မိမိထိုင်ခုံနေရာကို အိုမင်းမစွမ်းသူ၊ ကိုယ်ဝန်ရှိသူနှင့် ကလေးငယ်တို့အား မိမိ၏ထိုင်ခုံနေရာကို ထိုင်စေခြင်း။)

၇။ နေအိမ်အလှူဒါနပြုခြင်း၊ (မိမိ၏အိမ်နေရာကို သူတစ်ပါးတို့အနားယူရန် ပေးကမ်းခြင်း။)


မည်သူမဆို ဤအလှူဒါန (၇)မျိုးသော ကောင်းမှုကုသိုလ်ကို ပေးကမ်းလေ့ရှိသည့် အကျင့်ကောင်းရှိလျှင် အောင်မြင်ခြင်းသည် ထက်ကြပ်မကွာ လိုက်ပါလာမည်သာ ဖြစ်သည်။

**[ ပါမောက္ခဒေါ်ခင်ဖြူ(မြင်းခြံ)၏ တရုတ်ဘာသာ READER 2009-16 စာစောင်မှ ပြန်ဆိုဝေငှသည့် လက်ကမ်းစာစောင်ကို တစ်ဆင့်ဖော်ပြအပ်ပါသည်။ ]**



www.burmeseclassic.com

www.burmeseclassic.com




# ဦးထုပ်ကလေး

## ကေမင်းညီ

✦ အပူဒဏ်ကို ကာကွယ်တာ
ဦးထုပ်ကလေးပါ။

✦ နေ့လယ်ခင်းမှာ အပြင်ထွက်
တာဝန်မပျက် လိုက်ပါလျက်။

✦ ဦးခေါင်းထက်က တို့မိတ်ဆွေ
ဘဝင်စိတ်ထား မမြင့်ပေ။

✦ သစ်ပင်တွေလို အရိပ်ပေး
အပူဘေးမှ ကင်းပဝေး။
သားသားဆောင်းဖို့ပေး။ ။

□

www.burmeseclassic.com

www.burmeseclassic.com

# ကလေးတို့တွက်တာ သုတအဖြာဖြာ


**မောင်ခေတ်ထွန်း**

## ရှေးခေတ်တီထွင်မှုများ

## ANCIENT INVENTIONS


**ရှေးခေတ်အီဂျစ်လူမျိုးများသည် ပေါင်မုန့်အမျိုးပေါင်း မည်မျှကို ပြုလုပ်ခဲ့ကြသနည်း**

ရှေးခေတ်အီဂျစ်လူမျိုးများသည် ပေါင်မုန့်အမျိုးပေါင်း ၄၀ ကို ပြုလုပ်နိုင်ခဲ့ကြလေသည်။ အဆိုပါ ပေါင်မုန့်များကို သစ်သီး၊ စွန်ပလွံသီး၊ နှမ်း (သို့) ပျားရည်များဖြင့် အရသာရှိအောင် ထည့်သွင်းပြုလုပ်ခဲ့ကြသည်။




**ရှေးခေတ် အိန္ဒိယနိုင်ငံက စတင်ခဲ့သော ထင်ရှားကျော်ကြားသည့် ဘုတ်ပြားကစားနည်းမှာ မည်သည့်နည်းဖြစ်သနည်း**

စစ်တုရင် Chess ကစားနည်းသည် ရှေးခေတ် အိန္ဒိယနိုင်ငံက စတင်ခဲ့သော ကစားနည်းဖြစ်သည်။ ကစားသမား လေးယောက်သာ ကစားရသည်။ ထို့ကြောင့် ယင်းကို 'ချတုရန်ဂါ' Chaturanga ဟူ၍ ခေါ်ဆိုသည်။ အဓိပ္ပာယ်မှာ 'ကိုယ်ခန္ဓာ ၄ ကိုယ်' four bodied ဟူ၍ ဖြစ်သည်။



**ရှေးခေတ်လက်ရေးစာကို မည်သူတို့ တီထွင်ရေးခဲ့ကြသနည်း**


ရှေးခေတ် ဆူမားရီးယန်းလူမျိုးတို့သည် ပထမဆုံး လက်ရေးစာကို စတင်တီထွင်အသုံးပြုခဲ့ကြသူများ ဖြစ်ကြသည်။ သူတို့သည် ထုံးကျောက် (သို့) ရွှံ့ပြားပေါ်တွင် ရုပ်ပုံများ၊ သင်္ကေတစာများနှင့် အသံများကို ရေးထွင်းခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



## ပထမဦးဆုံး ရေလွှဲနှင့် ရေမြောင်းသွယ်စနစ်ကို မည်သည့်နေရာတွင် စတင်ခဲ့သနည်း

ကမ္ဘာ့ပထမဆုံး ရေလွှဲ၊ ရေမြောင်းသွယ်စနစ်ကို ယဉ်ကျေးမှုလူ့အဖွဲ့အစည်းထွန်းကားရာ အင်ဒူမြစ်ဝှမ်း၏ အလယ်ဗဟိုရှိ မိုဟင်ဂျိုဒါရိုမြို့တော်တွင် စတင်ခဲ့သည်။ ထိုအချိန်ကာလက ရေလွှဲ၊ ရေမြောင်းသွယ်စနစ်သည် အလွန်ပင်ထင်ရှား အကျိုးကျေးဇူးများခဲ့ပေသည်။

## ခေါက်ဆွဲကို ဖန်တီးတီထွင်ခဲ့သည်မှာ မည်မျှကြာပြီနည်း


ခေါက်ဆွဲပြုလုပ်နည်းကို အီတလီနိုင်ငံက လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ခန့်ကပင် ရရှိခဲ့လေသည်။ အီတလီလူမျိုး စူးစမ်းရှာဖွေရေးသမား မာကိုပိုလို Marco Polo သည် ခေါက်ဆွဲပြုလုပ်နည်းကို တရုတ်ပြည်မှ ရရှိခဲ့ကာ အီတလီနိုင်ငံသို့ ယူဆောင်လာခဲ့ခြင်းဖြစ်သည်။



## ရှေးခေတ်က လူသားတို့အား သွားလာရာတွင် အဓိကပစ္စည်းတစ်ခုကို တီထွင်ခဲ့ရာ ယင်းမှာ မည်သည့်ပစ္စည်းဖြစ်ပါသနည်း

ဘီး Wheel တီထွင်မှုသည် လူ့ယဉ်ကျေးမှု အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် တီထွင်မှုတစ်ရပ်ပင် ဖြစ်သည်။

ပုံတွင်တွေ့ရသော ရှေးအကျဆုံး ဘီးပုံစံမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ ကျော်က ရှေးခေတ်မက်ဆိုပိုတေးမီးယားနိုင်ငံတွင် တီထွင်ပြုလုပ်ခဲ့သောဘီးဖြစ်သည်။ သစ်သားအပိုင်းပြားဖြစ်သည်။ နောက်ပိုင်းတွင် ရှေးခေတ် အီဂျစ်လူမျိုးများသည် ဘီးတွင် ဘီးအကန့်များထည့်ကာ ပြုလုပ်လာခဲ့သည်။ ဘီးသည် လေးလံမှုမရှိဘဲ ပေါ့ပါးလာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

### ရှေးခေတ် တရုတ်ပြည်သည် ငွေစက္ကူကို ပထမဆုံး စတင်အသုံးပြုသည့် တိုင်းပြည်ဖြစ်ပါသလား

ရှေးခေတ် တရုတ်ပြည်သည် ငွေစက္ကူ Paper Money ကို ပထမဆုံး စတင်အသုံးပြုသည့် တိုင်းပြည်ဖြစ်ပါသည်။ အဆိုပါ ခေတ်ကာလက လူများက ငွေစက္ကူကို 'ပျံနေသောငွေ' Flying Money ဟူ၍ ခေါ်ဆိုကြသည်။ ငွေစက္ကူသည် လေထဲလွင့်သွားအောင် ပေါ့ပါးသောကြောင့် ဖြစ်သည်။


*[ I Know About စာအုပ်မှ .. The Ancient Inventions. ]*

**မောင်ဓေတ်ထွန်း**

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၂)

**မေးခွန်းသင်္ကေတနေရာ၌ လိုနေသော ကိန်းကို ဖြည့်ပါ။**




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ ၁-၅-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]

## Did You know?

### <u>ကြံဖတ်မှ စက္ကူ</u>

စက္ကူကို အဓိကအားဖြင့် ဝါးနှင့် သစ်ပျော့ဖတ်များမှ ထုတ်လုပ်ခဲ့သော်လည်း ဝါးနှင့် သစ်များ ရှားပါး လာမှုကြောင့် စက္ကူစုတ်များကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး စက္ကူပြန်လည်ထုတ်လုပ်ကြသည်။ ဂျာမနီနိုင်ငံ သည် စွန့်ပစ်ပစ္စည်းဖြစ်သော ကြံဖတ်မှ စက္ကူအဖြစ် ထုတ်လုပ်သည့် နည်းလမ်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအခါ အဆင့်မီ သတင်းစာစက္ကူများကို ထုတ်လုပ်လျက်ရှိနေပြီဖြစ်သည်။

www.burmeseclassic.com

[ အခန်းဆက်ဘာသာပြန်ဝတ္ထုရှည် ]

# မေတ္တာတောင်ချောက်

## နတ်မောက်အနီချို

(၁)

ဘိုရင်ရေဒိုင်ကြီးအနီးရှိ ဘိုလိပ်ကင်းမှာ တောင်တန်းများကြားမှ ရွာငယ်လေးဖြစ်သည်။ ၎င်းတွင် မိန်းကလေးများအတွက် ကျောင်းပိတ်ရက် အပန်းဖြေစခန်းရှိသည်။ အခြားစခန်းများနှင့် ထူးမခြားနား ဤစခန်းလေးမှာ အနီးမှဖြတ်သွားလျှင် ပွက်ပွက်လှုပ်နေသော ပျားအုံပမာ အသက်အသံ ဆူဆူညံညံကို သတိထားမိလောက်သည်။ တီးတိုးတွတ်ထိုးသံမှသည် တခိခိရယ်သံ၊ ခွက်ထိုးခွက်လန် ရယ်မောသံအထိ သံစုံတီးဝိုင်းပမာ နားအာရုံမှာ အသံပေါင်းစုံလာညီနေကျ။ ပျော်ရွှင်ကြည်နူး ရွှင်မြူးတက်ကြွနေသော အသံများပါပေ။

ဤအပန်းဖြေစခန်းလေး၌ ရှုပ်ထွေးသော်လည်း ကျေနပ်နှစ်သက်စွာ စိတ်လှုပ်ရှားစရာဖြစ်သော ဇာတ်လမ်းလေးတစ်ခု ဖြစ်ထွန်းလာခဲ့သည်။

ရေဒိုင်ထဲတွင် ကိုးနှစ်သမီး အုပ်စုလိုက် အော်ကာဟစ်ကာ ရေကစားလျက်ရှိကြရာ ၎င်းအုပ်စုထဲ၌ ထုံးစံအတိုင်း အကဲဆုံးမိန်းကလေးမှာ ဆံပင်အရွှေအလိပ်များနှင့် ဖုံးလွှမ်းထားသော ဉာဏ်နီဉာဏ်နက် ထက်မြက်သော စိတ်ကူးများဖြင့် ပြည့်လျှမ်းနေသည့် ခေါင်းကလေးပိုင်ရှင် ဗီယင်နာမှ လီဇာပင်တည်း။

အိမ်မကြီးဆီမှ မောင်းသံသုံးချက် ထွက်ပေါ်လာလေရာ မိန်းကလေးများရော၊ အကူမိန်းမပျိုလေးများပါ ကမ်းဆီလှမ်းကြလေပြီ။ 'မစ္စယူရီကာ'က ကလေးများကို အိမ်မကြီးဆီ စုသိမ်းလာသည်။ မနက် ၁၂ နာရီတိတိတွင် နေ့လယ်စာ စားကြသည်။

ယနေ့ နေ့လယ် ဂျာမဏီတောင်ပိုင်းမှ မိန်းကလေး အယောက်နှစ်ဆယ် ထပ်ရောက်လာမည်။ ၎င်းတို့ထဲ၌ ဝတ်စားဆင်ဖြင် အလှမင်တတ်သော ယမင်းရုပ်ကလေး မည်မျှ၊ မနေမနား လျှာကစားနေမည့် စကားအိုးက မည်မျှ၊ အပျိုကြီးဂိုက်ဖမ်းနေမည့် အပျိုပေါက်တွေ မည်မျှပါလာလိမ့်မည်ကို သိလိုဇောကြီးစွာ မျှော်လင့်နေကြ၏။ ထိုက်ထိုက်တန်တန် ကစားစရာများ သယ်ဆောင်လာကြလေမလား။ ဘောလုံးလေးတစ်လုံး တလေပါလျှင် ကောင်းမည်။ လက်ရှိ ဘောလုံးက လေမရှိ။

လီဇာ၊ ထရူဒီ၊ ဘရစ်ဂျစ်တို့အုပ်စု ခြံဝရှိ သံပန်းတံခါးဂိတ်အနီး၌ စုရပ်ကာ ဘူတာမှ ကားပြန်အလာကို စောင့်ဆိုင်းနေကြသည်။ စောင့်ရင်းနှင့် စိတ်မရှည်နိုင်။ ရထားက အချိန်မှန်ပါလေစ။ ယခုဆို ရောက်ရန်သင့်ပြီ။ ရုတ်တရက် ကားဟွန်းသံကြားလိုက်ရ၏။

"ဟေး ‥ လာကြပြီဟေ့"

အရှိန်နှင့်လာနေသော ခရီးသည်တင်ကားသည် ဂိတ်ဝသို့ ဂရုတစိုက် ချိုးကွေ့ဝင်လာကာ ကားကို အသာအယာရပ်လိုက်၏။ ဒရိုင်ဘာ ကားပေါ်မှဆင်းလာသည်။ မိန်းကလေးငယ်များကို တစ်ယောက်စီမြှောက်ချီ၍ ကားပေါ်မှချပေးနေသည်။ မိန်းကလေးများနှင့်အတူ အဝတ်အိတ်၊ သေတ္တာ၊ ခြင်းတောင်း၊ စက္ကူအိတ်၊ ဗိုလ်မရုပ်၊ မွေးပွခွေးရုပ်၊ အထုပ်အပိုးများ၊ ဓာတ်ဘူး၊ မိုးကာ၊ ကျောပိုးအိတ်၊ ကော်ဇောလိပ်၊ ရုပ်ပုံစာအုပ်များ၊ လိပ်ပြာဖမ်းပိုက်ကွန် စသည့် မြတ်စဖြင်းတောင်းတွေပါ တစ်ပုံတစ်ခဲကြီး ကားထဲမှထွက်လာသည်။ နောက်ဆုံး လေးနက်သောမျက်နှာ၊ ငြိမ်သက်သောအမူအရာဖြင့် အယောက်နှစ်ဆယ်မြောက် မိန်းကလေး ကားတံခါးဝ၌ ပေါ်လာသည်။ ဒရိုင်ဘာက လက်ကမ်းတော့ မိန်းကလေးက ခေါင်းလေးယမ်းခါလိုက်လေရာ သူ့ကျစ်ဆံမြီးလေးနှစ်ဖက်ပါ ခါယမ်း၍သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

"ရတယ် ကျေးဇူးပါပဲ"

ယဉ်ကျေးသော်လည်း ပြတ်သားစွာငြင်းဆိုကာ ယုံကြည်မှုအပြည့်ဖြင့် အေးဆေးတည်ကြည်စွာ လှေကားထစ်များကို ဆင်းလာသည်။ မြေပြင်ရောက်တော့ ရှက်ပြုံးလေးနှင့် ကြိုဆိုရေးအုပ်စုထံ မျက်လုံးဝင့်မိလေရာ လီဇာ့ကိုမြင်သည်နှင့်တစ်ပြိုင်နက် မျက်လုံးအဝိုင်းသား ဖြစ်သွားတော့သည်။ အလန့်တကြား ထိုမျက်နှာလေးကို သေချာကြည့်လိုက်မိသော လီဇာမှာလည်း မျက်လုံးကြီးများ ပြူးဝိုင်းလာတော့သည်။

အနီးရှိ မိန်းကလေးတစ်အုပ်စုလုံးနှင့် မစ္စယူရီကာမှာလည်း တအံ့တသြ။ ကားဒရိုင်ဘာပင်လျှင် သူ့ဦးထုပ်ကို နောက်သို့တွန်းရွှေ့ကာ သူ့ထိပ်ပြောင်ကြီးကို ကုတ်ခြစ်ရင်း ပါးစပ်အဟောင်းသားဖြစ်နေ၏။

လီဇာနှင့် ယခုမှရောက်လာသော အသစ်မိန်းကလေးမှာ ရှည်လျားသော ဆံပင်အလိပ်အခွေများနှင့် ပိပြားသောကျစ်ဆံရှည်နှစ်ချောင်းမှလွဲ၍ နှစ်ဦးသား ရွေးမရအောင် တစ်ရုပ်တည်းဖြစ်နေသည်။ လီဇာက ချာခနဲလှည့်ကာ နောက်က ကျားလိုက်လာသလို ဥယျာဉ်ထဲ ပြေးထွက်သွားသည်။

"လီဇာ .. လီဇာ"

မစ္စယူရီကာ လှမ်းခေါ်သော်လည်း ပြန်မလှည့်လာ။ မစ္စယူရီကာက ပခုံးအသာတွန့်ကာ အသစ်ရောက်လာသော မိန်းကလေးအုပ်စုကို အိမ်မကြီးဆီ ဦးဆောင်လာသည်။ ကျစ်ဆံမြီးနှစ်ချောင်းနှင့် မိန်းကလေးမှာ စိတ်ရှုပ်ထွေးအံ့သြရင်း ဇဝေဇဝါ မရေမရာနှင့် လိုက်ပါလာတော့သည်။

***

နွေရာသီ အပန်းဖြေစခန်း၏ အုပ်ချုပ်သူ မစ္စက်ဖြူတီစူးက ရုံးခန်းထဲ၌ ထမင်းချက်နှင့် ဟင်းလျာစားရင်း ဆွေးနွေးစီစဉ်နေသည်။ တံခါးခေါက်သံကြားရကာ မစ္စယူရီကာအခန်းထဲ ဝင်လာ၏။ အသစ်ရောက်လာသော မိန်းကလေးများစုံစေ့ကြောင်း သတင်းလာပို့ခြင်းဖြစ်သည်။

"တစ်ခုရှိတာက .."

"အင်း .. ပြောပါ"

"လီဇာက တွေ့ချင်လို့ပါတဲ့။ အပြင်မှာ စောင့်နေတယ်"

"လွှတ်လိုက်ပါ၊ ဘာများ စာရင်းရှုပ်ဦးမလဲ မသိဘူး"

ဆရာမကြီး မပြုံးဘဲမနေနိုင်။ လီဇာမှာ လှုပ်လှုပ်ရှားရှား ပြဿနာများတတ်သူလေး ဖြစ်သည်။

"ဒီတစ်ခါတော့ ပြဿနာမဟုတ်ပါဘူး"

တံခါးကို အသာအယာဖွင့်ကာ ခေါင်းပြူရင်း

"ကဲ .. လာ .. နှစ်ယောက်စလုံးလာကြ၊ မကြောက်ကြနဲ့"

မိန်းကလေးနှစ်ယောက် ဝင်လာသည်ကိုကြည့်ရင်း ထမင်းချက်က –

"ဘုရားရေ .."

ဆရာမကြီးမှာ မျက်လုံးကြီးသာ ပြူးနေသည်။ စကားမဆိုနိုင်။ မစ္စယူရီကာက ဦးဆောင်ကာ –

"ဒီမိန်းကလေးက မြူးနစ်ကပါ။ လော့တီဟွန်းတဲ့"

"သမီးတို့နှစ်ယောက် အမျိုးတော်ကြလား"

ကလေးနှစ်ယောက်က ခေါင်းခါသည်။ မစ္စယူရီကာက –

"သူတို့လည်း ဒီနေ့ကျမှ တစ်ယောက်နဲ့တစ်ယောက် မြင်ဖူးတွေ့ဖူးကြတာ ထူးဆန်းတယ်နော်"

"ကလေးတို့ ဒီလောက်ရုပ်ချင်းဆင်နေတဲ့နှစ်ယောက်ဟာ မိတ်ဆွေဖြစ်သင့်တယ်။ ခွာပြီး ခပ်ဝေးဝေး ရပ်မနေကြနဲ့လေ။ ပူးပူးကပ်ကပ်ရပ်ပြီး လက်ဆွဲနှုတ်ဆက်ကြပါလား"

"ဟင့်အင်း"

လီဇာက လက်နှစ်ဖက်ကို နောက်ပစ်လိုက်၏။

"ကဲ .. ကောင်းပြီလေ။ ဒါဆို နှစ်ယောက်စလုံး ပြန်နိုင်ပြီ"

လီဇာက တံခါးဆီ ပြေးသွားဆွဲဖွင့်ပြီး လစ်ခနဲ ပြေးထွက်သွားသည်။ လော့တီက ဒူးညွတ်အရိုအသေ ပေးကာ ကျွန်ခြေရရ လှမ်းထွက်သွား၏။

"ခဏလောက် လော့တီ"

ဆရာမကြီးက စာရင်းစာအုပ်ကိုဖွင့်ကာ –

"တစ်ခါတည်း စာရင်းသွင်းလိုက်ရအောင်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဘယ်မှာမွေးသလဲ၊ ဘယ်နှခုနှစ်မှာ မွေးသလဲ၊ မိဘတွေရဲ့နာမည်''

''သမီးမှာ မေမေပဲရှိပါတယ်''

ဆရာမကြီးက -

''ကဲ .. မွေးသက္ကရာဇ် ပြော''

* * *

လော့တီက စက်ဘီးတစ်လျှောက် လျှောက်လာကာ လှေကားကိုတက်သည်။ တံခါးဖွင့်ပြီး အခန်းထဲ လှမ်းဝင်လိုက်၏။ သူ့သေတ္တာမှာ မဖွင့်ရသေးပါ။ သေတ္တာဖွင့်ကာ အဝတ်အစားများကို လော့ကာထဲထည့်သည်။ ပန်းခြံထဲမှာ ပျော်ရွှင်ရယ်မောနေသော အသံများက ပြတင်းမှ လျှံဝင်လာသည်။

လော့တီက လက်ထဲရှိဓာတ်ပုံကို ချစ်ခင်မြတ်နိုးစွာ ကြည့်နေမိ၏။ ဓာတ်ပုံကို အဝတ်ပုံအောက် ဂရုတစိုက်ထိုးထည့်လိုက်သည်။ လော့ကာ တံခါးပြန်ပိတ်ပြီး သူ့ကိုယ်သူ မှန်ထဲသေချာကြည့်နေမိသည်။ ပြီး ကျစ်ဆံလေးနှစ်ဖက်ကိုဖြေကာ လီဇာ့ဆံပင်ပုံစံမျိုးဖြစ်အောင် ထိပ်ဖက်၌ ဖွကြည့်လိုက်၏။ ရုတ်တရက် တံခါးတစ်ချပ်ပိတ်သံ ကြားလိုက်ရမှ အလန့်တကြား လက်ပြန်ချမိလိုက်သည်။ သူခိုးလူမိသလို ခံစားလိုက်ရသည်။

လီဇာက သူ့အဖော်တသင်းနှင့် ပန်းခြံထဲရှိ အုတ်ထရံပေါ် တက်ထိုင်နေကြသည်။ မျက်မှောင်ကိုကုတ်ရင်း စဉ်းစားနေသည်။ ထရူဒီက -

''တကယ်အောက်တယ်ကွာ။ နင့်မျက်နှာနဲ့ ချွတ်စွပ်တူတဲ့လူမှ ပေါ်လာရတယ်လို့''

လီဇာ ဒေါပွလာလေပြီ။

''အဲဒါ ငါက ဘာလုပ်ရမှာလဲ''

မိုနီကာက -

''သူ့မျက်နှာကို ကုတ်ဆွဲပစ်ဟာ''

ခရစ္စတင်းကလည်း ခြေထောက်များကို တွဲလွဲရမ်းခါရင်း -

''နှာခေါင်းကို ဖမ်းကိုက်လေဟယ်။ သူ့နှာခေါင်းပြတ်သွားရင် နင်နဲ့မတူတော့ဘူးပေါ့။ မကောင်းဘူးလား''

''ပျော်ပျော်ပါးပါး အမှတ်တရနေချင်ပါတယ်ဆိုမှ ဒါမျိုးကြီးနဲ့ လာတိုးတယ်လို့ပဲ''

လီဇာက စိတ်ပျက်လက်ပျက်ညည်းနေသည်။ ပါးဖောင်းဖောင်းလေးနှင့် စတက်ဖီက -

''ဟဲ့ .. သူလည်း တမင်လုပ်တာမှမဟုတ်တာ ဘယ်တတ်နိုင်ပါ့မလဲ။ ငါနဲ့ချွတ်စွပ်တူတဲ့လူများ တွေ့ကြည့်ပါလား''

ထရူဒီက ဟက်ဟက်ပက်ပက်ရယ်မောကာ -

''ဩော် .. နင့်ရုပ်ကြီးမျိုးနဲ့ ချွတ်စွပ်တူတဲ့လူများ ရှိနိုင်သေးတယ်လို့ နင်ထင်တယ်ပေါ့နော်။ ရယ်ရတယ်ဟေ့''

စတက်ဖီ နှုတ်ခမ်းစူသွားသလောက် အားလုံးက ဝိုင်းဝန်းရယ်မောကြသည်။ လီဇာပင် မပြုံးဘဲမနေနိုင်။

မောင်းသံကြားရလေပြီ။ ညစာစားချိန်။

* * *

ထမင်းစားခန်းထဲ၌ ဆရာမကြီးက မစ္စယူရီကာကို -

''အဲဒီကလေးနှစ်ယောက်ကို အတူထိုင်ခိုင်းမယ် ဆရာမရေ''

ကလေးအုပ်စု တညီညီနှင့် ထမင်းစားခန်းထဲ ဝင်လာသည်။ ကုလားထိုင်ဆွဲသံတွေ ကြားရ၏။ တာဝန်ကျမိန်းကလေးများက အငွေ့တထောင်းထောင်းနှင့် အစားအသောက်များကို ထမင်းစားပွဲဆီသယ်လာကြသည်။ တချို့က ပန်းကန်ပြားများထဲ ကော်ခပ်ထည့်ပေးနေ၏။

မစ္စယူရီကာက ထရူဒီပခုံးကိုပုတ်ကာ -

''ဟေးလ်ဒါ့နား သွားထိုင်ချေသမီး''

''ဒါ သမီးနေရာ''

''စောဒကမတက်နဲ့ သမီး။ ခိုင်းတဲ့အတိုင်းလုပ်''


ထရူဒီလည်း ပခုံးတွန့်ကာ နေရာမှထ၍ ဟေးလ်ဒါ့အနီးသို့ သွားထိုင်သည်။ သည်တော့ လီဇာ၏ဘေးနေရာ လွတ်သွားသည်။ အားလုံးသောမျက်လုံးအစုံက နေရာလွတ်ဆီ အာရုံရောက်နေသည်။ ခဏနေတော့ အခန်းထဲလှမ်းဝင်လာသော လော့တီဆီ မျက်စိရောက်သွားကြပြန်သည်။

မစ္စယူရီကာက အေးဆေးငြိမ်သက်သော ကျစ်ဆံမြီးမလေးကို ဦးဆောင်ကာ -

''လာ .. သမီး ဒီနေရာမှာလာထိုင်''

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လီဇာက မော့မကြည့်။ စွပ်ပြုတ်ကိုသာ ဇွန်းနှင့် ခပ်ကာ မဲသောက်နေသည်။ လော့တီက ဘေး၌အသာ အယာဝင်ထိုင်ကာ ဇွန်းကိုကောက်ကိုင်သည်။ လော့တီ လည်းမျိုမှာ ကြိုးစည်းထားသလို နင်နေ၏။

တစ်ခန်းလုံးမှာ သည်နှစ်ယောက်ကို စိတ်ဝင်စား ခြင်းကြီးစွာ အကဲခတ်နေကြ၏။ ခေါင်းနှစ်လုံးသုံးလုံးပါ သော နွားပေါက်လို အထူးအဆန်းသတ္တဝါထက်ပင် စိတ် ဝင်စားစရာ ကောင်းနေသေးတော့သည်။

လီဇာ သည်းမခံနိုင်တော့ပါ။ ရှိသမျှအားကိုစု စည်းကာ စားပွဲအောက်မှ လော့တီခြေမွဲရိုးကို တအား ပိတ်ကန်ပစ်လိုက်၏။ လော့တီမှာ နာကျင်မှုကြောင့် ရှုံ့မဲ့သွားရှာသည်။ သို့သော် အသံတစ်စက်မထွက်ရ အောင် နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်၏။

လူကြီးများ စားပွဲမှ မစ္စဂါဒါက ခေါင်းကိုခါယမ်း ရင်း –

“ကြို့ ကြို့ဖူးပေါင်တော်။ သူစိမ်းတစ်ရံဆံနှစ် ယောက် ဒီလောက် ချွတ်စွပ် ရုပ်ချင်းတူနေရတယ်လို့ ပဲ”

မစ္စယူရီကာက စဉ်းစဉ်းစားစား ဆိုသည်။

“နက္ခတ်တစ်ခုတည်းမွေးတဲ့ ကလေးတွေများ လား”

“အဲဒါ ဘာအဓိပ္ပာယ်လဲ”

“ဩော် .. နက္ခတ်ချင်း တိုက်တိုက်ဆိုင်ဆိုင် ဆုံပြီး တစ်မိနစ်၊ တစ်စက္ကန့်ထဲမွေးတဲ့ ကလေးတွေဟာ သွေးမစပ်ပေမယ့် ရုပ်ချင်းတပ်အပ်တူတတ်တယ်လို့ ကြားဖူးထားလို့လေ”

ကျောင်းအုပ်က အတည်ပြုသည်။

“တို့လည်း ဖတ်ဖူးတယ်။ လန်ဒန်က အပ်ချုပ် သမားတစ်ယောက်ဟာ သတ္တမမြောက် အက်ဒွတ်ဘုရင် နဲ့ ရုပ်ချင်းတစ်ထပ်တည်းတူနေတာ တွေ့ရသတဲ့။ ခွဲလို့ တောင်မရဘူးဆိုပဲ။ ဒီကြားထဲ ဘုရင့်မုတ်ဆိတ်ပုံစံမျိုး အပ်ချုပ်သမားကလည်း မုတ်ဆိတ်ချွန်ချွန်ထားလေ တော့ ပိုပြီး ခွဲရခက်တော့တာပေါ့။ ဘုရင်က သူ့ကို ဘင်္ဂမင်ဟမ်နန်းတော်ကို ဖိတ်ကြားပြီး စကားပြောခဲ့ သတဲ့”

“သူတို့နှစ်ယောက် တစ်ချိန်တည်းမွေးတာတဲ့ လား”

“ဟုတ်တယ်။ မိနစ်၊ စက္ကန့်မလွဲ တစ်ချိန်တည်း မွေးတာဆိုတာ အတည်ပြုနိုင်ခဲ့တယ်”

“ပြီးတော့ ဘာဆက်ဖြစ်သေးသလဲဟင်”

အကြီးအကျယ် စိတ်ဝင်စားနေသော မစ္စဂါဒါက စပ်စုသည်။

“ရှင်ဘုရင်ရဲ့ဆန္ဒအရ အပ်ချုပ်သမားခမျာ မုတ် ဆိတ်ကို ရိပ်ပယ်လိုက်ရရှာသတဲ့”

အားလုံးပွဲကျသွားသည်။ ကျောင်းအုပ်ကြီးက တော့ ကလေးနှစ်ယောက်ဆီ မျက်စေ့ရောက်ရင်း ...

“လော့တီဟွန်းကို လီဇာပဲလ်ဖီနဲ့ တစ်ခန်းတည်း ထားပေးလိုက်ရအောင်။ ဒါမှ သူတို့ချင်း ရင်းနှီးဖို့ အခွင့် အရေးရမယ်”

ထိုညဉ့် အခြားကလေးများ အိပ်ပျော်သော် လည်း သည်ကလေးမလေးနှစ်ဦး အိပ်မပျော်နိုင်။ ကျော နိုင်းကာ အိပ်ပျော်ဟန်ဆောင်နေကြသော်လည်း မျက်စိ အကြောင်သား ဖြစ်နေကြ၏။

အခန်းထဲသို့ ပြတင်းမှတစ်ဆင့် လရောင်က ဖြာ သွန်နေသည်။ အိပ်ရာပေါ်သို့ ကွက်ကြားပြန့်နေသော လရောင်အပြောက်အမွှန်းတို့ကို စိတ်တိုတိုနှင့် ငေးနေမိ သော လီဇာမှာ တိတ်တိတ်ကလေး ကျိတ်ငိုနေသော ရှိုက်သံနင့်နင့်နဲ့နဲ့များကြောင့် နားရွက်တွေထောင်သွား သည်။

လော့တီခမျာ ပါးစပ်များကို လက်ဖြင့်ပိတ်ထား ရင်း ထွက်ခွာမလာမီ မှာကြားလိုက်သော မေမေ့စကား ကို ကြားယောင်နေမိသည်။

“လွတ်လပ်ပျော်ရွှင်နေတဲ့ ကလေးတွေကြားထဲ သမီးကိုပို့လိုက်ဖြစ်တာ မေမေသိပ်အားရတာပဲ။ မေမေ့ သမီးလေးက အရွယ်နဲ့မလိုက် တည်ကြည်လေးနက် လွန်းနေတယ်။ အဲဒါလည်း မေမေ့အပြစ်ပါသမီးရယ်။ မေမေက အမြဲတမ်းအလုပ်များပြီး အိမ်မှမကပ်နိုင်ခဲ့တာ။ အိမ်ပြန်ရောက်တော့လည်း ခြေကုန်လက်ပန်းကျနေပြီ။ သမီးလေးမှာ ကစားဖော်လည်းမရှိ၊ ကစားချိန်လည်း မရ၊ လျှော်ရဖွပ်ရ၊ ချက်ရပြုတ်ရ၊ အိမ်ရှင်းရနဲ့ သမီး လေး ပင်ပန်းနေတယ်။ ဒီတစ်ခါ ပျော်ပျော်ကြီးကစားပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ အိမ်ပြန်ခဲ့နော် သမီး”

ယခုတော့ လော့တီခမျာ ရုပ်ချင်းတူသော အပြစ်ကြောင့် သက်သက် သူ့ကိုမုန်းတီးနေသော



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သဘော ဆိုးဆိုးကောင်မလေးနှင့် တစ်ခန်းတည်းတွဲနေရလေပြီ။ လော့တီ သက်ပြင်းချမိ၏။ မေမေပြောသလို ပြုံးပျော်ရွှင်မြူးနိုင်ပါ့မလား။ လော့တီ ရှိုက်၍ငိုမိပြန်သည်။ ရုတ်တရက် လော့တီလန့်သွားမိ၏။ လက်ကလေးတစ်ဖက်က သူ့ခေါင်းကို ဖွဖွလေးပုတ်ပေးနေသည်။

ပြတင်းကျယ်ကြီးမှတစ်ဆင့် အခန်းထဲသို့ကဲ ကြည့်နေသော လမင်းကြီးပင် အံ့သြဝမ်းသာဖြစ်လောက်စရာ။ ကလေးမလေးနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲဘဲ ယှဉ်လျက်သားလဲလျောင်းနေသည်။ ငိုကြွေးနေခဲ့သော ကောင်မလေးခေါင်းပေါ် အသာအယာပုတ်ပေးနေသော လက်ကလေးကို ကောင်မလေးက ဖြည်းဖြည်းချင်း လှမ်းယူဆုပ်ကိုင်လိုက်၏။

လမင်းကြီးပင် စိတ်ချလက်ချပြုံးနိုင်လိုက်ပြီထင်ပါသည်။

* * *

စကားတစ်လုံးမှမဟ။ စေ့စပ်ဆွေးနွေးရေးတွေ၊ သဘောတူညီချက် ကတိကဝတ်တွေ တစ်လုံးတစ်ပါဒမှမပါဘဲ လက်နက်ချ ငြိမ်းချမ်းရေး ရနိုင်ပါသလား။

မနက် အိပ်ရာကနိုးတော့ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲ၊ ရေချိုးခန်းပြေး၊ ပြန်လာ၊ အဝတ်အစားလဲ၊ နို့သောက်။ ကန်ပတ်လမ်းအတိုင်း ရင်ပေါင်တန်းပြေးလွှား၊ ခန်းမထဲ၌ အကူဆရာမများနှင့် အကသင်။ လှုပ်ရှားနေသမျှကာလအတွင်း မျက်လုံးချင်းပင် သိပ်မဆုံဖြစ်။ ဆုံဖြစ်လျှင်လည်း ကပျာကသီ မျက်နှာလွှဲလိုက်ကြမြဲ ဖြစ်သည်။

ယခု နားနေချိန်မတော့ မစ္စယူရီကာက အချစ်ဝတ္ထုတစ်ပုဒ်နှင့် တောပန်းတွေပွင့်နေသော မြက်ခင်းပြင်မှာ။ လီဇာတစ်ယောက်က အဖော်တစ်စုနှင့် ဘောလုံးကစားလျက်၊ သို့သော် သူ့စိတ်က ကစားပွဲမှာမရှိ။ ရံဖန်ရံခါ လူပျောက်ရှာသလို ဘေးပတ်ဝန်းကျင်ကို ပြူးပြူးပြဲပြဲ ပတ်ကြည့်တတ်သေးသည်။ ထရူဒီက –

"ဟိုကောင်မလေးရဲ့နှာခေါင်းကို နင် ဘယ်တော့ ကိုက်ဖြတ်မလဲ"

"ဘာလာပြောနေတာလဲ"

ခရစ္စတင်းက အံ့သြတကြီးကြည့်ကာ –

"ဟဲ့ •• နင် အဲဒီကောင်မလေးကို စိတ်တိုနေတာ မဟုတ်လား"

"စိတ်တိုတာနဲ့ပဲ သူများနှာခေါင်းကို ကိုက်ရမလား။ ပြီးတော့ ငါလည်း သူ့ကို စိတ်မဆိုးတော့ပါဘူး"

"မနေ့ကတော့ နင်တအားစိတ်ဆိုးနေတာလေ"

စတက်ဖီက သတိပေးသည်။ မိုနီကာကလည်း

"ညစာစားတုန်းကတောင် စားပွဲအောက်ကနေ နင် သူ့ကိုဖိတ်ကန်လိုက်တာ ကောင်မလေး လန့်အော်တော့မလို"

"အေးလေ"

ထရူဒီက ထောက်ခံသည်။ လီဇာ စိတ်တိုလေပြီ။

"တော်တော့။ နင်တို့ပါးစပ်မပိတ်ရင် ငါ ဖိတ်ကန်မိတော့မယ်"

ပြောပြောဆိုဆို လီဇာ ပြေးထွက်သွားလေတော့ ခရစ္စတင်းက ပခုံးတွန့်သည်။

ပန်းတွေပွင့်နေသော မြက်ခင်းပြင်၌ လော့တီ တစ်ဦးတည်း ငုတ်တုတ်ကလေးထိုင်နေသည်။ သူ့ခေါင်း၌ ပန်းရိုင်းများကို ခွေထားသော သရဖူလေးတစ်ခုစွပ်ထား၏။ လက်ထဲ၌လည်း ပန်းများကို ရွေးကာရွေးကာ သီခက်ကာနှင့် ပန်းခွေလေးတစ်ခုလုပ်နေဆဲ။ အရိပ်တစ်ခုထိုးလာသည်။ မော့ကြည့်လိုက်တော့ လီဇာ။ ခြေတစ်ဖက်ဆီ ထောက်ခုန်ရင်း ဖဝေဖဝါအမူအရာနှင့် ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ လော့တီက အရဲစွန့်ကာ အသာပြုံးပြလိုက်၏။ လီဇာကလည်း စိတ်သက်သာရရကာ ပြန်ပြုံးလိုက်သည်။ လော့တီက အပြီးသတ်သွားသော ပန်းခွေလေးကို မြှောက်ပြကာ –

"ကြိုက်ရဲ့လား •• ဟင်"

လီဇာက ဒူးထောက်ထိုင်ချလိုက်ရင်း ပိုင်ပိုင်နိုင်နိုင်လေသံဖြင့် –

"ခေါင်းပေါ်တင်ပေးလေ"

လော့တီ လီဇာ၏ ဆံပင်အခွေအလိပ်များပေါ် ပန်းခွေလေးတင်ပေးလိုက်သည်။ ပြီး ခေါင်းလေးဆတ်ကာ –

"သိပ်လှတာပဲ"

ဆင်တူမိန်းကလေးနှစ်ယောက်သား မြက်ခင်းပေါ်၌ အတူထိုင်ကာ တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်နေကြသည်။ ပြီးမှ လီဇာက သက်ပြင်းရှိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ဆိုးနေလား ‥ ဟင်"

လော့တီက ခေါင်းခါသည်။ လီဇာက မြေပြင်ကို ငုံ့စိုက်ရင်း –

"ချက်ချင်းသားကြီးလေ ဘတ်စ်ကားပေါ်က နင် ဆင်းလာတာမြင်ပြီး ရုပ်ချင်းတူနေတော့ တစ်မျိုးကြီးဖြစ်သွားတာ၊ တုန်လှုပ်သွားတာမျိုး"

"အင်း ‥ တုန်လှုပ်သွားတာ"

လော့တီက ထောက်ခံသည်။

လီဇာက ကိုယ်ကို ရှေ့သို့ကိုင်းကာ –

"ဒါပေမယ့် ပျော်တော့လည်း ပျော်စရာနော်။ ဟုတ်တယ်ဟုတ်"

လော့တီက အံ့အားသင့်ကာ လီဇာ၏ ရွှင်မြူးနေသော မျက်ဝန်းလေးများကို စိုက်ကြည့်သည်။ ပြီးမှ တိုးတိုးလေး ‥‥

"ပျော်တယ်လား။ နင့်မှာ မောင်တွေ၊ ညီမတွေ ရှိလားဟင်"

"ဟင့်အင်း မရှိဘူး"

"အေး ‥ ငါ့မှာလည်းမရှိဘူး"

ခဏနေတော့ နှစ်ဦးသား ရေချိုးခန်းထဲရှိ မှန်ကြီးရှေ့ ရောက်သွားကြသည်။ လော့တီက လီဇာ့ဆံပင်များကို ဘီးရော၊ ဝက်မှင်ဘီးပါသုံးကာ အလေးအနက် ကြိုးစားပမ်းစား ကျစ်ဆံကျစ်ရန် လုံးပန်းနေသည်။

"အာ ‥ အာ ‥ နာတယ် ‥ အိုး"

"ငြိမ်ငြိမ်နေလေဟယ်။ နင့်အမေ နင့်ကို ကျစ်ဆံကျစ်ပေးရင်ရော နင် ဒီလို ငယ်သံပါနေတာပဲလား"

"ဟာ ‥ ငါ့မှာ အမေမှမရှိတာ။ ဒါကြောင့်မို့ ငါ အား ‥ နာလိုက်တာ။ ငါ နည်းနည်းပရမ်းပတာဖြစ်နေတာလို့ ဖေဖေကပြောတာပဲ"

"နင့်အဖေက နင့်ကို မတီးဘူးလား"

"သေတောင်မတီးဘူး။ ငါ့အဖေက ငါ့ကိုသိပ်ချစ်တာ"

"မဆိုင်ပါဘူး။ ဆုံးမစရာရှိ ဆုံးမရမှာပေါ့"

"အလုပ်ကလည်း များတယ်လေဟာ"

"အမလေး ‥ ရိုက်တာများ လက်ကလေးတစ်ဖက်ပဲ သုံးရတာ"

နှစ်ဦးသား ရယ်မောမိကြသည်။ ကျစ်ဆံကျစ်ပြီး သွားတော့ နှစ်ဦးသား မှန်ထဲသို့ ခေါင်းချင်းဆိုင်ကြည့်ကြသည်။ သူတို့မျက်နှာလေးများမှာ ခရစ္စမတ်သစ်ပင်လို ဝင်းထိန်နေသည်။ မှန်ပြင်ပေါ်မှာရော၊ အပြင်ဘက်မှာပါ ခွဲခြားမရအောင် လုံးဝဥဿုံအလုံးစုံ တူညီသော မိန်းမငယ်လေးနှစ်ဦးကို အတွဲလိုက်မြင်နေရသည်။ လော့တီက –

"ညီအစ်မ ကျနေတာပဲ"

နေ့လယ်စာ စားချိန်ကျလေပြီ။ လီဇာက –

"ဟာဒယရှင်ဆေး တိုက်ကျွေးလိုက်ရအောင် ဟေ့ ‥ လာ"

နှစ်ဦးသား လက်ချင်းတွဲလျက် ပြေးထွက်သွားသည်။

***

ထမင်းစားခန်းထဲ၌ မိန်းကလေးအားလုံး နေရာယူပြီးကြလေပြီ။ လီဇာနှင့် လော့တီ ခုံနှစ်နေရာသာ လွတ်နေ၏။ အခန်းတံခါးပွင့်ကာ လော့တီဝင်လာသည်။ အတွဲ့အဆိုင်းမရှိ လီဇာ့နေရာ၌ ဝင်ထိုင်လိုက်သည်။ မိုနီကာက –

"ဟေ့ ‥ အဲဒါ လီဇာ့နေရာနော်။ အကန်ခံချင်ပြန်ပြီထင်တယ်"

လော့တီက ပုခုံးသားတွန့်ပြကာ အစာ စားသည်။

တံခါးပွင့်လာပြန်ကာ အလို လော့တီပါလား။ သက်ရှိထင်ရှား လော့တီပင် ဒုတိယအကြိမ် အခန်းထဲ ဝင်လာကာ ဣန္ဒြေမပျက် ခုံလွတ်၌ ဝင်ထိုင်လိုက်သည်။ စားပွဲရှိ မိန်းကလေးအားလုံး မျက်လုံးပြူးကြရလေပြီ။ ပါးစပ်အဟောင်းသား ပွင့်ကြရလေပြီ။ အနားဝန်းကျင်ရှိ စားပွဲများမှ ကလေးများလည်း ပြူးကြည့်ရုံနှင့် အားမရ၊ နေရာမှခုန်ထကာ လော့တီနှစ်ဦးဆီ ဗိုင်းလာကြသည်။

ပြူးပြဲကြည့်ရင်း အံ့သြနေသမျှ လော့တီနှစ်ဦးသားကစပြီး ဟက်ဟက်ပက်ပက်ရယ်မောလိုက်တော့ တစ်ခန်းလုံး ရယ်မောသံတွေ ကူးစက်ညံသွားတော့သည်။ ကျောင်းအုပ်ကြီးက –

"ဘာဖြစ်နေကြတာလဲ"

နေရာမှ ထလာကာ ကလေးအုပ်အလယ်

www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားတော့ ကျစ်ဆံမြီးလေးနှစ်ဦးကိုမြင်တွေ့ပြီး သူလည်း မနေနိုင်၊ ရောယောင်သွေးသောက် ပြုံးမိရင်း

"ဘယ်ဟာ လီဇာပဲလ်ဖီ၊ ဘယ်ဟာ လော့တီ ဟွန်းလဲ ပြောကြပါဦး"

"ဟင့်အင်း .. မပြောဘူး"

လော့တီတစ်ဦး၏အပြောကြောင့် အားလုံးပွဲကျ သွားကြသည်။ ဆရာမကြီးက တမင်ပင် စိတ်ပျက်လက်ပျက်ဟန်ချိုးကာ –

"အဲဒါမှ ဒုက္ခ။ တို့ ဘယ်လိုလုပ်ကြမလဲဟေ့"

နောက် လော့တီတစ်ဦးက ရှင်မြူးစွာ –

"တစ်ယောက်ယောက်ကတော့ အဖြေရှာပြီး ခွဲခြားနိုင်မှာပါ"

စတက်ဖီက လက်များကို ဝှေ့ရမ်းရင်း ..

"သိပြီ။ ထရူဒီနဲ့ လီဇာနဲ့က အတန်းဖော်သူငယ်ချင်း။ ထရူဒီ သိမှာ သေချာတယ်"

ထရူဒီက လူကြားထဲမှ တိုးထွက်လာရင်း လော့တီနှစ်ဦးကို သေချာကြည့်သည်။ ပြီး ခေါင်းခါသည်။ နောက် ရုတ်တရက် အကြံရသလိုပြုံးသွားကာ အနီးဆုံး လော့တီ၏ကျစ်ဆံမြီးတစ်ခုကို ဆောင့်ဆွဲလိုက်၏။ ဖြန်းခနဲ ပါးချလိုက်သံ ပေါ်ထွက်လာသည်။ သူ့ပါးလေးကို လက်နှင့်အုပ်ကိုင်ရင်း ထရူဒီက အားရပါးရပြောသည်မှာ –

"အဲဒါ .. လီဇာပဲ"

ရယ်သံ အုန်းခနဲဖြစ်သွား၏။

* * *

လီဇာနှင့် လော့တီကို ရွာကလေးဆီလွှတ်ကာ ဓာတ်ပုံရိုက်ခိုင်းလိုက်၏။ ဤမျှ ရုပ်ချင်းတူလှသည်ကို မှတ်တမ်းတင်ရန် လိုအပ်သည်လေ။ မိဘတွေမြင်လျှင် အံ့ဩလိုက်မည့်ဖြစ်ခြင်း။

ဓာတ်ပုံဆရာ မစ္စတာအက်ပဲလ်ဒေါက ဤမိန်းကလေးနှစ်ဦး၏အဖြစ်ကို အံ့ဩရှိန်သေမှုပင် သူ့အလုပ်ကို သူစနိုင်သည်။ ပုံစံအမျိုးမျိုးနှင့် ဓာတ်ပုံခြောက်ပုံတိတိ ရိုက်ကူးလိုက်သည်။ နောက် ဆယ်ရက်ကြာလျှင် အိမ်ပြန်ပို့စရာ ပို့စကတ်ကလေးများ အဆင်သင့်ဖြစ်မည်။

မိန်းကလေးတွေပြန်သွားမှ သူ့ဇနီးသည်ကို တိုင်ပင်သည်။

"ငါ ဘာလုပ်မလဲသိလား။ အဲဒီဓာတ်ပုံကောင်းကောင်းလေးတချို့ကို မဂ္ဂဇင်းတို့ သတင်းစာတိုက်တို့ဆီ ပို့မယ်။ အယ်ဒီတာတွေက တစ်ခါတလေ အဲဒီသတင်းမျိုးကို စိတ်ဝင်စားတတ်တယ်ကွ သိလား"

ဓာတ်ပုံဆိုင်အပြင်ဘက် ရောက်သည်နှင့်တစ်ပြိုင်နက် လီဇာက သူ့ခေါင်းမှကျစ်ဆံတို့ကို ဖြေသည်။ သူ့စိတ်ထဲ တင်းကျပ်နေ၏။ ခေါင်းကိုရမ်းခါ၍ ဆံပင်အခွေအလိပ်တွေ ဖရိုဖရဲပြန့်ကျဲသွားမှပင် လီဇာ့ခမျာ လီဇာတကယ် ပြန်ဖြစ်သွားသလို ခံစားလိုက်ရ၏။

လီဇာက လော့တီကို လီမွန်နစ်သောက်ရန် အဖော်စပ်သည်။ လော့တီ ငြင်းတော့ လက်မခံ။

"မရဘူး။ သောက်ရမယ်။ တစ်နေ့ကတင် ဖေဖေက မုန့်ဖိုးထပ်ပို့လိုက်တယ်။ လာ .. သွားမယ်"

သို့နှင့် ကဖီးဆိုင်လေးဖွင့်ထားသော တောခေါင်းအိမ်လေးဆီ နှစ်ဦးသား သွားကြသည်။ ပန်းခြံထဲရှိစားပွဲ၌ ဝင်ထိုင်ကာ လီမွန်နစ်သောက်ရင်း စကားပြောကြ၏။ ပြောစရာတွေကလည်း များပါဘိ။ အနီးအနား၌ မြေကြီးကိုယက်ကာ အစာကောက်ကာနှင့် ကြက်တွေက အပြေးအလွှား။ ခွေးအိုကြီးတစ်ကောင်က သူတို့နားကပ်လာကာ အနံ့ခံနမ်းရှုပြီး ကန့်ကွက်စရာမရှိလေဟန် ကျေနပ်စွာ ပြန်ထွက်သွား၏။ လီဇာက –

"နင့်အဖေသေတာ ကြာပြီလားဟင်"

"မသိဘူး။ မေမေက တစ်ခါမှ ပြောမပြဖူးဘူး။ ငါလည်း မေးရမှာ မမေးရဲဘူး"

"ငါလည်း မေမေ့ကို မမှတ်မိဘူး။ အရင်တုန်းကတော့ ဖေဖေ့စန္ဒရားပေါ်မှာ ဓာတ်ပုံတစ်ပုံတင်ထားသေးတယ်။ တစ်နေ့ ငါ အဲဒါကြည့်နေတာ ဖေဖေတွေ့သွားပြီး နောက်တစ်နေ့ကျ ဓာတ်ပုံမရှိတော့ဘူး။ အံဆွဲထဲထည့်ပြီး သော့ခတ်သိမ်းလိုက်တယ် ထင်တာပဲ"

"နင့်အသက်က ကိုးနှစ်နော်"

လီဇာကမေးသည်။

"အင်း .. လာမယ့်အောက်တိုဘာ ဆယ့်လေးရက်ဆို ဆယ်နှစ်ဖြစ်ပြီ"

လီဇာ တောင့်တင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com

"အောက်တိုဘာ ၁၄ ရက် ဟုတ်လား"

"ဟုတ်တယ်။ အောက်တိုဘာ ၁၄ ရက်"

"ငါလည်း တူတူပဲ"

လီဇာက လေသံလေးဖြင့်ပြောသည်။ လော့တီလည်း ရေခဲတိုင်ပမာ တင်းတောင့်အေးစက်သွားတော့သည်။ နှစ်ဦးသား တစ်ဦးကိုတစ်ဦး မှင်တက်မိသလို ကြည့်နေမိကြ၏။ လော့တီက မနည်း တံတွေးမျိုချရင်း စိတ်လှုပ်ရှားနေသောအသံဖြင့် –

"ဒါ ‥ ဒါဖြင့် နင် ဘယ်မှာမွေးတာလဲ"

လီဇာက တုံ့ဆိုင်းတုန်လှုပ်စွာ –

"ဒင်ညူမြစ်ကမ်းက လင့်တ်မြို့လေးမှာ"

လော့တီ နှုတ်ခမ်းတွေခြောက်သွေ့နေ၍ လျှာဖြင့်သိမ်းကာ တံတွေးဆွတ်ပြီးမှ စကားပြန်နိုင်သည်။

"ငါ ငါလည်း အဲဒီမှာပဲ မွေးတာ"

ပန်းခြံလေးမှာ စောစောပိုင်းက ကြက်တွန်သံ၊ ကတော်သံနှင့် ဆူညံနေခဲ့သော်လည်း ယခု ဘာသံမှ မကြားရ။ ဆိတ်ငြိမ်လှသည်။ သစ်ပင်မြင့်ဖျားများသာ လေပြည်၌ လှုပ်ရမ်းနေကြသည်။ ကံကြမ္မာနတ်သမီးက သူတို့ကို တောင်ပံဖျားလေးများနှင့် ရိုက်ခတ်တို့ထိကာ လှုပ်ရှားစေရော့လားမသိ။ လော့တီက –

"မေမေ့ဓာတ်ပုံ ငါ့ဆီမှာပါလာတယ်"

လီဇာက နေရာမှခုန်ထကာ လော့တီကို တရွတ်ဆွဲရင်း ပြေးသည်။

"ငါ့ကိုပြ ‥ ငါ့ကိုပြ"

"ဟေး ‥ အအေးသောက်ပြီး ပိုက်ဆံမပေးဘဲ ပြေးတော့မလို့လား"

တောခေါင်း၏ဇနီးသည်က လှမ်းအော်သည်။ လီဇာ ဖြုံသွားသည်။ တုန်ရီသောလက်များဖြင့် ပိုက်ဆံအိတ်ကိုဖွင့်ကာ တွန့်ကြေနေသော ငွေစက္ကူကို အမျိုးသမီးလက်ထဲထည့်လိုက်၏။ ပြီး ‥ လော့တီဆီပြန်ပြေးသည်။

"အမ်းတဲ့ငွေ ယူသွားဦးလေ"

ကလေးနှစ်ယောက်ကား မကြားတော့။ လမ်းတစ်လျှောက် မာရသွန်ခရီး နှင်ကြလေပြီ။ အပန်းဖြေစခန်းဆီ ပြန်ရောက်တော့ အခန်းထဲပြေးကာ လော့တီက အဝတ်ပုံအောက်၌ထိုးထားသည့် ဓာတ်ပုံကိုထုတ်သည်။ ခုန်တော့ပေါက်တော့မလို ဣန္ဒြေမရဖြစ်နေသော လီဇာကို လှမ်းကမ်းပေးလိုက်၏။ လီဇာက မရဲတရဲနှင့် ဓာတ်ပုံကိုအသာကြည့်သည်။ ပြီး တစ်မျက်နှာလုံးလင်းသွားပြီး ဓာတ်ပုံထဲမှအမျိုးသမီးမျက်နှာကို ကော်နှင့်တွဲထားသလို လွှဲဖယ်မရ စူးစိုက်နေတော့သည်။

လော့တီက မျှော်လင့်တကြီး လီဇာ့မျက်နှာကို ငေးနေသည်။ လီဇာက ဝမ်းသာလုံးဆို့ကာတုန်နေသည်။ ဓာတ်ပုံကို အသာနှိမ့်ကာ လော့တီအား အားရပါးရ ခေါင်းညိတ်ပြရင်း တိုးညင်းသောလေသံဖြင့် –

"ဟုတ်တယ် ဒါ ‥ ငါ့မေမေ"

ပြောပြီး ဓာတ်ပုံကို ကျပ်နေအောင်ပိုက်ပွေ့ထားလိုက်သည်။ လော့တီက လီဇာ့လည်ပင်းကို ကြိုးဖက်ကာ –

"တို့မေမေ"

မိန်းကလေးနှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာဖက်ထားမိကြ၏။ ရုပ်ချင်းတူနေသော ပဟေဠိကိုတော့ အဖြေသိရလေပြီ။ သို့သော် အဖြေညှိရဦးမည့် ပဟေဠိအသစ်တွေ ပြဿနာနောက်ဆိုးတွေက တသီကြီးတန်းစီနေ၏။

ထမင်းစားခန်းမှ မောင်းသံကြားရလေပြီ။ လှေကားတစ်လျှောက် ပြေးဆင်းသွားကြသော ကလေးများ၏ရယ်မောသံ၊ အော်ဟစ်သံတို့ကို ကြားရသည်။ လီဇာက ဓာတ်ပုံကို လော်ကာထဲပြန်ထည့်မည်ပြင်တော့ လော့တီက –

"နင် အပိုင်ယူလိုက်တော့"

မစ္စယူရီကာ ရုံးခန်းထဲရောက်နေသည်။ စိတ်လှုပ်ရှားလွန်း၍ သူ့ပါးအိုကြီးနှစ်ဖက်လုံး ပန်းသီးကြီးလို ရဲနေသည်။

"ပြောကို ပြောရမှဖြစ်မယ် ဆရာမကြီးရေ။ ကျွန်မအောင့်မထားနိုင်ဘူး။ တစ်ခုခုတော့လုပ်မှ ဖြစ်မှာ"

"ဖြည်းဖြည်း ဖြည်းဖြည်း။ ပြောချင်တာကို အေးအေးဆေးဆေးပြောလေ မိန်းကလေးရဲ့"

"နက္ခတ်ချင်းတိုက်တာ မဟုတ်ဘူး ဆရာမကြီးရေ့"

"ဘယ်သူ ‥ ဩော် ‥ အက်ဒွပ်ဘုရင်နဲ့ အပ်ချုပ်သမားလား"

www.burmeseclassic.com

"ဟင့်အင်း ..လီဇာနဲ့လော့တီကိုပြောတာ။ ကျွန်မ စာရင်းစာအုပ်ထဲမှာ ကြည့်ပြီးပြီ။ တစ်နှစ်တည်း တစ်လတည်း။ တစ်ရက်တည်း လင့်တ်မြို့မှာ မွေးခဲ့ကြတာ ဆရာမကြီးရဲ့။ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်လောက်ဘူး။ ပြောရရင် ဆရာမကြီးလည်း အဲဒါနဲ့ပတ်သက်ပြီး သဘောပေါက်ထားတာလေးတွေ ရှိပါတယ်"

"ဟင် ..ဒါဖြင့် ဆရာမကြီးသိနေတယ်ပေါ့"

"ဆိုပါတော့။ လော့တီလေးရောက်လာတော့ သူ့မွေးသက္ကရာဇ်နဲ့ မွေးဖွားရာဒေသကို စာရင်းသွင်းခိုင်းလိုက်တာလေ။ ပြီး လီဇာ မွေးသက္ကရာဇ်နဲ့ တိုက်ကြည့်လိုက်တယ်။ ဒါက မလုပ်မဖြစ်လုပ်ရမယ့်ကိစ္စ မဟုတ်လား"

"ဟုတ်တယ် ..ဟုတ်တယ် ဆရာမကြီး။ ဒါထက် ဘာဆက်လုပ်ကြမလဲဟင်"

"ဘာမှမလုပ်ဘူး"

"ဘာမှမလုပ်ဘူး။ ဟုတ်လား ဆရာမကြီး"

"အင်းလေ ဘာမှမလုပ်ဘူး။ အဲ ..မင်းပါးစပ်ပိတ်မထားရင်တော့ ဆရာမကြီး စိတ်ဆိုးမိမယ်ထင်တယ်"

"ဟင် ..ဒါပေမယ့်"

"ဘာ ..ဒါပေမယ့်မှ လုပ်မနေနဲ့။ ကလေးနှစ်ယောက်ကလည်း သံသယမရှိဘူး။ အခု နှစ်ယောက်တွဲဓာတ်ပုံရိုက်ပြီးပြီ။ အဲဒီပုံတွေ အိမ်ကိုပို့လိုက်လိမ့်မယ်။ အဲဒါက အဆင်ပြေသွားလည်း အတိုင်းထက်အလွန်ပေါ့။ တို့တွေ ဒီဇာတ်မှာ ဒါရိုက်တာဝင်လုပ်စရာမလိုဘူး။ အဲဒါလေးတော့ နားလည်ပေးထားနော်။ ကဲ ..ထမင်းချက်ကို ဆရာမကြီးဆီ လွှတ်လိုက်ပါဦး"

မစ္စယူရိုကာခမျာ မတင်မကျနှင့်ပင် ဆရာမကြီးရုံးခန်းမှ ထွက်ခွာလာရသည်။

*(ရှေ့လဆက်ရန်)*

**နတ်မောက်အနီချို**

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၃]

မေးခွန်းသင်္ကေတနေရာ၌ လိုနေသော ကိန်းကို ဖြည့်ပါ။

| | | |
|---|---|---|
| | 9 | |
| 32 | 72 | 40 |
| | 8 | |

| | | |
|---|---|---|
| | 17 | |
| 63 | 102 | 39 |
| | 6 | |

| | | |
|---|---|---|
| | 21 | |
| 69 | 147 | 78 |
| | ? | |

[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ ၁-၅-၂၀၀၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]


www.burmeseclassic.com

www.burmeseclassic.com

[မြန်မာ့ရိုးရာပုံပြင်များ - ၁၂၆]

# ကောဝိဋ္ဌဘာရည်ဘောင်ရသူများ

**မောင်ရဲကြည်**

ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်း၏ သားတော် ဗြဟ္မဒတ္တသတို့သားသည်လည်းကောင်း၊ ၎င်း၏ ကြင်ယာတော် ကောသလမင်း၏ သမီးတော်သည်လည်းကောင်း အတိတ်က ဘဝဟောင်းကို ကောင်းစွာ မှတ်မိသော ဉာဏ်ရှိသူများ ဖြစ်ကြ၏။

ထိုသတို့သားသည် ပြည့်ရှင်မင်းဖြစ်လာသော အခါ ကောသလမင်း၏ သမီးတော်မှာလည်း မိဖုရားကြီးဖြစ်လာသည်။ မိဖုရားကြီးသည် ဘုရင်မင်းမြတ် ရွတ်ဆိုသော ဥဒါန်းဂါထာကို သိလိုသော်ငြား မမေးရဲသဖြင့် မသိရချေ။

တစ်နေ့သ၌ မိဖုရားကြီးသည် ဘုရင်မင်းမြတ် အလွန်နှစ်သက်သော ကိစ္စတစ်ခုကို ဆောင်ရွက်မိရာ ဘုရင်မင်းမြတ်က ဆုပေးတော်မူ၏။

"မိဖုရားကြီးကို ဆုတစ်ခုပေးမယ်။ လိုရာဆုကို တောင်းလော့"

"အရှင်မင်းကြီး နေ့တိုင်းသီဆိုတဲ့ သီချင်းရဲ့ အဓိပ္ပာယ်ကို သိချင်ပါတယ်"

"ရှင်မ .. အဲဒါသိလို့ ဘာလုပ်မှာတုံး။ တခြားဆုကို ပြောင်းပြီးတောင်းစမ်းပါ"

"အရှင်မင်းကြီး .. ကျွန်တော်မျိုးမမှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ကျေးကျွန်၊ ရွှေငွေ အားလုံးပြည့်စုံတဲ့အတွက် မလိုချင်ပါဘူးဘုရား။ အဲသည်သီချင်းရဲ့ အဓိပ္ပာယ်ပဲ သိချင်ပါတယ်"

"ကောင်းပြီ ရှင်မ၊ သိစေအံ့။ သို့ရာတွင် သင့်တစ်ယောက်တည်းကို ဆိတ်ကွယ်ရာ၌ မပြောလို။ မြို့အလုံး၌ စည်လည်စေ၍ မင်းအိမ်တံခါး၌ ရတနာမဏ္ဍပ် ဆောက်လုပ်ပြီးလျှင် ရတနာပလ္လင်ကို ခင်းစေ၍ ပလ္လင်ထက်၌နေလျက် အလုံးစုံသောသူတို့ကို ပြောဆိုဟောကြားမည်"

မိဖုရားကြီးလည်း မင်းကြီးပြောဆိုသည့်အတိုင်း ပြုလုပ်စေကာ ပြီးစီးသော် မင်းကြီးထံ အကြောင်းကြား၏။ မင်းကြီးကြွလာတော်မူသော် ပရိသတ် ဗိုလ်ထု အလယ်တွင် မေးမြန်း၏။

"ကုသိုလ်ကို အလိုရှိ၍ တိုင်းနိုင်ငံကို ကြီးပွားစေတတ်သော အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် သီချင်းဂါထာကို အလွန်နှစ်သက် ဝမ်းမြောက်စွာ အမြဲမပြတ် ဆိုဘိ၏။ ထိုသီချင်းဂါထာ၏ အနက်ကို မေးမြန်းပါ၏။ ဖြေကြားတော်မူပါ"

"ရှင်မ ..၊ ငါသည် ရှေးအခါက ဤဗာရာဏသီပြည်၌ပင်လျှင် မထင်ရှားသော သူဆင်းရဲမျိုး၌ ဖြစ်၍ သူတစ်ပါးအမှုကိစ္စ၌ အခစားပြုလုပ်ကာ အသက်မွေးလျက် သီလကို စောင့်သုံးခဲ့ဖူးပြီ။

"ရှင်မ .. ငါသည် အမှုလုပ်ရာသို့ သွားသည်ရှိသော် မဂ်ဖိုလ်မှလာသော အကျင့်သီလဖြင့် ပြည့်စုံလျက် အာသဝေါတရား လေးပါးမရှိ ငြိမ်းချမ်းသော အရှင်ပစ္စေကဗုဒ္ဓါ လေးဆူတို့ကို ဖူးမြင်ရပြီ။

"ရှင်မ .. ငါသည် ထိုပစ္စေကဗုဒ္ဓါ လေးဆူတို့၌ စိတ်ကိုကြည်ညိုစေ၍ သစ်ရွက်အခင်း၌ သီတင်းသုံးစေပြီးလျှင် မိမိလက်တို့ဖြင့် မုယောမုန့် လေးဆုပ်တို့ကို လှူဒါန်းခဲ့ဖူးပြီ။

"ရှင်မ .. ငါ၏ ဤသို့သဘောရှိသော အကျိုးသည် မုယောမုန့်လေးဆုပ်ကို လှူဒါန်းသော ကုသိုလ်၏ အကျိုးဖြစ်သည်။ မြေအပြင်ကို အစိုးရ၍ ပြည့်စုံမွန်မြတ်သော ဤမင်းစည်းစိမ်ကို ခံစားရပြီ"

မင်းကြီးသည် မိဖုရားကြီးအမှူးရှိသော ပရိသတ်တို့ကို ကောင်းကင်အလယ်တွင် လပြည့်ဝန်းကို ထင်စေသကဲ့သို့ ထင်ရှားစွာ သီချင်းဂါထာ၏ အနက်အဓိပ္ပာယ်ကို ဟောကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဒိဗုရားကြီးသည် မင်းကြီး၏ တရားစကားကို ကြားနာရသည်ဖြစ်၍ ကြည်ညိုစွာ တိုက်တွန်း၏။

"ကုသိုလ်ကို အလိုရှိသော အရှင်မင်းကြီး .. လှူဒါန်းရှိသော စားတော်မူပါ။ ဒါန စသော ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ပါလင့်။ ပဋိရူပဒေသဝါ စသော စက်လေးပါးကိုလည်း လည်စေပါလော့။ တရားကိုလည်း စောင့်ပါလော့"

ထိုအခါ မင်းကြီးသည် မိဗုရားကြီး၏ လှူပတင့်တယ်ခြင်း၊ စည်းစိမ်အခြံအရံ ပေါ်များခြင်းကို ကြည့်ရှုပြီးလျှင် တစ်ဖန်ပြန်၍ မေးမြန်းတော်မူသည်။

"ရှင်မ .. ငါ၏ ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုကို ပြောကြားအပ်ပြီ။ သင်လည်း သိကြားမင်း၏ မိဗုရားကဲ့သို့ တင့်တယ်လှ၏။ ရှေးအခါက အဘယ်ကောင်းမှုကို ပြုခဲ့ဖူးသနည်း"

မိဗုရားကြီးလည်း မင်းကြီးကဲ့သို့ပင် ရှေးဘဝက အဖြစ်အပျက်ကို သိနိုင်သော ဇာတိဿရဉာဏ်ကို ရရှိပေ၏။ ထို့ကြောင့် ဤသို့ ဖြေကြားပေ၏။

"အရှင်မင်းကြီး .. အကျွန်ုပ်လည်း ရှေးအခါက သူကြွယ်မျိုး၏ အစေအပါး ကျွန်မဖြစ်၍ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို စောင့်ရှောက်ခဲ့ပြီ။ သီလဖြင့်ပြည့်စုံခဲ့ပြီး တရားသဖြင့် အသက်မွေးခဲ့ပြီ။ ထို့ကြောင့် လှပတင့်တယ် ရှုချင်စဖွယ် အဆင်းရှိပါ၏။

"အရှင်မင်းမြတ် .. ထိုအခါ ကျွန်ုပ်သည် ကိလေသာကို ဖျက်ဆီးပြီးသော အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းခံကြွလာစဉ် ဝေစုရသော ထမင်းကို ကိုယ်တိုင်နှစ်သက်ဝမ်းမြောက်စွာ လှူဒါန်းခဲ့ဖူးပြီ။ အကျွန်ုပ်၏ ဤသို့သဘောရှိသော အကျိုးသည် ဝေစုရသော ထမင်းကို လှူဒါန်းရသော ကုသိုလ်ကောင်းမှု၏ အကျိုးဖြစ်ပါ၏"

ဤသို့လျှင် မင်းကြီးနှင့် မိဗုရားကြီးတို့သည် မိမိတို့၏ ကောင်းမှုကံကို အကျယ်အားဖြင့် ပြောဆိုပြီးလျှင် မြို့တံခါးလေးမျက်နှာ၊ မြို့တော်၊ နန်းတော် တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ် ခြောက်ဆောင်တို့ကို ဆောက်လုပ်လျက် နေ့စဉ် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ကျော်ကြားသော အလှူကြီးကို ပေးကုန်၏။ သီလကို ဆောက်တည်ကုန်၏။ ဥပုသ်ကို စောင့်သုံးကုန်၏။ အသက်၏အဆုံး၌ နတ်ပြည်သို့ လားကြကုန်၏။

(မဟာပညာဗလ ပဌမကျော်ဦးကြီးဖေ၏ ငါးရာငါးဆယ်နိပါတ်တော် စကားပြေ ကုမ္မာသပဏ္ဍိဇာတ်ကို မှီးသည်။)

မောင်ရဲကြည်

## မေတ္တာရပ်ခံခြင်း

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဝင်သူများသည် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဝင်ဖြေကြသည်ကိုတွေ့ရ၍ များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။ သို့သော် ဖြေဆိုသူများအား အကြိမ်ကြိမ်သတိပေးထားသော်လည်း တချို့ဉာဏ်စမ်းဖြေဆိုသူများသည် အဖြေသာပေး၍ သက်သေပြချက်မပါရှိသည်ကို တွေ့နေရပါသေးသည်။ ထိုသို့သော ဖြေဆိုလွှာများကို ပယ် ဖြေဆိုလွှာအဖြစ် ဝမ်းနည်းစွာ သတ်မှတ်ခဲ့ရပါသည်။ သို့ပါ၍ ဉာဏ်စမ်းဖြေဆိုသူများသည် အဖြေနှင့်အတူ သက်သေပြချက် (တွက်နည်း) ကိုပါပေးဖို့ အထူးသတိပြုစေလိုပါသည်။

တချို့ ဉာဏ်စမ်းဖြေဆိုသူများသည် ကျောင်းလိပ်စာပေး၍ ဖြေဆိုပြီး ဆုရ၍ ဆုရှင်အား ဆုငွေနှင့် စာအုပ်လက်ဆောင်များ ပေးပို့သော်လည်း ကျောင်းတွင် ဆုရှင်၏ အမည်စာရင်းမရှိသည်ကိုတွေ့ရကာ ဆုငွေနှင့် စာအုပ်လက်ဆောင်များ မဂ္ဂဇင်းတိုက်သို့ ပြန်လည်ရောက်ရှိလာသည်ကိုလည်း တွေ့နေရပါသည်။ သို့ပါ၍ ဖြေဆိုသူသည် မိမိလိပ်စာကို တိကျမှန်ကန်စွာရေးသားရန် အထူးလိုအပ်လှပါသည်။ ဤဉာဏ်စမ်းပြိုင်ပွဲများသည် အခြေခံမှ အထက်တန်းအဆင့် ဉာဏ်ရည်ရှိသူများအတွက် ပြုလုပ်သော ပြိုင်ပွဲသာဖြစ်၍ တက္ကသိုလ်၊ ကောလိပ်ဆင့်တက်ရောက်နေသော၊ အောင်မြင်ပြီးသောသူများ ယှဉ်ပြိုင်ပါက သင့်တော်မည် မဟုတ်၍ ပါဝင်မယှဉ်ပြိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရုတနာပန်းခင်းရုပ်စုံမှုခင်း



www.burmeseclassic.com

www.burmeseclassic.com

# ရတနာပန်းခိုင်

ရုပ်စုံမဂ္ဂဇင်း

## အတွဲ ၂၁၊ အမှတ် ၂၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ

## ဗဟုသုတဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၆)

၁။ ဆုအမည်သည် သူ့အမည်ဖြစ်ကာ စာရေးဆရာများကို နှစ်စဉ်ချီးမြှင့်ခဲ့သော အမေရိကန်လူမျိုး။ သတင်းစာတိုက်ပိုင်ရှင် စာနယ်ဇင်းသမားကြီးမှာ မည်သူဖြစ်ပါသနည်း။

၂။ ဇာဂရော့တောင်တန်း Zagros Mountains သည် မည်သည့်တိုင်းပြည်တွင် တည်ရှိသနည်း။

၃။ ရှေးခေတ် ဂရိလူမျိုးများ ခေါ်ဝေါ်သည့် 'Stater' မှာ မည်သည်ကို ခေါ်ဆိုသနည်း။

၄။ ကမ္ဘာပေါ်တွင် ပထမဆုံးသော ပုတ်ရဟန်းမင်းကြီးမှာ မည်သူနည်း။

၅။ ဟက်တိုမီတာ hectometre တစ်မီတာလျှင် မီတာ metre ပေါင်း မည်မျှရှိသနည်း။

၆။ တိဗက်ဘုန်းကြီး Tibetan monk များကို မည်သို့ခေါ်ဆိုကြသနည်း။

၇။ လူ၏ ကိုယ်ခန္ဓာတွင်ရှိသော 'Masseter' ကို မည်သို့ခေါ်ဆိုသနည်း။

၈။ မြန်မာနိုင်ငံတွင် ပုဂံခေတ်ကာလက ပုဂံမင်းဆက် ဘယ်နှဆက်ရှိခဲ့သနည်း။

၉။ ပါဠိဘာသာစကားဖြင့် 'နာမည်'ကို မည်သို့ခေါ်ဆိုသနည်း။

[ အဖြေမှန်သူကို ဆုအဖြစ် ပထမ ၅၀၀၀ ကျပ်၊ ဒုတိယ ၃၀၀၀ ကျပ်၊ တတိယ ၂၀၀၀ ကျပ်နှင့် Oxford learner's Pocket Dictionary 2005 နှင့် ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတစ်အုပ် ချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှတစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲအဖြေလွှာများကို ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ်-၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁-၅-၂၀၁၆ ရက်နေ့ အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်တွင် ဖော်ပြပေးထားပါသည်။ ]

## စာမူရှင်များသို့ မေတ္တာရပ်ခံခြင်း

ရတနာပန်းခိုင် ရုပ်စုံမဂ္ဂဇင်းသို့ စာမူများပေးပို့ရာတွင် စာမူရှင်၏လိပ်စာကို စာမူ၏ နောက်ဆုံးစာမျက်နှာတွင် တိကျမှန်ကန်ရှင်းလင်းစွာ ရေးသားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လိပ်စာကို စာအိတ်ပေါ်တွင်သာ ရေးသားပါက စာမူရှင်သို့ ဆက်သွယ်ရန် အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ စာမူနှင့် လက်ဆောင်စာအုပ်ပေးပို့ရာတွင် လိပ်စာရှာမတွေ့မှုနှင့် မကြာခဏကြုံတွေ့ရ၍ စာမူ၏နောက်ဆုံးစာမျက်နှာ အောက်ဆုံးတွင်လည်း လိပ်စာရေးထိုးပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရတနာပန်းခိုင် ရုပ်စုံမဂ္ဂဇင်းတွင် တချို့စာမူရှင်များသည် စာမူပါရှိသော်လည်း စာမူခများ မထုတ်ယူကြသေးသည်ကို တွေ့ရပါသည်။ သို့ပါ၍ မိမိစာမူပါရှိသည့် နှစ်၊ လကို ဖော်ပြကာ စာမူခနှင့် လက်ဆောင်စာအုပ်များ ထုတ်ယူကြပါရန်နှင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက ကိုယ်စားလှယ်လွှဲစာ ရေးသား၍ ထုတ်ယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဘိုးဘွားတို့မြေ မစွန့်သင့်ပေ

■ သီတဂူကျော်ဆည်

ဟိုးရှေးရှေးတုန်းက ဘီလုံးငှက်တစ်ကောင်ဟာ လယ်သမားတွေ ထွန်ယက်စိုက်ပျိုးတဲ့ လယ်ကွင်းထဲက ထယ်စိုင်ခဲ မြေစိုင်ခဲတွေရဲ့ကြားမှာ နေထိုင်သတဲ့။ အဲဒီလို မြေစိုင်ခဲ၊ ထွန်ခဲတွေရဲ့အကြားမှာ နေထိုင်ကျက်စားကြတာဟာ စားသောက်နေထိုင်ရေးနဲ့ လုံခြုံမှုကိုလည်း ပေးနိုင်တာမို့ ဘီလုံးငှက်တို့ရဲ့ ဟိုးဘိုးဘေးလက်ထက်ကတည်းက အစဉ်အလာမပျက် နေထိုင်ကျက်စားကြတဲ့ အရပ်ဒေသဖြစ်သတဲ့။ တစ်နေ့မှာတော့ ဘီလုံးငှက်ကလေးက ဒီလိုစဉ်းစားသတဲ့။

"အင်း .. တစ်နေ့လာလည်း ဒီထွန်ခဲတွေကြား။ တစ်နေ့လာလည်း ဒီမြေစိုင်ခဲတွေကြား အစာရှာရတာ ပျင်းစရာကောင်းလိုက်တာ။ ဟိုးမှာမြင်ရတဲ့ စိမ်းစိမ်းစိုစို တောအုပ်တွေထဲမှာဆိုရင် အစာလည်းပေါ ပျော်စရာလည်းကောင်းမှာပဲ" ဆိုပြီး –

ဆွေမျိုးမိဘ သူငယ်ချင်းမိတ်ဆွေဘဝတူတွေ နေထိုင်တဲ့အရပ်ကိုစွန့်ပြီး တစ်ကောင်တည်း တောအုပ်ထဲကို ပျံသန်းသွားသတဲ့ကွယ်။ ဘီလုံးငှက်ကလေးဟာ တောအုပ်ထဲမှာ အစာရှာလိုက်၊ သီချင်းဆိုလိုက်နဲ့ အတော်ပျော်မြူးနေတာပေါ့။ တစ်နေ့မှာတော့ အစာရှာနေတဲ့ ဘီလုံးငှက်ကလေးကို သိမ်းငှက်ကြီးတစ်ကောင်က အစာအဖြစ် ထိုးသုတ်သွားသတဲ့။ ဘီလုံးငှက်လေးဟာ ကြီးမားသန်မာတဲ့ သိမ်းငှက်ကြီးရဲ့ ခြေချောင်းတွေကြားထဲမှာ ယက်ကန်ယက်ကန်နဲ့ ပါသွားတာပေါ့ကွယ်။ သိမ်းငှက်ရဲ့ခြေချောင်းတွေကြားထဲက မလွှပ်နိုင်တဲ့ ဘီလုံးငှက်လေးဟာ ဝမ်းပန်းတနည်းနဲ့ ဒီလိုရှိုက်ကြီးတငင် ငိုကြွေးလိုက်သတဲ့။

"ငါမှားပြီ။ ငါတို့နေထိုင်ကျက်စားတဲ့ ဘိုးဘွားတွေရဲ့နေရာမှာဆိုရင် ဒီလိုအဖမ်းခံရမှာမဟုတ်ဘူးလို့" ပြောတော့ သိမ်းငှက်ကြီးက ရယ်မောပြီး ဒီလိုပြန်မေးသတဲ့။

"ဟေ့ဘီလုံး .. မင်းတို့အရပ်က ဘယ်လိုနေရာမျိုးမို့လဲကွ။ ဘယ်လိုနေရာမှာပဲဖြစ်ဖြစ် စူးရှထက်မြက်တဲ့ ငါ့မျက်လုံးခွန်အားကြီးမားတဲ့ ငါ့တောင်ပံအောက်က မလွတ်နိုင်ပါဘူးကွ" လို့ပြောတော့ ဘီလုံးငှက်ကလေးက

"အို .. ကျုပ်တို့နေထိုင်ရာဒေသဖြစ်တဲ့ လယ်ကွင်းပြင် ထွန်ခဲမြေစိုင်ခဲတွေကြားသာ ရောက်လို့ကတော့ သင့်ရဲ့မျက်လုံး ဘယ်လောက်စူးရှထက်မြက်ပါစေ သင့်ရဲ့တောင်ပံ ဘယ်လောက်အားအင်ရှိပါစေ၊ သင့်ရဲ့ခြေထောက် မည်မျှသန်မာပါစေ ကျုပ် ဂရုမစိုက်ပါဘူး" လို့ ပြောတော့ သိမ်းငှက်ကြီးက မခံချင်လည်းဖြစ် သူ့ရဲ့စွမ်းအင်ကိုလည်း ယုံကြည်တာကြောင့် –

"အံမာ .. မင်းလို ငှက်ပိစိကွေးကများ ငါ့လို သိမ်းငှက်ကို စိန်ခေါ်ရတယ်လို့။ ကောင်းပြီလေ၊ မင်းတို့နေတဲ့ လယ်ကွင်းထဲ အရောက်ပို့ပေးမယ်။ မင်း ငါ့လက်က လွတ်အောင်ပြေးပေတော့" ဆိုပြီး သိမ်းငှက်ကြီးက ဘီလုံးငှက်ကလေးကို လယ်ကွင်းထဲကို အရောက်ပို့ပေးလိုက်သတဲ့။ ဘီလုံးငှက်ကလေးဟာ သိမ်းငှက်ကြီးရဲ့လက်ကလည်းလွတ်ရော မြေစိုင်ခဲတစ်ခုအပေါ် ခုန်တက်ရင်း သိမ်းငှက်ကြီးကို ဒီလိုစိန်ခေါ်လိုက်သတဲ့။

"အို .. အသင်သိမ်းငှက်၊ သင်သတ္တိရှိရင် ကျုပ်ကို လာဖမ်းလှည့်စမ်းပါ။ သင့်ထက် အဆများစွာကြီးတဲ့ ငှက်ဖြစ်ပါစေ ကျုပ်မကြောက်ဘူး"

လို့ ပြောလိုက်တော့ သိမ်းငှက်ကြီးက ဒေါသတအားဖြစ်သွားပြီး "အေး .. ငါ့လိုသိမ်းငှက်ကို စိန်ခေါ်ရဲတဲ့ငှက်စုတ် သေပေတော့" ဆိုပြီး သူ့ရဲ့ကြီးမားတဲ့တောင်ပံနှစ်ဖက်ကိုဖြန့်ပြီး အရှိန်အဟုန်ပြင်းစွာနဲ့ ဘီလုံးငှက်ဆီကို ထိုးစိုက်လိုက်သတဲ့။ ဘီလုံးငှက်ကလေးဟာ သိမ်းငှက်ကြီး အတောင်ပံဖြန့်ပြီး စိုက်ဆင်းလာတာလည်းသိရော ချက်ချင်းမြေစိုင်ခဲအကြားထဲကို ဝင်လိုက်သတဲ့။ အဲဒီအခါမှာ သိမ်းငှက်ကြီးဟာ သူ့ရဲ့အရှိန်ကို မထိန်းနိုင်ဘဲ မြေစိုင်ခဲနဲ့ သူ့ရဲ့ခန္ဓာကိုယ်ဟာ အရှိန်ပြင်းစွာပွတ်တိုက်မိပြီး ရင်ကွဲကာ မျက်စေ့နှစ်လုံးကကျွတ်ထွက်ပြီး မရှုမလှ သေပွဲဝင်ရသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဤမျှသာဖြစ်ပါတယ်။ ဒီပုံပြင်လေးကို နားထောင်ဖတ်ရှုပြီး မိမိကိုယ်ကို အထင်ကြီးလွန်းရင် လောကမှာ ပျက်စီးရတတ်တယ်။

သီတဂူကျော်ဆည်

□



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သူ့လက်ရာ

ဤသူ့လက်ရာ ကလေးကဏ္ဍအတွက် ကလေးများကိုယ်တိုင် ရေးဆွဲသည့် တစ်မျက်နှာစာ ကာတွန်းများ ပေးပို့နိုင်ပါသည်။ ကာတွန်းဆရာသစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ပါသည်။ ကာတွန်းရွေးချယ်ခံရပါက စာမူခနှင့် လက်ဆောင်မဂ္ဂဇင်း ပေးပို့ပါမည်။

မဆက်ဆက်ညိမ်၊ ဥဩတတ်မှံ/ပိဒိယို၊ ပိုလ်ချုပ်လမ်း၊ မြစ်သားမြို့။




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




• ပျော်ရွှင်ကျေနပ်နိုင်ပါစေ •

ကာတွန်း

ဖုန်း ၀၉31042213

www.burmeseclassic.com

www.burmeseclassic.com

(အင်္ဂလိပ်ပုံပြင်)

# ခရီးအဆုံးမှာ

သူရထိုက်



တွမ်ဟာ မွန်ရည်တဲ့ လူငယ်ကလေးတစ်ဦးပါ။ သူဟာ အလုပ်တစ်ခု လိုချင်နေတယ်။ ဒါပေမယ့် အလုပ်ရှာလို့မတွေ့ဘူး ဖြစ်နေလေရဲ့။ လူအတော်များများလည်း အလုပ်လိုချင်တယ်။ ဒါပေမယ့် အလုပ်ရှာလို့မရဘူး ဖြစ်နေတယ်။ တွမ်လည်း အဝတ်အစားဝယ်ဖို့၊ ရုပ်ရှင်ကြည့်ဖို့အတွက် ပိုက်ဆံမရှိလို့ စိတ်မကောင်းဖြစ်နေလေရဲ့။

တွမ်ဟာ ငယ်ငယ်တုန်းက ဘောလုံးသမားတစ်ဦး ဖြစ်ချင်တယ်။ သူ့အနေနဲ့ ဘောလုံးကစားတာကောင်းသလို တင်းနစ်လည်း ကစားတတ်တယ်။ သူဟာ အားကစားအတော်များများကို ကောင်းကောင်းကစားတတ်သူပါ။ ဒါပေမယ့် အားကစားသမားလည်း မဖြစ်ခဲ့ပါဘူး။

အခုတော့ တွမ်မှာ အတွေးသစ်တစ်ခုရှိနေပါပြီ။ သူ့အတွေးက ဒီလိုပါ။

"ငါ့အနေနဲ့ အားကစားပစ္စည်းရောင်းတဲ့ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆိုင်မှာ အလုပ်ရနိုင်ကောင်းရဲ့။ အဲဒါဆိုရင် ငါလည်း ပျော်ပြီး ပိုက်ဆံလည်း ရမှာပဲ''

ဒါပေမယ့် အဲဒါဟာ အတွေးပဲရှိနေသေးတယ်။ ဖြစ်မလာခဲ့ပါဘူး။

သူ့အနေနဲ့ အလုပ်တစ်ခုရဖို့အတွက် ကြိုးစားပမ်းစား ရှာဖွေပါတယ်။ နေ့စဉ်နေ့တိုင်း သတင်းစာတွေဖတ်တယ်။ အလုပ်လျှောက်တဲ့လျှောက်လွှာတွေ ရေးပို့တယ်။ အဲဒီလို အလုပ်လျှောက်လွှာတွေ ရေးပို့ခဲ့တာလည်း အများအပြားရှိပြီဖြစ်တယ်။ ဒါပေမယ့် အလုပ်တစ်ခုမှ မရသေးပါဘူး။

တစ်နေ့မှာတော့ သတင်းစာထဲမှာ သူ တစ်ခု ဖတ်လိုက်မိတယ်။ အဲဒါကတော့ သူ့အိမ်အနီးအနားမှာ ရှိတဲ့ ပန်းခြံတစ်ခုမှာ ပျော်ပွဲရွှင်ပွဲ ကျင်းပမယ်ဆိုတဲ့ သတင်းပါပဲ။

''ဒါ စိတ်ဝင်စားစရာပဲ''လို့ သူတွေးမိခဲ့တယ်။

''နောက် စနေနေ့ပဲ။ ငါသွားရင်ကောင်းမယ်ထင်တယ်။ ဟုတ်တယ်။ ငါသွားမယ်။ ငါ့မှာ ဘာမှလည်း လုပ်စရာမရှိဘူး။ ပြီးတော့ ပိုက်ဆံလည်းသိပ်ပြီးကုန်မယ် မထင်ပါဘူး''

အဲဒီစနေနေ့ကို ရောက်တဲ့အခါ ပန်းခြံကို လမ်းလျှောက်ပြီး ထွက်သွားခဲ့တယ်။ ပွဲခင်းထဲဝင်ဖို့ လက်မှတ်တစ်စောင်ဝယ်တယ်။ မွန်းထွေးတဲ့ နွေရာသီရဲ့ နေ့တစ်နေ့ပါပဲ။ ကောင်းကင်က ပြာလဲ့နေတယ်။ ပန်းခြံကလည်း အတော်ကလေးကို လှပနေလေရဲ့။ ပန်းတွေလည်း အများအပြား ဖူးပွင့်နေကြတယ်။ အပြာ၊ အဝါနဲ့ အနီ စသဖြင့်ပေါ့။ အဲဒါတွေကိုတွေ့ရတော့ တွမ်အနေနဲ့ အတော်ကလေးကို ပျော်ရွှင်သွားမိတယ်။

ပျော်ပွဲရွှင်ပွဲတွေကလည်း ကောင်းပါတယ်။ လူတွေအများကြီးရောက်လာကြပြီး ကစားနည်းမျိုးစုံကို ကစားကြတယ်။ တွမ်လည်း ကစားနည်းတချို့ကို ကစားခဲ့တယ်။ သူနိုင်တဲ့အတွက် သစ်သီးသေတ္တာတစ်လုံးနဲ့ အားကစားစာအုပ်တစ်အုပ် သူရလာခဲ့တယ်။ အဲဒီနောက် ပူအိုက်ပြီး ရေငတ်ထားတဲ့အတွက် ရေခဲမုန့်ကို သူဝယ်စားခဲ့တယ်။

''ငါ့အတွက်တော့ ကောင်းသောနေ့ပါပဲလေ''လို့ သူတွေးမိတယ်။ သူထိုင်ပြီး ရေခဲမုန့်ကိုစားရင်းနဲ့ အခုလို တွေးမိတယ်။

''အခု-ငါဘာလုပ်ရင် ကောင်းမလဲ''

ချက်ချင်းဆိုသလို စာလုံးအကြီးနဲ့ ရေးထားတာကို သူတွေ့လိုက်ရတယ်။

''မဒမ်ဖမ်လ်ဒါ အနာဂတ်ကိုသိသောသူ။ သင့်အနေနဲ့ သင့်ရဲ့အနာဂတ်ကို သိလိုပါသလား။ အထဲကိုဝင်ပြီး မဒမ်ဖမ်လ်ဒါနဲ့ ပြောဆိုမေးမြန်းကြည့်ပါ''

တွမ်စမ်စမ်အနေနဲ့ အဲဒီစာတန်းကိုဖတ်ပြီး တွေးခဲ့မိတယ်။

''ငါ အထဲကိုဝင်ကြည့်မယ်။ ငါဟာ အနာဂတ်ကို ကြောက်ရွံ့တတ်တဲ့သူ မဟုတ်ဘူး။ ဒါပေမယ့် စိတ်ဝင်စားစရာတော့ ကောင်းလိမ့်မယ်။ ဟုတ်ပြီ။ ငါ အထဲကိုဝင်ပြီး မဒမ်ဖမ်လ်ဒါနဲ့ စကားပြောကြည့်မယ်''

သူ ရုံထဲကို ဝင်သွားခဲ့တယ်။ အထဲမှာတော့ မှောင်မည်းနေလေရဲ့။ ဆံပင်အဖြူတွေနဲ့ အဘွားအိုတစ်ဦးဟာ ကြင်နာတဲ့အပြုံးနဲ့ တွမ့်ကိုကြည့်နေတယ်။

''ဟဲလို လူကလေး ထိုင်ပါ။ မင်းရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး ငါ ပြောပြပါ့မယ်''

တွမ်ထိုင်လိုက်တယ်။ အဘွားအိုက သူမရဲ့ စားပွဲပေါ်မှာရှိတဲ့ ကတ်ပြားတွေကို စိုက်ကြည့်နေတယ်။

''ကတ်ပြားသုံးခု ယူလိုက်ပါ''

တွမ်က ကတ်ပြားတွေကိုယူပြီး အဘွားအိုကို ပေးလိုက်တယ်။ အဘွားအိုက ကတ်ပြားတွေကို အကြာကြီး ကြည့်နေလေရဲ့။ အဲဒီနောက် သူမပြောလိုက်ပါတယ်။ သူမရဲ့မျက်နှာမှာ အပြုံးတွေမရှိတော့ပါဘူး။

''နားထောင်ပါ။ မင်းအတွက် အရေးကြီးတဲ့ အချက် ပြောပြမယ်။ နောက်လာမယ့် သောကြာနေ့မှာ ဘယ်ကိုမှ မသွားပါနဲ့။ တကယ်လို့များ သောကြာနေ့မှာ မင်းအနေနဲ့ သွားစရာရှိတယ်ဆိုရင် မင်းသွားမယ့်နေရာကို ရောက်မှာမဟုတ်ဘူး။ လမ်းပေါ်မှာ တစ်ခုခုဖြစ်လိမ့်မယ်။ အခု ငါပြောတာတွေကို မမေ့ပါနဲ့။ အဲဒီထက်ပိုပြီးတော့ မင်းကို ငါမပြောပြနိုင်ဘူး လူကလေး ဂရုစိုက်ပါ''

တွမ်လည်း အပြင်ကို ထွက်လာခဲ့တယ်။ ပူပြင်းတဲ့နေရောင်က သူ့ရဲ့မျက်နှာပြင်ပေါ်ကို ကျရောက်လာတယ်။ သူ့မှာ ပိုက်ဆံမပိုတော့ဘူး။ သူ အိမ်ကိုပြန်ချင်



www.burmeseclassic.com

www.burmeseclassic.com

လာတယ်။

"ငါ မကြောက်ပါဘူး။ ဘယ်မှလည်း သွားစရာ မရှိတာ။ သောကြာနေ့ကျရင်လည်း ဘယ်မှသွားစရာ မရှိဘူး။ နေ့တိုင်းနေ့တိုင်းဟာ ငါ့အတွက် အတူတူပဲလေ။ အလုပ်မှမရှိတာ။ ဘယ်မှလည်း သွားစရာမရှိဘူး"

ဒါပေမယ့် ကြာသပတေးနေ့ရောက်တော့ သူ့ဆီကို စာတစ်စောင် ရောက်လာခဲ့တယ်။ အဲဒါက သူပို့လိုက်တဲ့ စာတွေထဲက စာတစ်စောင်ကို အကြောင်းပြန်တဲ့စာပါ။ ကီလိုမီတာ ၃၀ ကွာဝေးတဲ့ မြို့တစ်မြို့ဆီက အလုပ်နဲ့ပတ်သက်တဲ့ စာဖြစ်တယ်။ အားကစားပစ္စည်း ရောင်းတဲ့ ဆိုင်တစ်ဆိုင်ဆီက ပို့လိုက်တဲ့စာဖြစ်တယ်။ မနက်ဖြန်မှာ အလုပ်ရှင်က သူ့ကို တွေ့ချင်သတဲ့။

တွမ့်အနေနဲ့ အတော်ကလေး ပျော်ရွှင်သွားမိတယ်။

"အဲဒီကို ရထားစီးသွားမယ်။ ကီလိုမီတာ သုံးဆယ်ကြီးများတောင်။ ငါ လမ်းလျှောက်သွားလို့ မဖြစ်ဘူးလေ"

ချက်ချင်းဆိုသလို ပျော်ပွဲရွှင်ပွဲသွားတုန်းက အဘွားအိုပြောလိုက်တဲ့စကားကို အမှတ်ရလိုက်မိရဲ့။ ပြီးတော့ သူ ကြောက်ရွံ့ထိတ်လန့်သွားခဲ့မိတယ်။

"သောကြာနေ့မှာ ဘယ်ကိုမှ မသွားပါနဲ့"လို့ သူမ ပြောခဲ့တယ်လေ။

"ဒါပေမယ့် ငါလုပ်ရမှာပဲ"လို့ ဝမ်းနည်းစွာနဲ့ သူတွေးတောမိလိုက်တယ်။

"ဒီအလုပ်ကို ငါလက်လွှတ်လို့မဖြစ်ဘူး၊ ဒါဟာ ငါ့အတွက် အရေးသိပ်ကြီးတယ်။ မနက်ဖြန် ရထားစီးပြီး သွားမှဖြစ်မယ်။ ပြီးတော့ အဘွားကြီးအနေနဲ့ အနာဂတ်ကိုမသိနိုင်ဘူးလေ။ ဘာမှမဖြစ်ပါဘူး"

ဒါပေမယ့် သူ့အနေနဲ့ အဲဒီအတွက် သိပ်ပြီး မပျော်ရွှင်တော့ပါဘူး။ ပြီးတော့ တစ်ညလုံး ကောင်းကောင်း အိပ်မပျော်ခဲ့ဘူး။

နောက်တစ်နေ့ သောကြာနေ့မှာတော့ မီးရထားဘူတာရုံကို တွမ်ထွက်လာခဲ့တယ်။ မီးရထားလက်မှတ်ရုံမှာ လက်မှတ်တစ်စောင် ဝယ်လိုက်တယ်။ မီးရထားလည်း ရောက်လာခဲ့ပါပြီ။ မီးရထားပေါ် သူတက်လိုက်တယ်။

အဘိုးအိုတစ်ဦးလည်း သူ့အနားမှာ လာထိုင်ခဲ့တယ်။ ဆံပင်ဖြူတွေအောက်က သူ့ရဲ့ရုပ်ရည်ဟာ စူးစမ်းဆင်ခြင်တဲ့ ပုံသဏ္ဌာန်ရှိတယ်။ အဘိုးအိုရဲ့ ခြေထောက်တစ်ဖက်က မသန်စွမ်းပါဘူး။ အဘိုးအိုအတွက် တွမ်စိတ်မကောင်းဖြစ်မိတယ်။

မီးရထားလည်း ထွက်လာခဲ့ပြီ။ ကျေးလက်ဒေသကို ဖြတ်သန်းလာခဲ့ထယ်။ စားပွဲထိုးတစ်ဦးက အစားအစာတွေနဲ့အတူ ရောက်လာတဲ့အခါ အဘိုးအိုက ဆင်းဒဝစ်မုန့်တစ်ခု ဝယ်လိုက်တယ်။ အဲဒီနောက် တွမ့်ကို ပြုံးကြည့်ပြီး ပြောလိုက်လေရဲ့။

"မင်း ရေမဆာဘူးလား။ ငါနဲ့အတူ လက်ဖက်ရည်သောက်ပါလား။ မင်းကြိုက်မယ် ထင်ပါတယ်"

အဘိုးအိုက တွမ့်အတွက် လက်ဖက်ရည်တစ်ခွက် မှာပေးတယ်။

"ဒီအဘိုးကြီးက သဘောကောင်းတဲ့သူပဲ။ သူ့ကို ငါ သဘောကျတယ်"

လို့ တွမ်က တွေးတောမိတယ်။

အဘိုးအိုကို ပြုံးပြီး သူပြောလိုက်တယ်။

"ကျေးဇူးပါပဲ။ ကျွန်တော့်နာမည် တွမ်စမစ်ပါ။ အဘိုးသွားရမယ့်ခရီးက ဝေးသလား"

ဒါပေမယ့် အဘိုးအိုက ဘာမျှပြန်မဖြေပါဘူး။ အဲဒီအချိန်မှာ အသံအကျယ်ကြီးကြားလိုက်ရပြီး မီးရထား ထိုးရပ်သွားခဲ့တယ်။ ဘာများဖြစ်လို့ပါလိမ့်။ မီးရထားပေါ်ကလူတွေလည်း ကြောက်ရွံ့ထိတ်လန့်သွားခဲ့တယ်။ သူတို့တစ်တွေဟာ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်လိုက်ကြတယ်။ ဒါပေမယ့် ဘာကိုမျှ မတွေ့ကြရပါဘူး။

"မစိုးရိမ်ပါနဲ့"လို့ တွမ်က အဘိုးအိုကို ပြောလိုက်တယ်။

"ကျွန်တော် သွားကြည့်လိုက်ဦးမယ်။ တစ်ခုခု မတော်တဆဖြစ်တာ နေပါလိမ့်မယ်။ ဒီမှာပဲထိုင်နေတာ အဘိုးအတွက် ကောင်းပါလိမ့်မယ်"

အဘိုးအိုက ပြုံးလိုက်တယ်။

"ကျေးဇူးပါပဲ ကောင်ကလေးရေ။ ငါ့ရဲ့ခြေထောက်တွေက သိပ်ပြီး မသန်စွမ်းတော့ဘူးကွယ့်"

တွဲစောင့်ကို တွမ် တွေ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ မီးရထားရပ်သွားရတာလဲဟင်"

လို့ တွမ်က တွဲစောင့်ကို မေးလိုက်ပါတယ်။

တွဲစောင့်က တွမ့်ကို မပျော်မရွှင်နဲ့ စိုက်ကြည့်တယ်။

"သစ်ပင်ကြီးတစ်ပင် မီးရထားလမ်းပေါ်မှာ လဲကျနေတယ်။ ငါတို့ အဲဒီသစ်ပင်ကြီးကို ရွှေ့ကြည့်တယ်။ ဒါပေမယ့် ရွှေ့လို့မရဘူး။ အဲဒါကြောင့် ဒီခရီးက ဒီမှာပဲ ဆုံးပြီပေါ့။ မင်းတို့အနေနဲ့ မီးရထားပေါ်ကဆင်းပြီး လမ်းလျှောက်သွားမှဖြစ်တော့မယ်"

"ဘယ်ကို လမ်းလျှောက်ရမှာလဲ"လို့ တွမ်က မေးလိုက်တယ်။

"ဒီနားမှာ ရွာတစ်ရွာရှိတယ်။ မင်းတို့ အဲဒီကို သွားပြီး စားသောက်ဆိုင် ဒါမှမဟုတ် ကော်ဖီဆိုင်ရှာတွေ့နိုင်တယ်။ ငါကတော့ မီးရထားနဲ့အတူ ရှိနေရမှာပေါ့။ မင်းတို့သွားရမယ့် ခရီးအတွက်တော့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် မင်းတို့ရဲ့ပိုက်ဆံကို ပြန်ပေးမှာပါ"

တွမ်လည်း တွေးလိုက်မိတယ်။

"ပိုက်ဆံက အရေးမကြီးပါဘူး။ ငါတကယ်လိုချင်တာ အလုပ်ပဲ"

အဲဒီနောက် သူလည်း စိတ်မကောင်းဖြစ်သွားမိတယ်။ တွမ့်အနေနဲ့ အဘိုးအိုကို သူ့ရဲ့အလုပ်နဲ့ပတ်သက်ပြီး ဘာမှမပြောမိဘူး။ သူက အဘိုးအိုကို ကူညီပြီး မီးရထားပေါ်ကနေ ဆင်းလိုက်တယ်။ ပြီးတော့ အဘိုးအိုရဲ့ပစ္စည်းကို ကူသယ်ပြီး ရွာဘက်ကို ထွက်လာခဲ့ကြတယ်။

"ကျေးဇူးအများကြီး တင်ပါတယ်"လို့ အဘိုးအိုက တွမ့်ကိုပြောလိုက်တယ်။

"ငါသိပါတယ်။ ငါ့ရဲ့သေတ္တာက လေးတယ်။ အထဲမှာ ကွန်ပျူတာ ပါတယ်လေ။ ပြီးတော့ စာရွက်တွေလည်း အများကြီးပဲ"

တွမ်က ပြုံးလိုက်တယ်။

"ရပါတယ်"

ဒါပေမယ့် သူ့အနေနဲ့ အတော်ကလေးကို ဝမ်းနည်းနေမိတာပါ။

"ငါရှုံးတာပဲ။ အဘွားကြီးပြောတာကို နားမထောင်ခဲ့မိဘူး။ သူပြောတာ မှန်သားပဲ။ အခု ငါ အလုပ်လည်းမရတော့ဘူး"လို့ တွေးနေမိသတဲ့။

စိတ်မကောင်းဖြစ်နေတဲ့ တွမ်ရဲ့မျက်နှာရိပ်ကို ကြည့်ပြီး အဘိုးအိုက မေးလိုက်တယ်။

"ဘာဖြစ်လို့လဲ ကောင်ကလေး"

တွမ်က အားကစားပစ္စည်းဆိုင်နဲ့ပတ်သက်တဲ့ အလုပ်အကြောင်း အဘိုးအိုကို ပြောပြလိုက်တယ်။ အဲဒီလို ပြောဆိုပြီးတဲ့အခါ အထူးအဆန်းဖြစ်လာခဲ့ပါတယ်။ အဘိုးအိုကပြုံးတယ်။ ပြီးတော့ ဟက်ဟက်ပက်ပက် ရယ်ပါလေရော။ အဘိုးကြီး ဘာဖြစ်တာပါလိမ့်။ တွမ် မသိဘူး။ နည်းနည်းလည်း စိတ်ဆိုးသွားခဲ့မိတယ်။ ဒီအဘိုးကြီးနဲ့ တွေ့ရကြုံရတာ သူ့အတွက် ကံဆိုးတဲ့နေ့ ဖြစ်နေပြီလား။ ဘာကြောင့် ရယ်ရတာလဲ။

တွမ်ကတော့ ပြုံးလည်းမပြုံး။ စကားလည်း မပြောမဆိုဘဲနဲ့ ရှိနေပါတယ်။

"တွမ် ငါပြောတာ နားထောင်ဦး။ ဝမ်းမနည်းပါနဲ့။ ငါဟာ ချမ်းသာတဲ့သူတစ်ဦးပါ။ အမြို့မြို့အနယ်နယ်မှာ ငါ့ရဲ့ဆိုင်ခွဲတွေရှိတယ်။ အဲဒါတွေက အားကစားပစ္စည်းရောင်းတဲ့ဆိုင်တွေပဲ။ ငါ့ရဲ့ဆိုင်အသစ်အတွက် အလုပ်လုပ်ချင်တဲ့ တတ်သိလိမ္မာတဲ့ လူငယ်တစ်ဦးကို လိုချင်နေတာ။ အဲဒါလည်း ငါ့ရဲ့ဆိုင်ကြီးပဲ။ ငါ့အတွက် အလုပ်လုပ်ပေးနိုင်မလား။ အခု မင်းအကြောင်း ငါသိပြီး ငါတွေးမိတယ်။ မင်းဟာ ငါ့အတွက် မီးရထားပေါ်က အလွန်ကြင်နာတဲ့ လူငယ်လေးပါပဲ။ အလုပ်အတွက် မင်းဟာ သင့်တော်တဲ့လူတစ်ဦးပါ။ မင်းအဖြေ ဘယ်လိုရှိသလဲ သိပါရစေ"

"အံ့ဩစရာပဲ"လို့ တွမ်က ဝမ်းသာတဲ့အပြုံးနဲ့ ပြောလိုက်ပါတယ်။

"ဒီနေ့ဟာ ကျွန်တော့်ဘဝအတွက် အကောင်းဆုံးနေ့ပါ။ အဆိုးဆုံးနေ့ မဟုတ်ပါဘူး"

**[ Jan Carew ရဲ့ Journey's End. ]**

သူရထိုက်

□



www.burmeseclassic.com

www.burmeseclassic.com

# ဦးနှောက်ရှင်ကြည်လန်းစေဖို့

# ဉာဏ်စမ်းကလေးတွေ ဖြေကြည့်စို့

■ ကိုရွှေတောသား

ကလေးတို့ရေ ..

ကလေးတို့ရဲ့ ဦးနှောက်ကလေးတွေ ကြည်ရွှင်လန်းဆန်း ပျော်ရွှင်စေဖို့ ဉာဏ်စမ်းလေးတွေ ဖြေကြရမယ့်အချိန် ရောက်လာပြီပဲနော်။

သည်တစ်လမှာလည်းပဲ ကလေးတို့ ဖြေဆိုနိုင်မယ့် ဉာဏ်စမ်းကလေးတွေကိုပဲ ပေးထားပါတယ်။ စဉ်းစားဉာဏ်ကလေးတွေသုံးပြီး ဖြေဆိုကြည့်ကြပေါ့။ အားလုံး ဖြေဆိုပြီးပြီဆိုမှပဲ စာမျက်နှာ ၁၆၀ မှာ ဖော်ပြထားတဲ့ အဖြေမှန်နဲ့ တိုက်ဆိုင်ကြည့်ကြပေါ့ကွယ်။

၁။ ခြင်ကိုက်ခံရမယ့် အန္တရာယ်ကနေ လွတ်ကင်းနိုင်တယ်ဆိုတဲ့ အချိန်ဟာ ဘယ်အချိန်ဖြစ်မတဲ့လဲ။

၂။ အသက်ရှိနေတဲ့ လူသားတွေအားလုံး (ဘယ်နိုင်ငံသားမဆိုပေါ့။) တူညီနေကြတဲ့ အချက်တစ်ချက်ရှိတယ်။ အဲသည်အချက်ဟာ ဘာဖြစ်မလဲ။

၃။ လူတစ်ယောက်ကို ထိပ်မပြောင်အောင် ကာကွယ်ပေးနိုင်တာ ဘာဖြစ်မလဲ။

၄။ ခွဲစိတ်ဆရာဝန်တွေဟာ ဘာဖြစ်လို့ သူတို့ရဲ့ မျက်နှာကို အဝတ်တွေနဲ့ စည်းနှောင်ထားရတာတဲ့လဲ။

၅။ မိုးရေထဲ လျှောက်သွားတဲ့အခါ တစ်ကိုယ်လုံးရွှဲရွှဲစိုပေမယ့် ထီးကျတော့ မိုးရေတစ်စက်တောင် မစင်ဘူးတဲ့။ ဘာဖြစ်လို့ပါလိမ့်။

၆။ ဘယ်လမှာ လူတွေ စကားပြောအနည်းဆုံးလဲ။

၇။ ခရီးသွားတဲ့အခါ ယာဉ်ကြောမကျပ်ရအောင် ဘာကိုစီးသင့်သလဲ။

၈။ ကြိုးချည်ခံထားရတဲ့ ခွေးဟာ ဘာ့ကြောင့် သူ့အနားကို လူအကပ်ခံရတာတဲ့လဲ။

၉။ ဆံပင်မဖြူအောင် ဘယ်လိုကာကွယ်လို့ရသလဲ။

၁၀။ လူတွေမှာ ကစီ၊ အသား၊ သတ္တု၊ အဆီ၊ သကြား၊ ရေ .. စတဲ့ ဓာတ်ခြောက်ပါးအပြင် ဘယ်ဓာတ်ရှိဖို့လည်း လိုသလဲ။

၁၁။ ကြည်း၊ ရေ၊ လေ စတဲ့ တပ်တွေအသီးသီး ရှိကြတဲ့အနက် နာမည်ခေါ်လို့ သိပ်မကောင်းတဲ့ တပ် ရှိသေးတယ်ဆိုရင် အဲသည်တပ်ဟာ ဘယ်တပ်ဖြစ်မတဲ့လဲ။

၁၂။ ထိုးပွဲတော့ ထိုးပွဲပါပဲ။ ဒါပေမယ့် ဖူးရောင်ဒဏ်ရာရတဲ့သူ တစ်ယောက်မှ မရှိဘူးတဲ့။ အဲဒါ ဘယ်ထိုးပွဲဖြစ်မတုံး။

၁၃။ ကိုယ့်ပြည်တွင်းက မြေဖြစ်ပေမယ့် နိုင်ငံရပ်ခြားကမြေလို့ အပြောခံရတာ ဘယ်မြေလဲ။

၁၄။ ခုတလော လူတွေ စိုးရိမ်ကြောက်လန့်နေကြတဲ့ အရောင်တစ်မျိုးရှိတယ်။ အဲဒါ ဘယ်အရောင်ပါလိမ့်။

၁၅။ အမျိုးသမီးတွေ ဝတ်ဆင်လို့ မရဘူးဖြစ်နေတဲ့ ဇာဟာ ဘယ်ဇာတဲ့တုံး။

ကိုရွှေတောသား





www.burmeseclassic.com

www.burmeseclassic.com

(ကလေးဝတ္ထုတို)

# သင်္ကြန်နှင့် ပျော်ရွှင်ခြင်း

မင်းတည်တုံ

ရော်ရွက်ဝါတို့ လေရူးနှင့်အတူ ဝေ့ဝဲကာ မြေသို့ ဆင်းသက်ကြလေပြီ။ တွန်သံချို နွေဥသြ၏ လွမ်းမော ဖွယ် တေးသံတို့သည်လည်း သာယာငြိမ့်ညောင်းစွာ ပျံ့ လွင့်နေလေသည်။ တစ်ပင်လုံး ရွှေရည်လောင်း၍ အလှ ဆင်တတ်သည့် ပိတောက်ပွင့်တို့နှင့် တစ်ပင်လုံး ဖါဝင်း မော်ကြွားတတ်သည့် ငုဝါပွင့်တို့သည်လည်း အလုချင်းပြိုင် ကာ နွေရာသီ တန်ခူးအချိန်အခါကို အလှဆင်၍ သင်္ကြန် ကို ကြိုဆိုနေကြပြီဖြစ်သည်။

မောင်မောင်နှင့် စိုးစိုးတို့သည်လည်း သင်္ကြန်၏ အငွေ့အသက်တွေနှင့်အတူ ပျော်ရွှင်နေကြပြီဖြစ်သည်။ မောင်မောင်နှင့်စိုးစိုးသည် အလွန်ချစ်ခင်သော သူငယ်ချင်း များဖြစ်ကြသည်။ သို့သော် ပြုမူနေထိုင်ခြင်းမှာ ကွဲပြားလို့ နေသည်။ စိုးစိုး၏မိဘများသည် ချမ်းသာမှု ငွေကြေးသုံးစွဲ နိုင်သလို ခေတ်ဆန်ဆန်နေထိုင်တတ်သူများ ဖြစ်သည်။ စိုးစိုးတွင် ညီမလေးတစ်ယောက်လည်း ရှိသေး၏။ မောင်မောင်ကတော့ ထိုသို့မဟုတ်။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအတိုင်း မိခင်၏ ဆုံးမမှုနှင့်အတူ ခေတ်မဆန် ယဉ်ကျေးစွာ နေထိုင်တတ်သူဖြစ်သည်။

သင်္ကြန်ကျသောနေ့တွင် စိုးစိုးသည် သူ၏ညီမလေး နှင့်အတူ မောင်မောင့်အိမ်သို့ ရောက်လာခဲ့သည်။ သင်္ကြန် လည်ရန် မောင်မောင့်ကို လာခေါ်ခြင်းပင် ဖြစ်သည်။

"မောင်မောင်ရေ..မောင်မောင် သူငယ်ချင်း။ ငါ စိုးစိုးပါကွ"

စိုးစိုး၏ခေါ်သံနှင့်အတူ မောင်မောင် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ကော်ကံကတုံးလက်ရှည်အဖြူနှင့် ချိတ်ပုဆိုးလေးကို သေသေသပ်သပ် ဝတ်ဆင်ထားသည့် မောင်မောင့်ကိုကြည့်၍ စိုးစိုးတစ်ယောက် အံ့သြသွား သည်။

"ဟား..ဟောကောင် မောင်မောင်၊ မင်းက ဒီအဝတ် တွေဝတ်ထားတာ ဘယ်သွားမလို့တဲ့။ ငါက သင်္ကြန်လည် ဖို့ မင်းကို လာခေါ်တာကွ"

မောင်မောင်က စိုးစိုးတို့ မောင်နှမနှစ်ယောက်ကို ပြုံးကြည့်ရင်းဖြင့် -

"ငါမလိုက်တော့ဘူးကွာ။ ငါ ဒီနေ့ ဘုရားသွား မလို့ကွ"

"ဟာကွာ..မင်းကလည်း။ ငါတို့က မင်းကို ပျော် စေချင်လို့ လာခေါ်တာ။ မင်းက မလိုက်ဘူးဆိုရင်လည်း ရတယ်။ ငါတို့ကတော့ တစ်နှစ်မှတစ်ခါ ပျော်ရတဲ့ သင်္ကြန်ကို ပျော်ပျော်ကြီးလည်ဖို့ သွားလိုက်ဦးမယ်။ မင်း မလိုက်လည်း နေခဲ့တော့ကွာ"

စိတ်ဆိုးပြီး ပြွက်သွားသော စိုးစိုးတို့မောင်နှမ၏ ကျောပြင်ကို ကြည့်ရင်းဖြင့်သာ မောင်မောင် ရပ်နေမိ တော့သည်။ စိုးစိုးဝတ်ထားသော အဝတ်အထည်တို့မှာ ဈေးကြီးပေးဝယ်ရသော ခေတ်ပေါ်ဒီဇိုင်း အရုပ်များဖြင့် စီမံထားသော တီရှပ်အကျုပ်ကို ဝတ်လျက် ဘောင်းဘီ ရှည် ဖင်ကျပ်နှင့် ဖြစ်သည်။ သူ၏ညီမလေးကတော့ အရက်မလုံတလုံ လည်ပိုက်ခွေယ်တဲ့အကျီအပါးကို ဝတ် ထားပြီး အောက်ပိုင်းကတော့ ကျပ်ကျပ်ထုပ်ထုပ်၊ တိုတို လန်လန် စကတ်ကို ဝတ်ထားသည်ကို တွေ့မြင်လိုက်ရ သည်။ ထိုသို့သော ဝတ်စားဆင်ယင်မှုမှာ မြန်မာ့ယဉ်ကျေး မှုနှင့် ဆန့်ကျင်ကာ အနောက်တိုင်းယဉ်ကျေးမှုကို အကောင်းအဆိုးမသိ၊ တုပဂုဏ်ယူစွာ ဝတ်စားနေကြခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးတစ်ယောက်အနေဖြင့် မြန်မာ့ ယဉ်ကျေးမှုကို ဗီလာဆန့်ကျင်သလို အန္တရာယ်တွေကို ဖိတ်ခေါ်နေသလို ဖြစ်နေသည်။

သူဝတ်ထားသော အဝတ်အစားများကို မောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မောင် ကြည့်လိုက်မိသည်။

"သား‥မြန်မာအမျိုးသားဆိုရင် မောင့်ကျက်သရေ ခေါင်းပေါင်းနဲ့ ပိုးရင်ဖုံးအင်္ကျီ၊ အထဲက ရှပ်လက်ရှည် လည်ကတုံးနဲ့ ချိတ်ပုဆိုး၊ ကတ္တီပါခြေညှပ် စီးရတယ်။ မြန်မာအမျိုးသမီးဆိုရင် ရိုးရာဆံထုံးထုံး၊ ပန်းကလေးကို ပန်၊ လက်ရှည်ရင်ဖုံးအင်္ကျီနဲ့ ချိတ်ထဘီကိုဝတ်၊ ပြီးတော့ ကတ္တီပါ ပုံတော်ဖိနပ်လေး စီးလိုက်ရင် အရမ်းကျက်သရေ ရှိနေတာပဲ။ မြန်မာဆန်ဆန် ဝတ်တာက လုံလုံခြုံခြုံ ရှိတာပေါ့နော်။ ပြီးတော့ အမျိုးသမီးတွေဆို ကိုယ့်ရဲ့ အတွင်းသား၊ မမြင်အပ်တဲ့အရာတွေကို ဖုံးအုပ်ပြီးဝတ် တာ ယဉ်ကျေးမှုပဲ"

မောင်မောင်တစ်ယောက် မိခင်၏ ဆုံးမစကားများ ကို ကြားယောင်မိသွားသည်။

× × ×

မောင်မောင်၏ ခြေလှမ်းများသည် သာယာငြိမ်း ချမ်းသော ဘုရားကျောင်းဝင်းထဲသို့ လှမ်းဝင်လိုက်သည် နှင့် သာယာသော ဆည်းလည်းသံနှင့်အတူ အေးငြိမ်းသည့် တရားသံတို့သည် မောင်မောင်၏ ရင်ထဲသို့ စိမ့်ဝင်ပျံ့နှံ့ သွားတော့သည်။ သင်္ကြန်အချိန်အခါတွင် တရားအရိပ်၌ သာယာကြည်နူးရခြင်းအရသာကို သူငယ်ချင်းစိုးစိုးတစ် ယောက် သိပါလေစ၊ မောင်မောင့်အတွက်တော့ သင်္ကြန် အချိန်အခါတွင် ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းဖြင့် သာယာကြည်နူးပျော်ရွှင်မှုတို့ကို ရရှိနေလေတော့သည်။

× × ×

"ဟေး‥ဟေး‥ပျော်သလားဟေ့ မောင်တို့ရေ။ ပျော်တယ်ဟေ့‥ပျော်တယ်ဟေ့"ဟု ဆိုသော မူးယစ် ရီဝေသော အသံများနှင့်အတူ စိုးစိုးတစ်ယောက်ကတော့ သင်္ကြန်လည်ရင်း ပျော်ရွှင်နေလေတော့သည်။

အိမ်ပေါ်သို့ တက်လိုက်သည်နှင့် သူ၏မိခင်ကို မောင်မောင် တွေ့လိုက်ရသည်။ မိခင်၏ မျက်နှာတွင် တစ်ခုခု ပြောချင်နေဟန် ပေါ်နေ၏။

"မေမေ‥ဘာဖြစ်လို့လဲ။ သားကို ပြောစရာရှိလို့ လား"

"သားသူငယ်ချင်း စိုးစိုးအကြောင်း ကြားပြီးပြီ လား။ သူ့ရဲ့ ညီမလေးကို နောက်ပြောင်တဲ့ကိစ္စနဲ့ ရန်ဖြစ် ကြတယ်တဲ့။ အဲဒါ ဘေးနားက လူကြီးတွေ ဝိုင်းတားလို့ ကံကောင်းသွားတာတဲ့။ ဆိုးဆိုးရွားရွားတော့ မဖြစ်ဘူးလို့ ကြားတယ်။ သူ့ရဲ့ ညီမလေး ဝတ်စားဆင်ယင်မှုကြောင့် ဖြစ်ရတာလို့ မေမေထင်တယ်။ ပြီးတော့ စိုးစိုးကလည်း အရက်သောက်ထားတော့ ပြဿနာတစ်ခုကို ပြေပြေ လည်လည် ဖြေရှင်းဖို့မကြိုးစားဘဲ ဒေါသရှေ့ထားတယ်နဲ့ တူပါတယ် သားရယ်"

မောင်မောင်တစ်ယောက် သူ၏မိခင်စကားအဆုံး အိမ်ပေါ်မှ ဆင်းကာ သူ၏သူငယ်ချင်း စိုးစိုးအိမ်သို့ သတင်းမေးရန် ရောက်ခဲ့တော့သည်။ အိမ်ပေါ်သို့တက် လိုက်သည်နှင့် ခေါင်းတွင် ပလာစတာတွေ ကပ်ထား သော စိုးစိုးကို တွေ့မြင်လိုက်ရသည်။

"ဟာ‥သူငယ်ချင်း မောင်မောင်၊ မင်း ငါ့ဆီလာ တယ်နော်"

"အေး‥မင်းသတင်း ကြားကြားချင်း ထွက်လာ ခဲ့တာ။ ဘယ်လိုဖြစ်ရတာလဲ"

"ငါ့ညီမလေးကို နောက်ပြောင်တဲ့ကိစ္စကနေ စတာ ပဲကွာ။ သေချာစဉ်းစားကြည့်တော့ ငါ့အမှားပါကွာ။ ငါ့ ညီမလေး ဝတ်ထားတာကလည်း သူများတွေ နောက် ပြောင်ချင်စရာဆိုတာ ငါနားလည်ပါပြီကွာ။ အပျော်လွန် တော့ အပျက်ဖြစ်သွားတာပေါ့ကွာ။ မင်းလို သင်္ကြန်ကို ကုသိုလ်ကောင်းမှုနဲ့ အေးအေးချမ်းချမ်း ဖြတ်သန်းတာ အကောင်းဆုံးလို့ ငါနားလည်သွားပါပြီကွာ။ အခု ငါ့အဖေ က ကျန်တဲ့ သင်္ကြန်ရက်ကို ပေးမထွက်တော့ဘူးကွ"

"ဟာ‥သူငယ်ချင်း စိုးစိုး၊ မင်း ဒီလိုနားလည် သွားတာ ငါ အရမ်းဝမ်းသာတယ်ကွာ။ မင်းဘာမှမပူနဲ့ သူငယ်ချင်း။ ကျန်တဲ့ရက်တွေမှာ မင်းတို့မောင်နှမနှစ် ယောက်လုံးကို အိမ်ကထွက်လို့ရအောင် မင်းအဖေကို ငါပြောပေးမယ်၊ စိတ်ချ။ မင်းတို့မောင်နှမနှစ်ယောက်လုံး သင်္ကြန်ရဲ့ ပျော်ရွှင်မှုအရသာအစစ်ကို ခံစားစေရမယ်လို့ ကတိပေးတယ်။ ဟုတ်ပြီလား"

× × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ငါးများကို ဘေးမဲ့လွှတ်နေသော လူအများကြား တွင် မောင်မောင်၊ စိုးစိုးနှင့်အတူ သူ၏ညီမလေးတို့က လည်း ပါဝင်ဆင်နွှဲနေကြသည်။ သို့သော် စိုးစိုးနှင့် သူ၏ ညီမလေးတို့၏ ဝတ်စားဆင်ယင်မှုမှာ ထူးခြားလို့နေသည်။ စိုးစိုးက ကော်လာကတုံးလက်ရှည်အဖြူ ချိတ်ပုဆိုးနှင့် ကတ္တီပါခြေညှပ်ဖိနပ်စီးထားသည်။ သူ၏ ညီမလေးကတော့ လက်ရှည်ရင်ဖုံးအင်္ကျီ ချိတ်ထဘီကိုဝတ်ထားပြီး ကတ္တီပါ ပုံတော်ဖိနပ်လေးကို စီးထားသည်။ မြင်ရသူတိုင်းက ငေးမောကြည့်နေရတော့သည်။


ငါးလွှတ်ပွဲမှအပြန် မောင်မောင်၏ ဦးဆောင်မှုဖြင့် စိုးစိုးနှင့် သူ၏ညီမလေးတို့သည် သက်ကြီးပူဇော်ပွဲသို့ ရောက်ခဲ့ပြန်သည်။ သက်ကြီးပူဇော်ပွဲတွင် မောင်မောင်နှင့် စိုးစိုးတို့က ဘိုးဘိုး၊ ဘွားဘွားများကို ပျော်ရွှင်စွာ ခေါင်း လျှော်ပေးကြသလို စိုးစိုး၏ညီမလေးကလည်း ဘိုးဘိုး၊ ဘွားဘွားများကို လက်သည်း၊ ခြေသည်းများ ညှပ်ပေးခြင်း ဖြင့် ပျော်ရွှင်နေတော့သည်။ ထိုအချိန်တွင် ဘိုးဘိုး၊ ဘွားဘွားတို့၏ တိုးတိုးကလေး ညင်သာစွာထွက်ပေါ်လာ သော ဆုပေးသံများသည် စိုးစိုးနှင့် သူ၏ညီမလေးရင်တွင်း သို့ ပဲ့တင်ထပ်သွားတော့သည်။ မောင်နှမနှစ်ယောက် အကြည့်ချင်းဆုံကာ ရင်ထဲမှ ဖြစ်ပေါ်လာသော ပျော်ရွှင် ကြည်နူးမှုတို့သည် တိုက်ခတ်လာသော လေအဝှေ့တွင် လိုက်ပါလာသော ပိတောက်ရနံ့တို့နှင့်အတူ ရောထွေး သွားပါတော့သည်။

မင်းတည်တံ့

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၄]

မေးခွန်းသင်္ကေတနေရာ၌ လိုနေသော ကိန်းကို ဖြည့်ပါ။




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံ ဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁-၅-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာ တွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

# စကားထာပဟေဠိ
# အဖြေညှိရအောင်

▪ဦးကောင်းထူး

ကလေးတို့ရေ..

စကားထာပဟေဠိ အဖြေညှိဖို့ရာအတွက် အချိန်ကျရောက်လို့လာခဲ့ပြီပဲနော်။ အရင့်အရင်လတွေက ဖြေဆိုကြရတာ အဆင်ပြေကြပါရဲ့လား။ ကျောင်းသင်ခန်းစာတစ်ခုတည်းမဟုတ်ဘဲ ဗဟုသုတဖြစ်စရာ ပြင်ပစာပေတွေ လေ့လာဖတ်ရှုနေသူအတွက်တော့ အဆင်မပြေစရာ ဘာမျှမရှိဘူးလို့ ထင်ပါတယ်။ သည်တော့ အများနဲ့ ယှဉ်ရင် ကိုယ်က ခေါင်းတစ်လုံး သာနေရအောင် စာဖတ်ဖို့ လိုမယ်နော်။ စာဖတ်ရမယ်ဆိုတဲ့ အလေ့အကျင့်ကိုလည်း မွေးမြူလေ့ကျင့်ထားကြပေါ့။

ကိုင်း..သည်တစ်လအတွက် စကားထာလေးတွေကို လေ့လာကြည့်ပါဦး။ သည်လမှာ ထူးခြားစွာပဲ မြန်မာ့လရာသီနဲ့ စပ်လျဉ်းပြီး ပွင့်တဲ့ပန်းအမျိုးအစားလေးတွေကို စကားထာဝှက်ထားပါတယ်။ ကြိုးစားလိုက်ကြပါဦး။

၁။ တစ်နှစ်တွင် တစ်လသာ
တစ်လမှာ တစ်ရက်တည်း။
တန်ခူးမှာ အဝါလွှမ်းတယ်
ဘာပန်းတဲ့လဲ ။ ။
အဖြေ ။ ----------------------။

၂။ ရေခန်းပါတဲ့ လကဆုန်
ညောင်ရေသွန်းပွဲကြီး၊
ဝတ်မှုန်စီလို့ ရနံ့ဆင့်
ဘယ်ပန်းခိုင်ညှာဝင့် ။ ။
အဖြေ ။ ----------------------။

၃။ မြက်သားမွေးတဲ့ လနယုန်
ဖျန်းပက် မိုးစက်မှုန်၊
မေထုန်ရာသီ ထိုကာလ
ဘယ်ပန်းပွင့်လဲဗျ ။ ။
အဖြေ ။ ----------------------။

၄။ မိုးအေးအေးနဲ့ လဝါဆို
ဖားတို့ တေးသံချို၊
ပန်းသူကြိုလင့် ကြိုင်လန်းဆန်း
ပွင့်တာ ဘယ်လိုပန်း ။ ။
အဖြေ ။ ----------------------။

၅။ ဝသန်ခါမီ သိဟ်ရာသီ
ဝါခေါင်လရောက်ပြီ၊
တောလုံမဒီ ခူးဆွတ်မြန်း
အဲဒါ ဘယ်ပွင့်ပန်း ။ ။
အဖြေ ။ ----------------------။

၆။ သင်ဖျူးခင်းတဲ့ မြစ်အနေ
ပူတော့ ပူစွန်သေ၊
တော်သလင်းမှာလေ ပွင့်တဲ့ပန်း
အဖြေပေးပါစမ်း ။ ။
အဖြေ ။ ----------------------။

www.burmeseclassic.com

www.burmeseclassic.com

၇။ ပလ္လင်ဆေးမိုး အုံ့ဖွဲ့ခင်
သီတင်းကျွတ်လတွင်၊
ရန့်ဝေလွင် ကန်ထဲတင့်
ဘယ်လိုပန်းတွေပွင့် ။ ။
အဖြေ ။ ---------------------------။

၈။ တန်ဆောင်မုန်းလ ရာသီခါ
ဝေ့ဝဲ မြူနှင်းလွှာ၊
အပွင့်ဖါဖါ ရှမဝ
သည်ပန်း ဘာတုံးဗျ ။ ။
အဖြေ ။ ---------------------------။

၉။ နတ်တော်လတွင် နှင်းသောက်ရှင်
မြူနှင်းတွေ ဝေလွင်၊
ရာသီနှင့်ယှဉ် ပွင့်စမြဲ
ဘာပန်းပါတဲ့လဲ ။ ။
အဖြေ ။ ---------------------------။

၁၀။ ချမ်းခေတ်ပြင်းတဲ့ လပြာသို
နှင်းရည် ရွှဲရွှဲစို၊
ကျွဲချိုအေးတဲ့ သည်လထဲ
ဘယ်ပန်းပွင့်သလဲ ။ ။
အဖြေ ။ ---------------------------။

၁၁။ နှင်းရည်စိုရွှဲ တပို့တွဲ
ထိုးကြ ထမနဲ၊
အဲသည်လမှာ ခိုင်ညှာဝင့်
ဘယ်ပန်းပွင့်သလဲ ။ ။
အဖြေ ။ ---------------------------။

၁၂။ တပေါင်းသာခေါင် လမျှားနှောင်
မိုးသားကျူးမယောင်၊
ဘယ်ဝယ်မြောက်တောင် မွှော်ကြည့်စမ်း
ပွင့်တာ ဘယ်လိုပန်း ။ ။
အဖြေ ။ ---------------------------။

၁၃။ နေရောင်ရှိရာ မျက်နှာမူ
ရန့်မွှေးမကြူ၊
လူတိုင်းကြိုက်တဲ့ သူ့အစေ့
ဘယ်လိုပန်းလဲဟေ့ ။ ။
အဖြေ ။ ---------------------------။

၁၄။ နာမည်ကမှ ဆိုးလိုက်တာ
သို့ပေမယ့်လည်းကွာ၊
ချောင်းဆိုးတဲ့အခါ ညှစ်သောက်စမ်း
ဆေးဖက်ဝင်တဲ့ပန်း ။ ။
အဖြေ ။ ---------------------------။

၁၅။ ပန်းဆိုပေမယ့် ပွင့်ဖတ်လွှာ
ပွင့်ချပ် မရှိပါ၊
အောင်ရာအောင်ကြောင်း အောင်ခုတောင်း
သည်ပန်းပါမှကောင်း ။ ။
အဖြေ ။ ---------------------------။

ဦးကောင်းထူး

(အဖြေမှန်များကို စာအုပ်တစ်နေရာတွင် ဖော်ပြထားပါသည်။)

❒

## Did You know?

### မာသည့် လူ့သွား

လူ့သွားသည် ကျောက်ခဲနီးပါး မာကျောလေသည်။

[ Illustrated Startling Facts you wouldn't know စာအုပ်မှ • • ]

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

(ရုရှားပုံပြင်)

# ဆိတ်ကလေးကို ငှက်တွေက ဘယ်လိုကယ်တင်ခဲ့ကြသလဲ

ဝေလင်းထွန်း

ရှေးတုန်းက သာမန်ဆိတ်ထီးလေးတစ်ကောင် ရှိပါတယ်။ သူဟာ အလွန်ခေါင်းမာလေ့ရှိပြီး အမြဲတမ်း သူလုပ်ချင်တာကို တဇွတ်ထိုး လုပ်တတ်ပါတယ်။ တစ်နေ့မှာတော့ သူဟာ ခရီးရှည် လမ်းလျှောက်သွားဖို့ ဟန်ပြင်လိုက်တယ်။

"သိပ် အဝေးကြီးမသွားရဘူး" သူ့အမေက သတိပေးလိုက်ပါတယ်။ "ကောင်းကင်က မည်းမှောင်နေတယ်။ အဲဒါက မုန်တိုင်းလာတာဖြစ်နိုင်တယ်"

"မဟုတ်ဘူး။ မုန်တိုင်းမဖြစ်နိုင်ဘူး" ဆိတ်ထီးလေးက အထွန့်တက်လိုက်တယ်။ ပြီးတော့ အဝေးက တောအုပ်ဆီကို ခုန်ပေါက်ပြေးသွားပါတော့တယ်။

ဒီအချိန်က တောထဲမှာ မှောင်နေရာကနေ ပိုပြီးမည်းမှောင်လာတယ်။ လေပြင်းတွေ တိုက်ခတ်လာတော့ မြင့်မားတဲ့ ထင်းရှူးပင်တွေဟာ ယိမ်းယိုင်နေကြတယ်။ မည်းမှောင်တဲ့ တိမ်တိုက်ကြီးက သစ်တောအပေါ်မှာ ဖုံးအုပ်လာတယ်။ ရုတ်တရက် ပြိုးပြိုးပြက်ပြက် လျှပ်စီးတွေလက်ပြီးနောက် ပြင်းထန်တဲ့ မိုးခြိမ်းသံတွေ ထွက်လာပြန်ပါတယ်။

အလွန် ထိတ်လန့်ကြောက်ရွံ့နေတဲ့ ဆိတ်ထီးလေးဟာ ဘာမှမစဉ်းစားနိုင်တော့ဘဲ ခြေဦးတည့်ရာ ခြေစုံပစ် ထွက်ပြေးလိုက်တယ်။ လျှပ်စီးလက်တာတွေနဲ့ မိုးခြိမ်းသံတွေက သူ့နောက်လိုက်လာသလို ထင်နေတယ်။ သူအမြန်ပြေးပေမယ့် အမြဲတမ်း သူ့နောက်က အသံတွေ ကြားနေတယ်။ နောက်ဆုံးတော့ တိမ်မည်းညိုတွေ မိုးသီးမိုးပေါက်တွေအဖြစ် ကျလာပါတော့တယ်။ သနားစရာ ဆိတ်ထီးလေးအပေါ် အေးမြတဲ့မိုးရေတွေ သွန်ချလိုက်သလို မိုးသည်းထန်စွာ ရွာသွန်းလိုက်ပါတယ်။

ဆိတ်ထီးလေးဟာ ပြေးရင်းပြေးရင်း တောထဲကို ဖြတ်ပြေးလာရာက သူတစ်ခါမှ မမြင်ဖူးတဲ့ မြက်ခင်းပြင်တစ်ဖက်ကို ရောက်နေပါတယ်။ သူဟာ တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေပါတယ်။ မိုးကလည်း တိတ်မယ့်အရိပ်အယောင် မတွေ့ရပါဘူး။ နောက်ဆုံးတော့ မိုးရေစက်အနည်းငယ်ကျရာက မိုးတိတ်ကာ ကောင်းကင်က ကြည်လင်လာပါတယ်။ ဆိတ်ထီးလေးဟာ ကြီးမားတဲ့ကန်ကြီးရဲ့ အလယ်က သေးငယ်တဲ့ ကျွန်းလေးပေါ်ရောက်နေပြီး ပတ်လည်က မြေကြီးပေါ်မှာ ရေတွေ ဖုံးလွှမ်းနေပါတယ်။ ကျွန်းထိပ်မှာသာ ချုံနွယ်ပင်တချို့ ရေပေါ်ပေါ်နေပါတယ်။

ဆိတ်ထီးလေးဟာ ရေမကူးတတ်ပါ။ သူ့အတွက် တစ်စုံတစ်ယောက်က လာရောက်ကယ်ဆယ်တာကို စောင့်ဖို့ကလွဲလို့ ရွေးချယ်စရာမရှိပါဘူး။ သူဟာ ချမ်းအေးတာကြောင့် ခိုက်ခိုက်တုန်နေတယ်။ သူဟာ စောင့်စားရင်း ထိုင်နေလိုက်ပါတယ်။

အချိန် အတန်ကြာတဲ့အခါ သူသိနေတဲ့ ငှက်တစ်ကောင် ပေါ်ကာဟာ ကန်ကိုဖြတ်ပြီး လေ့လျှော်လာတာ မြင်လိုက်ရတယ်။ သူက –

"ငှက်ကလေး ငှက်ကလေးပေါ်ကာ ..ငါ့ကိုကယ်ပါ။ မင်းရဲ့လှေပေါ်ကို ငါလိုက်ခဲ့ပါရစေ"

"ဒီလှေက နှစ်ယောက်မနိုင်ဘူး" ငှက်ကတအစ်အစ်မြည်သံနဲ့ ပြန်ဖြေပြီး အမြန်လှေလှော်သွားတော့တယ်။

"မင်းဟာ ရှက်စရာပဲ။ အဟွတ် အဟွတ်" ဆိတ်ထီးလေးဟာ ခုထိ စိုရွှဲနေဆဲဖြစ်ပြီး သူဟာ အအေးမိနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဝက်ဟာ သူ့မြင်ကွင်းက ပျောက်ကွယ်သွားတော့ သူဟာ တစ်ယောက်တည်း ဖြစ်သွားပါတယ်။ ဒါပေမယ့် သိပ်မကြာပါဘူး။ သွေးဆာနေတဲ့ ဓားပြတွေဖြစ်တဲ့ ဝံပုလွေဖခင်နဲ့ ဝံပုလွေမိခင်တို့ဟာ သူတို့သားရဲတွင်းထဲကနေ ဆိတ်နံ့ရတာကြောင့် တောထဲကထွက်လာခဲ့ကြတယ်။ သူတို့က ရေကန်ကမ်းစပ်ကနေ ကန့်အလယ်က ကျွန်းလေးပေါ်မှာရှိနေတဲ့ ဆိတ်ထီးလေးကို မြင်လိုက်ကြတယ်။ "အို"ဖခင်ဝံပုလွေက မာန်ဖီလိုက်တယ်။

"ငါတို့ အခုမှ မစားရတာကြာပြီဖြစ်တဲ့ လတ်ဆတ်တဲ့ ဆိတ်သား စားရတော့မယ်"

မိခင်ဝံပုလွေက သူမရဲ့ပုဆိန်ကို လျက်လိုက်ပြီး "သိပ်အရသာရှိမယ့် ဆိတ်သားပဲ"

"ငါတို့ သူ့ကို ဘယ်လိုသွားဖမ်းကြမလဲ" ဖခင်ဝံပုလွေက မေးလိုက်တယ်။ "ဒီတော့ တို့ ရေကူးသွားရလိမ့်မယ်။ ဒါပေမယ့် ငါကတော့ ညစာမစားခင် ရေမချိုးချင်ပါဘူး"

"တို့ရဲ့သားရဲတွင်းကို ပြန်ကြစို့။ အဲဒီကျမှ ငါ့အစ်ကိုတွေနဲ့ တိုင်ပင်မယ်" မိခင်ဝံပုလွေက အကြံပေးလိုက်တယ်။

"ဆိတ်ထီးဟာ ထွက်မပြေးနိုင်ပါဘူး။ ရေကျဖို့ကလည်း အချိန်အများကြီးလိုပါသေးတယ်" ဝံပုလွေတွေဟာ တိတ်ဆိတ်စွာ တောထဲပြန်ဝင်သွားကြပါတယ်။

ဒီအကြားကာလမှာပဲ ဆိတ်ထီးလေးဟာ တွေဝေစွာနဲ့ စိုးရိမ်ပူပန်နေတယ်။ စိတ်ပျက်စွာနဲ့ပဲ "ငါတော့ ဒီနေရာမှာ သေရတော့မှာပဲ"လို့ တွေးနေမိတယ်။ "မကြာခင်မှာဘဲ ညအခါရောက်တော့မယ်။ ငါ့ကို ကယ်တင်မယ့်သူလည်း တစ်ယောက်မှ မတွေ့ရဘူး"

"ဂတ် ဂတ်"သူ့အပေါ်က အသံကြားတာနဲ့ သူမော့ကြည့်လိုက်တော့ ဘဲရိုင်းတစ်ကောင်ဖြစ်တဲ့ ကွေကာကို တွေ့ရတယ်။

"ဂတ် ဂတ် မင်းက ဒီမှာ ဘာလုပ်နေတာလဲ" ကွေကာက မေးလိုက်တယ်။ သူက ကျွန်းလေးကို လှည့်လည်ပျံသန်းလာတယ်။

"မင်း မတွေ့ဘူးလား။ ငါဟာ အကူအညီပေးမယ့်သူ စောင့်မျှော်နေတာ။ ကြည့်ပါဦး။ ဒီကနေ ကမ်းစပ်က ဘယ်လောက်ဝေးသလဲ။ ပြီးတော့ ငါက ရေလည်းမကူးတတ်သလို ပျံလည်းမပျံသန်းနိုင်ဘူး"လို့ ဆိတ်ထီးလေးက ပြောလိုက်တယ်။

"ကောင်းပြီလေ။ သည်းခံပြီးတော့ စောင့်နေပါ။ ငါတို့ မင်းကို ကူညီပါ့မယ်" အဲဒီလိုပြောပြီးတော့ ကွေကာက သူ့ရဲ့တောင်ပံတွေဖြန့်ကာ အမြင့်ကို ပျံတက်ပြီး ထွက်သွားတော့တယ်။

ဆိတ်ထီးလေး ဒုက္ခရောက်နေတဲ့သတင်းဟာ တောအုပ်အတွင်းမှာ ပျံ့နှံ့သွားပါတယ်။ နောက် တစ်နာရီအတွင်းမှာပဲ ကြွင်နာတတ်တဲ့ တိရစ္ဆာန်နဲ့ ငှက်တွေဟာ စိမ်းလန်းပြီး ရှင်းလင်းတဲ့ တစ်နေရာမှာ စုဝေးကြတယ်။ ယုန်ကြီးက ခုန်ပေါက်ရောက်လာတယ်။ ဖျံကြီးကလည်း ဘဲသွားသွားသလို ဒယိမ်းဒယိုင်နဲ့ လာပါတယ်။ ကြိုးကြာတွေက ပျံသန်းလာကြတယ်။ ပေါ်ငှက်ဖြစ်တဲ့ မစ္စစ်ဟာရွန်က သူ့ဆီအလည်လာတဲ့ ငှက်ကြီးဝန်ပိုနှစ်ကောင်နဲ့အတူ ပျံသန်းရောက်ရှိလာကြပါတယ်။

ဝမ်းဘဲဖြစ်တဲ့ ကွေကာက သနားစရာဆိတ်ထီးလေးဟာ ရေကန်အလယ်က ကျွန်းငယ်လေးပေါ်မှာ ဒုက္ခရောက်နေတာ တွေ့ခဲ့ရတဲ့အကြောင်း ပြောပြလိုက်တယ်။

"ငါတို့တစ်တွေဟာ သူ့ကို ကူညီကြရမယ်" သူက ဆက်ပြောတဲ့အခါ အားလုံးက သဘောတူလိုက်ကြပါတယ်။

"ဟုတ်တယ်။ တို့ အကူအညီပေးရမယ်" ယုန်ကြီးက ဝင်ပြောလိုက်တယ်။ ကြိုးကြာငှက်ကလည်း "ငါတို့ သူ့ကို ကယ်တင်ကြမယ်"လို့ ပြောလိုက်ပါတယ်။

"တို့လည်း ဝိုင်းကူပြီးလုပ်ကြမယ်" မစ္စစ်ဟာရွန်က ငှက်ကြီးဝံပိုတွေကို မေးသလိုကြည့်လိုက်တယ်။ သူတို့က တိတ်ဆိတ်စွာ ခေါင်းညိတ်ကြတယ်။ အဲဒီအချိန်မှာပဲ ရောက်လာတဲ့ငှက်ကျားက မေးလိုက်တယ်။

"ဒါပေမယ့် ဘယ်လိုကယ်ကြမလဲ"

"ငါတို့ သစ်ဖောင်တစ်ခု လုပ်ရလိမ့်မယ်"ဖျံကြီးက အကြံပေးလိုက်တယ်။ သူတို့ဟာ ဆောက်လုပ်ရေးကျွမ်းကျင်သူတွေ ဖြစ်ပါတယ်။ သူတို့ဟာ တစ်စုံတစ်ရာလုပ်ဖို့ အမြဲ အရန်သင့်ရှိနေသူတွေ ဖြစ်တယ်။ သူတို့ဟာ အလုပ်လုပ်ဖို့ ချက်ချင်းပြင်ဆင်ကြတယ်။

ဖျံကြီးက သစ်ပင်ကြီးတွေကို တစ်ပင်ပြီးတစ်ပင်

www.burmeseclassic.com

လှဲပါတယ်။ ယုန်ကြီးက သစ်ပင်တွေရဲ့အခေါက်တွေခွာပြီး ကြိုးဖြစ်အောင်ကျစ်နေတယ်။ ကြိုးကြာက ခုတ်ဖြတ်ပြီးသစ်တုံးတွေကို ရေစပ်ကိုသယ်ယူပြီး တစ်တုံးနဲ့တစ်တုံး တွဲချည်တယ်။ တစ်ဦးနဲ့တစ်ဦး လိုအပ်တာတွေ ကူညီလုပ်ပေးကြတယ်။ အဲဒီလိုသူတို့ ဖောင်လုပ်နေကြစဉ်မှာပဲ စာကလေးက ရုတ်တရက် သူတို့ဆီ ပျံသန်းရောက်လာတယ်။

"ငါ အခုပဲ ဆိတ်ထီးလေးမြင်ခဲ့တယ်။ သူဟာ ဆာလောင်နေပြီး အော်ဟစ်နေတယ်။ သူဟာ မနက်ကတည်းက ဘာမှ မစားရသေးဘူး"

"ငါတို့ သူ့ကို အစာရှာကျွေးရမယ်"ယုန်ကြီးက ခါတိုင်းလိုပဲ ဝင်ပြောလိုက်ပါတယ်။ "ဟုတ်တယ်။ သူ့ကိုကျွေးဖို့ လုပ်ရမယ်"ကြိုးကြာက သဘောတူထောက်ခံလိုက်တယ်။

"ဒါဆိုရင်ကောင်းပြီ။ အစာရှာပြီး သူကပို့။ တို့က ဖောင်ကိုပြီးအောင် လုပ်မယ်" ဖျံကြီးက ပြောပြီး သူတို့အလုပ်ကို ဆက်လုပ်ကြတယ်။

"ဒါပေမယ့် ဘယ်လို အစာရှာကျွေးမလဲ" စာကလေးက မေးလိုက်တယ်။ မစ္စစ်ဟာရွှန်က ဘာမှ မပြောဘဲ ငှက်ကြီးဝံပိုတွေကို အချက်ပြလိုက်တယ်။ သူတို့က တိတ်တဆိတ်ပဲ ရေထဲကငါးတွေကို နှုတ်သီးနဲ့ ရုတ်တရက်ဖမ်းဆီးကာ အပေါ်တင်ပြီး အစာအိမ်ထဲ ထည့်လိုက်တယ်။ ဒါကြောင့် သူတို့ဟာ အမြဲတမ်းဆိတ်ဆိတ်နေကြတာဖြစ်တယ်။

"ဂတ် ဂတ် ဆိတ်ဟာ ငါးကို မစားဘူး။ ဒါကို ခင်ဗျားတို့ မသိကြဘူးလား" ကွေကာက အော်ပြောလိုက်တယ်။

ငှက်ကြီးဝံပိုတွေက ငါးဖမ်းရာက ပြန်လှည့်လိုက်ကြပြီး သူတို့ရဲ့ အစာအိမ်ထဲက ငါးတွေ အကုန်စားပစ်လိုက်ကြပါတယ်။ (ငှက်ကြီးဝံပိုတွေမှာ အစာထည့်ဖို့ ပါးစောင်အိတ် ပါရှိပါတယ်။)

ယုန်ကြီးက ရုတ်တရက် ပြေးသွားပြီး ပြန်လာတဲ့အခါမှာတော့ လက်မောင်းအပြည့် ပွေ့ပိုက်ပြီး လတ်ဆတ်တဲ့ မုန်လာဥနဲ့ ဂေါ်ဖီထုပ်တွေ ယူလာခဲ့ပါတယ်။ ငှက်ကြီးဝံပိုတွေက သူတို့နှုတ်သီးတွေနဲ့ ဟင်းသီးဟင်းရွက်တွေကို ပါးစောင်အိတ်ထဲ ထည့်လိုက်ကြပါတယ်။ နောက် အစပိုင်းမှာ အမြန်ပြေးပြီး နောက် ပျံတက်သွားကြတယ်။ စာကလေးက လမ်းပြအဖြစ် သူတို့နဲ့အတူ လိုက်သွားပါတယ်။ မိနစ်အနည်းငယ် အကြာမှာတော့ သူတို့ဟာ သယ်လာတဲ့ အစာတွေကို ဆိတ်ထီးလေးရဲ့ ခြေရင်းမှာ ချပေးလိုက်ကြပါတယ်။ ငှက်ကြီးဝံပိုတွေဟာ သူတို့ထည့်လာတဲ့ အစာတွေ ထုတ်ချပေးပြီးတော့ ကမ်းခြေဆီ ပြန်လာခဲ့ကြတယ်။ ဖောင်လုပ်တဲ့နေရာမှာလည်း အံ့ဩစရာ အမြန်သွားနိုင်တဲ့အထိ တိုးတက်အောင် လုပ်နေကြပါတယ်။

ဒါပေမယ့် ဝံပုလွေကလည်း သူတို့ရဲ့ သားရဲတွင်းမှာ အချိန်မဖြုန်းကြပါဘူး။ သူတို့ရဲ့မီးဖိုပေါ်မှာ ရေနွေးကျိုထားသလို ဓားတွေကို ထက်နေအောင် သွေးထားကြပါတယ်။ ဝံပုလွေသုံးကောင်က ထင်ရာလုပ်တတ်သူတွေနဲ့ ငယ်သေးတဲ့ ဝံပုလွေသုံးကောင်အားလုံးဟာ လှော်တက်တွေကိုင်ကာ သစ်လုံးလှေကို လှော်ခတ်ကြပါတယ်။ သူတို့ဟာ ဆိတ်ထီးလေး လေးတွဲစွာအော်ညည်းနေတဲ့ ကျွန်းလေးဆီ ဦးတည်လာနေကြပါပြီ။

ကံကောင်းတာက မြီးညှောင့်ငှက်အပေါ်က ပျံလာရာက သူတို့ကိုမြင်ရတာ ဖြစ်ပါတယ်။ သူမက သစ္စာရှိသူငယ်ချင်းတွေ ဖောင်လုပ်နေရာကို တိုက်ရိုက်ပျံလာခဲ့တယ်။

"အစ်ကိုတို့ မြန်မြန်လုပ်ကြ။ မြန်မြန်မဟုတ်ရင် သိပ်နောက်ကျသွားလိမ့်မယ်" သူမက ဖျံကြီးအနားပျံကာ ကျီကျီကျာကျာမြည်တွန်လိုက်ပြီး "ဝံပုလွေတွေ ကျွန်းဆီသွားနေတာ လမ်းထက်ဝက်ရောက်နေပြီ"လို့ ပြောလိုက်ပါတယ်။

သူတို့က အသင့်ဖြစ်နေတဲ့ဖောင်ကို အမြန်ရေထဲ ချလိုက်ပါတယ်။ ရေပေါ်မှာလှုပ်နေတဲ့ဖောင်ကို ယုန်ကြီးတွေက လှေထိုးသမားအဖြစ် နေရာယူလိုက်ပြီး ယုန်တွေထဲမှာ သတ္တိအကောင်းဆုံး ဘောတဲလ်က ကပ္ပတိန်လုပ်ပါတယ်။ သူတို့ဖောင်ဟာ အမြန်ထွက်လာပါတယ်။

အခုအချိန်မှာ တောင်ပံပါတဲ့ ငှက်တွေက လေထဲကိုပျံတက်လိုက်ကြတယ်။ ပထမဆုံးက ကြိုးကြာ၊ နောက် ဝမ်းဘဲကွေကာ၊ ငှက်ကျား၊ ပြီးတော့ မစ္စစ်ဟာရွှန်တို့ဟာ သစ်တောအပေါ်က လှည့်ပတ်ပြီး ကန်အလယ်က ကျွန်းလေးဆီ ဦးတည်ပျံသန်းလာကြတယ်။

ဝံပုလွေတွေက ဂူထဲက သစ်လုံးလှေကို ခက်ခဲစွာ လှေလှော်လာကြတယ်။ တစ်ယောက်က "အခု

www.burmeseclassic.com

www.burmeseclassic.com

တော့ သိပ်မဝေးတော့ပါဘူး''၊ ''သိပ်မဝေးတော့ပါဘူး''လို့ ပြောလိုက်ပါတယ်။

''ဆိတ်ဟာ ငါတို့လက်က မလွတ်နိုင်ပါဘူး။ သူထွက်မပြေးနိုင်ဘူး''ဒုတိယဝံပုလွေက ပြောလိုက်တယ်။

''သူဟာ ငါတို့အတွက်ပဲ။ သူဟာ တို့အစာပဲ'' တတိယဝံပုလွေက မာန်ဖီလိုက်တယ်။

သူတို့တွက်ထားတာ သိပ်မမှားနိုင်ပါဘူး။ အဲဒီခဏမှာဘဲ သူတို့သိလိုက်ရတာက ငှက်တွေက သူတို့ကို တိုက်ခိုက်လာတာပါဘဲ။ ငှက်တွေက တစ်ကောင်ပြီးတစ်ကောင် သူတို့ရဲ့ ချွန်မြတဲ့ နှုတ်သီးတွေနဲ့ သူတို့လည်ပင်းတွေကို ထိုးဆိတ်ကြပါတယ်။ ကြိုးကြာ၊ ပြီးတော့ ငှက်ကျား၊ နောက် ပံ့ာရွှန်တို့က ထိုးဆိတ်ကြတယ်။ ဝံပုလွေတွေဟာ ပုန်းရှောင်ကာကွယ်စရာ ဘာမှမရှိပါဘူး။

သူတို့အတွက် ဆိုးဝါးလှတဲ့ အဖြစ်ကတော့ ငှက်ကြီးဒုံးစပ်နှစ်ကောင်က အောက်ကိုပျံဆင်းပြီးနောက် အတော်ကြီးတဲ့ ကျောက်တုံးကြီးသယ်ကာ တဖြည်းဖြည်းတက်လာပြီး အဲဒီကျောက်တုံးကြီးကို ဝံပုလွေတွေရဲ့ခေါင်းပေါ် ပစ်ချလိုက်တာဖြစ်ပါတယ်။

ကျောက်တုံးက သူတို့အတွက် အများကြီးထိခိုက်စေပါတယ်။ နာကျင်စွာနဲ့ အော်ဟစ်နေကြတယ်။ လှော်တက်တွေ ပစ်ချလိုက်ပြီး ဒဏ်ရာရတဲ့ခေါင်းကို ဖိနှိပ်ထားကြတယ်။ အရှိန်မထိန်းနိုင်တော့ဘဲ ရေထဲပြုတ်ကျကုန်ပါတယ်။ သူတို့ အသက်မသေအောင်လာခဲ့ရာကမ်းခြေဆီ ကူးပြေးကြပါတယ်။ ဒါပေမယ့် နှုတ်သီးရှည်ငှက်တွေက သူတို့ကို အလွတ်မပေးဘဲ အရှိန်နဲ့ ထိုးဆင်းပြီး အကြိမ်ကြိမ် တိုက်ခိုက်ကြပါတယ်။ နောက်ဆုံးတော့ ဝံပုလွေတွေ ရေနစ်သွားကြတယ်။

ဖောင်က ကျွန်းလေးဆီ အန္တရာယ်ကင်းစွာ ရောက်သွားတယ်။ ဆိတ်ထီးလေးဟာ အလွန်ပျော်သွားပါတယ်။ သူက ကပ္ပတိန်ဘော့တဲလ်ကို နမ်းလိုက်ပြီးနောက် လှေလှော်ခဲ့တဲ့ ယုန်ကြီးတွေကိုလည်း ပွေ့ဖက်ပြီး နှုတ်ဆက်လိုက်ပါတယ်။ ဆိတ်လေး ခြောက်သွေ့ပြီး နွေးထွေးအောင် ယုန်ကြီးက ဖောင်ပေါ်မှာ မီးဖိုပေးလိုက်တယ်။

ဆိတ်ထီးလေး သူ့မိဘတွေဆီ ပြန်ရောက်လာတာကိုတော့ ပြောစရာမလိုတော့ပါ။ နောက်အချက်တစ်ခုက သူဟာ နှစ်ရက်တိတိ အနားယူနေခဲ့ရတယ်။ ဒါပေမယ့် ဒါဟာ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်ပါတယ်။

တတိယမြောက်နေ့မှာ သူ့ရဲ့မိဘတွေက ဆိတ်ထီးလေးကို ကယ်တင်ခဲ့သူတွေအားလုံးကို ပါတီပွဲပြုလုပ်ပေးပါတယ်။ တစ်ယောက်မှ မကျန်စေရပါ။ စာကလေးနဲ့ မြီးညှောင့်ငှက်အပါအဝင် အားလုံးရောက်လာကြတယ်။ ဂုဏ်ပြုခံရမယ့် နေရာမှာတော့ ဆိတ်ထီးလေးဆီ ကယ်တင်ဖို့ ပထမဆုံးရောက်လာခဲ့တဲ့ ဘဲရိုင်းလေးကွေကာဖြစ်ပါတယ်။

မဖိတ်ခေါ်ဘဲနဲ့ မမျှော်လင့်ဘဲ ပါတီပွဲမှာ ရောက်လာသူကတော့ ဝက်ကလေးပေါ်ကာဖြစ်တယ်။ သူက တအစ်အစ်မြည်သံနဲ့ –

''ဒီက ခင်ဗျားတို့စားပွဲမှာ ကျွန်တော့်အတွက် တစ်နေရာမှ မရှိဘူးလား''လို့ မေးလိုက်တယ်။

''ဒီနေရာက အခက်အခဲကြုံတဲ့အခါမှာ ဘယ်လိုအချင်းချင်း ကူညီရမယ်ဆိုတာ သိတဲ့သူတွေအတွက် သီးသန့်နေရာပဲ'' ဖခင်ဆိတ်ကြီးက ပြောလိုက်တယ်။ သို့ပေမယ့် ချေင်စွာပဲ ''မင်းကိုတော့ ဝမ်းနည်းပါတယ်လို့ ပြောရလိမ့်မယ်။ အကျင့်ပုတ်တဲ့ ဝက်စုတ်ကောင်''အဲလို ပြောပြီး ဝက်ပေါ်ကာကို တံခါးဆီလက်ညှိုးထိုးပြလိုက်ပါတယ်။

ဆိတ်မိသားစု အိမ်လေးမှာ သီချင်းဆိုသံ၊ ရယ်မောသံတွေနဲ့ စည်ကားနေပါတယ်။ ညဥ့်နက်ပိုင်းအချိန်ထိ ဖန်ခွက်ချင်းထိခိုက်သံ၊ ဂေါ်ဇီရွက်တွေ တကျွတ်ကျွတ်ဝါးစားသံတွေနဲ့ ပျော်ရွှင်နေကြတယ်။

ဆိတ်ထီးလေးရဲ့ စွန့်စားခန်းဟာ ဝမ်းနည်းစရာနဲ့ ပြီးဆုံးသွားနိုင်ပါတယ်။ သို့သော်လည်း ကြားကာလမှာ သစ္စာရှိတဲ့ မိတ်ဆွေသူငယ်ချင်းတွေကြောင့် နောက်ဆုံးမှာ ပျော်ရွှင်စွာ ပြီးဆုံးသွားရပါတယ်။

**[ ၁၉၆၉ ခု၊ ဇန်နဝါရီလထုတ် Sputrik မဂ္ဂဇင်းမှ Sergei Mikhalkov ၏ How The Birds Rescued Little Billy Goat. ]**

ဝေလင်းထွန်း

❐



www.burmeseclassic.com

www.burmeseclassic.com



# ရှင်ပြုမင်္ဂလာ..

ကောက်ရိုးကောက်ကြီး

နွေရာသီ ကျောင်းကြီးပိတ်လိုက်ပြီဖြစ်၍ သော်သော်တို့ လွန်စွာမှ ပျော်လို့နေလေ၏။

သော်သော်မှာ ပထမတန်းဖြေထားပြီး သော်သော့်အစ်ကို ကောင်းကောင်းမှာ တတိယတန်းဖြေထား၏။

၎င်းတို့မှာ စာမေးပွဲဖြေနိုင်သဖြင့် အောင်မြင်မည်ဟုလည်း ယုံကြည်ထားကြသူများလည်း ဖြစ်ကြကုန်၏။

လာမည့် စနေ၊ တနင်္ဂနွေနေ့တွင် သော်သော်တို့ ညီအစ်ကို နှစ်ယောက်အား မိဘတို့က ရှင်ပြုပေးမည်ဟု သိရသဖြင့် ၎င်းတို့ ကိုရင်ဝတ်ရတော့မည်ဟုဆိုကာ လွန်စွာမှလည်း ပျော်ရွှင်နေကြလေ၏။

ထိုသို့ ပျော်ရွှင်နေကြသော်လည်း ဘာကြောင့် ရှင်ပြုကြပြီး ကိုရင်ဝတ်တာလဲဆိုတာကို သော်သော်တို့ ညီအစ်ကို သိချင်နေကြသဖြင့် ဖခင်ဖြစ်သူအားမေးရာ ဖခင်ဖြစ်သူမှာ အောက်ပါအတိုင်း ပြောလေတော့၏။

"အခုလို တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်ဆိုတဲ့ ရာသီမှာ ဆန်စပါး၊ ပြောင်းနှမ်းဆိုတဲ့ အသီးအနှံများကလည်း ထွက်ပေါ်ပြီးလို့ ရောင်းချတယ်။

ငွေစကလေးများ ရွှင်ကြတဲ့အချိန် ရာသီဥတုကလည်း ခြောက်ခြောက်သွေ့သွေ့ သာသာယာယာရှိကြတဲ့အခါ တစ်မိုးလုံး၊ တစ်ဆောင်းလုံး လုပ်လာခဲ့သမျှ လယ်ယာကိစ္စများဟာလည်း အားလပ်ကြတဲ့ကာလ

www.burmeseclassic.com

အဖေတို့ ဗုဒ္ဓဘာသာလူမျိုးမှန်သမျှ ပဓာနကိစ္စ နှစ်ခုကို စိတ်ဝင်စားလေ့ရှိကြတယ်"

"အဲဒါက ဘာလဲဆိုတော့ မိမိတို့နေထိုင်ရာ အရပ်မှ အခြားသောမြို့ရွာဌာနများသို့ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်ဖို့ ခရီးရှည်ထွက်ကြခြင်းနဲ့ မိမိတို့ရဲ့ သားယောက်ျားလေးများကို ရှင်သာမဏေပြု ပေးတဲ့ အလှူအတန်းအမှုကို လုပ်ကြခြင်းပဲ သားတို့ရဲ့"

ဟု ပြောလိုက်လေ၏။

"တကယ်လို့ သားယောက်ျားလေး မရှိဘူးဆိုရင်ရော ဖေဖေ"

ဟု သော်သော်ကမေးရာ ဖခင်က –

"စာပေကျမ်းဂန် အဆိုအမိန့်ကလည်း မိမိတို့ရဲ့ ရင်၌ဖြစ်သော သားကိုဖြစ်စေ၊ သူတစ်ပါးရဲ့သားကိုဖြစ်စေ ရှင်သာမဏေပြုပေးခြင်းဟာ သာသနာ့ဒါယကာဖြစ်တယ်လို့ မှတ်သားကြားနာခဲ့ရတယ်"

ဟုပြောကာ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်လေ၏။ ထို့နောက် –

"ဗုဒ္ဓဘာသာ မြန်မာမိဘများမှာ သားယောက်ျားလေးရယ်လို့ မွေးဖွားလာကတည်းက ဗုဒ္ဓရဲ့ သာသနာတော်ကြီးမှာ ရှင်သာမဏေပြုပေးနိုင်တဲ့ အခွင့်အရေးကြီးတစ်ခု ရလာပြီလို့ လွန်စွာမှ ဝမ်းမြောက်ကြည်နူးခဲ့ကြရတယ်"

ဟုဆိုကာ ဖခင်က ပြောလိုက်လေတော့၏။

**အလှူတော်မင်္ဂလာမဏ္ဍပ်**

ထိုနဖူးစည်းစာတန်း ရေးထိုးထားသော မုခ်ဦးပြာသာဒ်အတွင်းသို့ ပျိုပျိုအိုအို အရွယ်စုံ တဖွဲဖွဲ ဝင်ရောက်လာကြလေ၏။

အလှူတော်မင်္ဂလာ မဏ္ဍပ်အတွင်းမှ

"ဒူ ...ဟူ ...ဟူ"

ဟု မြည်ဟည်းနေသော မောင်းထုသံကြောင့် ယနေ့သည်ကား အလှူဝင်နေ့ဖြစ်၍ ရှင်လောင်းလှည့်မည့်အတွက် မောင်းထုပြီး လူစုလေတော့၏။

သက်ကြီးရွယ်အိုတို့မှာလည်း သံဃာစင်ဘက်သို့ သွားကာ ဘုရားဆောင်ရှိ ဘုရားကို ဖူးမြော်ကန်တော့ကြလေ၏။

တာဝန်အသီးသီး ယူထားသူတို့ စုံစုံညီညီရောက်ကြပြီးနောက် ရှင်လောင်းလှည့်ရန် မဏ္ဍပ်အတွင်းမှ တန်းစီထွက်ကြပြီးလျှင် ရှေ့ဆုံးမှစ၍ အစဉ်လိုက် အစဉ်အစဉ်ဖြင့် မောင်းထုသူ၊ ကန်တော့ပွဲရွက်သူ၊ သပိတ်လွယ် ယပ်တောင်ထမ်းသည့် အလှူ့ဒါယကာ ဘိုးဘိုး၊ ဖေဖေ၊ ဦးဦး၊ သင်္ကန်းလိပ်ကိုင်သူ အလှူ့အမ ဘွားဘွား၊ မေမေ၊ ဒေါ်ဒေါ်၊ တံခွန်ကုက္ကားနှင့် လှူဖွယ်ပစ္စည်း ပဒေသာပင်ကိုင် လုံမပျိုများ၊ မြင်းကိုယ်စီနှင့် သော်သော်တို့ညီအစ်ကို မောင်ရှင်လောင်းများဘေးတွင် ရွှေထီးမိုးသူ ရှင်လောင်းထိန်း၊ ဆန်ပန်းပေါက်ပေါက်ကြဲသူများ၊ နောက်ဆုံးတွင် အတီးအမှုတ်ဒိုးပတ်ဝိုင်း စသည်တို့ဖြင့် လွန်စွာမှ ပျော်ရွှင်နေကြသော လူတန်းကြီးကိုလည်း ဝဲယာမှ ကြည့်ရှုနေကြသော ပရိတ်သတ်ကြီးက လွန်စွာမှ ကြည်နူးပီတိဖြစ်လို့နေကြလေ၏။

ကလေးအချို့မှာလည်း သော်သော်၊ ကောင်းကောင်းတို့ . ကြည့်၍ အားကျနေဟန် ရှိကြကုန်လေ၏။

ရွှေထီးနှစ်လက် ယှဉ်မိုးကာ မြင်းကိုယ်စီစီးလျက်ရှိကြသော သော်သော်တို့ညီအစ်ကိုမှာလည်း တကယ့်မင်းညီမင်းသားများအလား ထင်မှတ်ရ၏။

ကာလသားတို့သည် သျှိုးလိုက်ရတုများ တစ်ယောက်ပြီတစ်ယောက် ဆိုလိုက်ကြသည်မှာ လွမ်းစရာသောစရာ မျိုးစုံလှ၏။

လွန်စွာမှ ကြီးမားသော ညောင်ပင်ကြီးအောက်ရှိ ရိုးရာနတ်စင်သို့ ဝင်ရောက်ကန်တော့ကြ၏။

မောင်ရှင်လောင်းများအား နတ်ပြပြီး ဆက်လက်သွားလာပြီးနောက် ဆရာတော်ဘုရားကျောင်းဝန်းထဲသို့ ဝင်ရောက်ခဲ့ကြ၏။

ကျောင်းကို လက်ယာရစ် သုံးပတ်လှည့်ပြီးမှ ကျောင်းပေါ်သို့ တက်ကြရ၏။

ကျောင်းပေါ်သို့ ရောက်သည့်အခါ ဆရာတော်ထံသို့ မောင်ရှင်လောင်းများဖြစ်ကြသော ကောင်းကောင်း၊ သော်သော်တို့အား အပ်နှံကြောင်း၊ သာသနာ့ဘောင်သို့ သွတ်သွင်းပေးပါမည့်အကြောင်း ရတုတစ်ပိုဒ်ဆိုကာ လျှောက်ထားသဖြင့် မောင်ရှင်လောင်း နှစ်ပါး ရယ်ကာ တဖြည်းဖြည်း ရွေ့ကြ၏။

ထို့နောက် ငါးပါးသီလခံယူကြပြီး ရှင်ပြုအလှူတော်မင်္ဂလာမဏ္ဍပ်သို့ ပြန်ကြလေ၏။

ရှင်ပြုအလှူတော်မင်္ဂလာ မဏ္ဍပ်သို့ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ မဏ္ဍပ်တွင်း ရတုပိုဒ်ရှည်ကြီးဖြင့် မဏ္ဍပ်သွင်း၏။ ရာဟုလာ အမွေတောင်းခန်းကို ဖွဲ့ကာန္ဒဲ့ကာ အသံသြဇာအပြည့်အဝနှင့် ရွတ်ဆိုပုံမှာ လွန်စွာမှ လွမ်းစရာကောင်း၍ မျက်ရည်များပင် ကျလို့နေကြလေတော့၏။

အားလုံးပြီးဆုံးသည့်အခါ မောင်ရှင်လောင်းထိန်းများထံမှ မောင်ရှင်ဖွလောင်းမိဘများက အခကြေးငွေ အတန်အသင့်ပေးကာ သော်သော်တို့ညီအစ်ကို ရွေးယူကြရလေ၏။

(ရှင်လောင်းဖွဲ့ခ (သို့) ရှင်လောင်းထိန်းခ ဆုချခြင်း တစ်မျိုးဖြစ်၏။ စာရေးသူ)

ညနေသို့ ရောက်သည့်အခါ ဆရာတော်ကျောင်းတွင် ဆံချ သင်္ကန်းစည်းကြရ၏။

နေ့နံနှင့်လိုက်သော ကောင်းကောင်းအား ‘အရှင်ကုလ’ဟူ၍လည်းကောင်း၊ သော်သော်အား ‘အရှင်သာရ’ဟူ၍လည်းကောင်း အရှင်သာမဏေဘွဲ့များကို ဆရာတော်က ချီးမြှင့်ပြီး ရှင်သာမဏေဘဝတွင် ကျင့်သုံးရမည့် ကျင့်ဝတ်ကို မိန့်ကြား၍ ဆယ်ပါးသီလခံယူစေလေ၏။

သော်သော်တို့ ညီအစ်ကိုသည် လက်တွင် စိပ်ပုတီးပတ်ထားကာ သင်္ကန်းဖိုသီဖတ်သီနှင့် ကိုရင်လက်သစ်ကလေးများ မဏ္ဍပ်သံဃာစင်ပေါ်ဝယ် တင့်တယ်စွာ စံပယ်နေကြရလေ၏။

အလှူပွဲကြီးနေ့တွင် ဗြောသံစည်သံ ညံလျက်ရှိပြီး ငွေနှဲသံကား ချွဲလှ၏။ ရှင်ပြုအလှူမင်္ဂလာမဏ္ဍပ်တွင်း၌ အလှူထမင်း အလှူဟင်းနံ့များ ကြိုင်နေ၏။

ဝက်သား ဘီးဆံပတ်တုံး၊ ဗလာပာင်းချို၊ ငါးလိမ္မာကြော်၊ ပဲတီချဉ်၊ ငရုတ်တောင့်ပွကြော် စသည်ဖြင့် စုံလင်လှပြီး ဧည့်ပရိတ်သတ်များမှာလည်း မြိန်ရှက်စွာ စားကြကုန်၏။

နေ့ခင်း ၁ နာရီအချိန်တွင် သံဃာစင်တွင် ဆရာတော်နှင့် သံဃာတော်များ ကြွရောက်လာ၏။

ထို့နောက် အလှူတရား နာကြ၏။ ဆရာတော်က တရားချီးမြှင့်လေ၏။

ရေစက်ချအပြီးတွင် အလှူရှင်ဒါယကာကြီး သော်သော့်ဖခင်က အမျှသုံးကြိမ် ဝေလိုက်သည့်အခါ တရားနာပရိသတ်က သာဓုအနုမောဒနာ သုံးကြိမ်ခေါ်ပြီးသည်နှင့် တစ်ပြိုင်တည်း အလှူထမြောက်အောင်မြင်ပြီးဆုံးကြောင်း အထိမ်းအမှတ်အဖြစ် ပလုတ်ပြန်း ဟူသော ဗြောသံ ထွက်ပေါ်လာလေတော့၏။

နောက်ရက်များတွင် သော်သော်တို့ညီအစ်ကို ရှင်သာမဏေနှစ်ပါးသည် ဆွေမျိုးမိတ်ဆွေများအိမ်သို့ ဆွမ်းခံကြွ၍ ကိုးရက်ပြည့်သောအခါ သော်သော်တို့ လူဝတ်လဲကြလေ၏။

သော်သော်တို့ ရှင်လိုင်ပြန်ဖြစ်ကြပြီ။

“ကိုရင်လူထွက် ငါးပိချက်”

ဟုဆိုကာ သူငယ်ချင်းများက ဝိုင်းစကြလေတော့သတည်း။

အောက်တိုဘာအောင်ကြီး

□

## Did You know?

## အရှည်ဆုံးတံတိုင်း

ဩစတြေးလျတိုက်မှ သိုးမွေးမြူရေးခြံများတွင် သိုးများအား တောခွေးများအန္တရာယ်မှ ကာကွယ်ရန် ကာရံထားသည့် ခြံစည်းရိုးများမှာ မိုင်ပေါင်း ၆၀၀၀ ကျော် ရှည်လေသည်။ ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်သော တရုတ်ပြည်ရှိ ကမ္ဘာ့အရှည်ဆုံးတံတိုင်းကြီးထက် မိုင်ပေါင်း ၄၅၀၀ ပိုရှည်သည်ဟု ဆိုသည်။

[ Guiness Book of World Record စာအုပ်မှ••]



www.burmeseclassic.com

www.burmeseclassic.com

[ ကမ္ဘောဒီးယားပုံပြင် ]

# ပုံပြင်ပြောမယ်

## အောင်စည်ချမ်းသာ

ဟိုရှေးတုန်းကပေါ့ကွယ်။ ကမ္ဘောဒီးယားအရှေ့ဖျားဒေသမှာ ကောင်လေးတစ်ယောက်ဟာ သူ့ဦးလေးနဲ့အတူ နေထိုင်တယ်။ သူဟာ သိပ်ကံကောင်းတယ်။ ညတိုင်း အိပ်ရာဝင်တာနဲ့ အသက်ကြီးကြီး အလုပ်သမားတစ်ယောက်က ထူးဆန်းအံ့ဩဖွယ်ရာ ပုံဝတ္ထုတွေ ပြောပြီး ချော့သိပ်သတဲ့ကွယ်။ ပုံပြင်တွေက မျိုးစုံတဲ့။ နဂါးတွေပါတယ်၊ တစ္ဆေသရဲတွေပါတယ်။ ရှင်ဘုရင်တွေ၊ မင်းသားတွေ၊ ကျားကြီးတွေ စတဲ့ ကြောက်စရာအကောင်ကြီးတွေ ပါတယ်။ ဘိုး၊ ဘေး၊ ဘီ၊ ဘင်ကနေ သူ့အဖေ၊ အဲဒီကမှတစ်ဆင့် သူ့ကို ပုံပြောပြတဲ့ အလုပ်သမားအဘိုးအိုအထိ လက်ဆင့်ကမ်း ပုံပြောခဲ့ကြတယ်။ အဲဒီလို စိတ်ဝင်စားစရာ ပုံပြင်တွေ ပြောတတ်တဲ့သူ ရွာထဲမှာ လုံးဝမရှိဘူးတဲ့။ ပုံပြင်တွေ နားထောင်ရတာ ဒီကောင်လေးပဲ ရှိတယ်။

ထူးဆန်းတဲ့ ပုံပြင်တွေအကြောင်း ကောင်လေးက ထုတ်ကြွားပြောလေ့ရှိတယ်။ တစ်နေ့တော့ သူ့သူငယ်ချင်းတွေက ပုံပြင်တွေ လာနားထောင်လို့ရမလား လို့ မေးတယ်။

ကောင်လေးက ငြင်းတယ်။

"မရဘူးကွာ။ အဲဒါတွေက ငါပိုင် ပုံပြင်တွေလေ။ ငါ့ကို အဘိုးက သီးခြားပြောပြပေးတာ"

"ဒါဆို တို့ကို မင်းပဲ အဲဒီပုံပြင်တွေ ပြောပြပေါ့။ အဲဒါတွေ မင်းကောင်းကောင်းမှတ်မိနေမှာပါ"

သူငယ်ချင်းတစ်ယောက်က သူ့ကို ပူဆာတယ်။ ကောင်လေးက ပုံပြင်တွေ ကောင်းကောင်းမှတ်မိတယ်။ ဒါပေမယ့် လူက ငပျင်း။ သူများကို ပြန်ပြောပြလိုစိတ် မရှိဘူး။ တစ်ကိုယ်ကောင်းသမားကွယ့်။ တကယ်တော့ ပုံပြင်ဆိုတာ မျိုးဆက်လက်ဆင့်ကမ်းရလာကြတာ။ အဲဒီလိုမလုပ်တော့ ဒုက္ခကြုံတာပေါ့။ ပုံပြင်ထဲက ကိုယ်ကျင့်တရားနဲ့ ဘာသာရေးဆိုင်ရာ အတွေးအခေါ်တွေ၊ သတ္တိတွေ၊ စွမ်းအင်တွေဟာ ကောင်လေးအထိရောက်အောင် အလုပ်သမားအဘိုးအိုက ပြောပြတယ်။ သူက သူငယ်ချင်းတွေထံ လက်ဆင့်မကမ်းခဲ့ဘူး။ ကောင်လေးရဲ့ အိပ်ရာခုတင်တိုင်မှာ ချိတ်ထားတဲ့ အိပ်အိုတစ်လုံးထဲမှာပဲ ပုံပြင်တွေ စုပြုံထည့်ခံနေကြရတယ်။ လွယ်အိတ်အိုထဲက ပုံပြင်တွေဟာ အကြီးအကျယ် စိတ်ဆိုးဒေါသဖြစ်ပြီး ကောင်လေးကို ဒုက္ခပေးဖို့ အကွက်ကောင်းချောင်းနေကြတယ်။ ညတိုင်း အဘိုးကြီးက ပုံတစ်ခုပြောလိုက်၊ အိတ်ထဲ အဲဒီပုံကို ထိုးသိပ်လိုက်နဲ့ ပုံပြင်တွေက များလာတယ်။ ကောင်လေးကတော့ လက်ဆင့်ကမ်း ပြောဖို့ ငြင်းနေတာပဲတဲ့။

ကောင်လေးဟာ လူပျိုပေါက်အထိ ကြီးပြင်းလာတယ်။ ပုံပြောနေကျ အဘိုးကလည်း ပုံပြင်တွေကို ပြောမြဲ ပြောနေတယ်။ သူက အဲဒီ ပုံပြင်တွေကို ဘယ်သူ့ကိုမှ မပြောဘူး။ တစ်နေ့တော့ ရွာနီးချုပ်စပ်က မိန်းကလေးတစ်ယောက်နဲ့ သူ့ကို လက်ထပ်ပေးဖို့ စီစဉ်ကြတယ်။ ကောင်မလေးက ဥစ္စာပေါ၊ ရုပ်ချောတယ်။ သူ့အတွက် ပန်းခင်းတဲ့လမ်းဖြစ်ပြီး ရာသက်ပန် ပျော်ရွှင်ချမ်းမြေ့မယ်လို့ ထင်ခဲ့တယ်။

လက်ထပ်ပွဲမတိုင်မီနေ့မှာ သူ့သခင်လေးရဲ့ အခန်းနား ဖြတ်သွားတဲ့ ပုံပြောအဘိုးကြီးဟာ အခန်းထဲက တိုးတိုးတိတ်တိတ် အသံတွေ ကြားလိုက်တယ်။ အခန်းတံခါးဖွင့်ပြီး နားစိုက်ထောင်ကြည့်တယ်။ အခန်းထောင့်မှာချိတ်ထားတဲ့ အိတ်အိုကြီးထဲက ထွက်လာတဲ့ အသံတွေ ဖြစ်နေတယ်။

အသံတစ်သံ ကြားရတယ်။

"မနက်ဖြန် သူမင်္ဂလာဆောင်တော့မယ်။ အတော်ကံကောင်းတဲ့ သူငယ်ပဲ"

နောက်အသံတစ်ခုက ဆိုတယ်။

"ဟောဒီ ဖုန်တက်နေတဲ့ အိတ်အိုထဲ တို့ကို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ပိတ်လှောင်ထားသရွေ့ သူ ဘယ်လိုလုပ် လွတ်လပ်စွာ ပျော်ရွှင်နိုင်မှာလဲ''

တတိယအသံ ထွက်လာတယ်။

''သူ့စိတ်ညစ်တာ တို့မြင်ရတော့မယ်။ ငါတို့ကို ဒီအထဲ ထောင်ချထားတာကိုက သူ့အမှားပဲ''

ကြားရသမျှကို အဘိုးကြီးမှာ ယုံရခက်ခက် ဖြစ်သွားတယ်။

''အိတ်ထဲက ထူးထူးဆန်းဆန်းအသံတွေဟာ ဘာပါလိမ့်။ မကောင်းဆိုးဝါးစကားတွေ သူတို့ ဘာကြောင့် ပြောနေကြပါလိမ့်''

''ငါကြံထားတာ တစ်ခုရှိတယ်''

ပထမအသံက ပြောတယ်။

''ငါ့ကိုယ်ငါ ရေတွင်းတစ်တွင်းဟန်ဆောင်မယ်။ မင်္ဂလာဆောင်နေစဉ် သူရေဆာမယ်၊ ရေသောက်ဖို့လုပ်မယ်။ ရေထဲ အဆိပ်ပါမှန်း သူမသိဘဲ သောက်မယ်''

အိတ်ထဲရှိ အားလုံးက မလိုမုန်းတီးစိတ်နဲ့ အားပါးတရ ရယ်မောကြတယ်။

''ရေတွင်းက ရေကို သူမသောက်ရင် ဘာလုပ်မလဲ''

အသံပျော့ပျော့တစ်ခုက မေးသည်။

''မပူပါနဲ့။ နောက်ထပ်အကြံရှိတယ်။ စတော်ဘယ်ရီစင်ကို ငါဖန်တီးမယ်။ စတော်ဘယ်ရီသီးစားတာနဲ့ သူဗိုက်အကြီးအကျယ် နာပြီပေါ့ကွာ''

တတိယအသံက သိပ်ရယ်ရမယ့် ပွဲကြီးဖြစ်မှာပဲ နော်လို့ အသံကျယ်ကျယ်နဲ့ ဝင်ပြောတယ်။

''ညစ်ပတ်တဲ့ ကစားနည်းတစ်ခုတောင် ငါစိတ်ကူးထားသေးတယ်။ သတို့သား သွားမယ့်လမ်းမှာ အလုပ်သမားတစ်ယောက်က ဖွဲအိတ်တစ်လုံး ချမယ်။ အဲဒီဖွဲအိတ်ထဲမှာ ငါက နီရဲနေတဲ့ မှင်စာတစ်ကောင်လို ဟန်ဆောင်မယ်''

''အဲဒီလိုလုပ်တော့ ဘာဖြစ်လာမလဲကွ''

အိတ်ထဲက မြွေသံလိုလို အသံက မေးတယ်။

''မြွေကြီးတစ်ကောင်ပုံ လုပ်ပြီး သူ့ကို ကိုက်လိုက်မယ်ဗျာ''

''ကျုပ်တို့ကို ပိတ်လှောင်ထားပြီး ဘယ်ကိုမှ လက်ဆင့်မကမ်းတဲ့သူ။ ကျုပ်တို့အကြောင်း သိရောပေါ့''

ဖြစ်ပျက်ပုံကို အဘိုးကြီးက သိလိုက်တော့ သူ့အရှင်ကို ဘယ်လိုလုပ် ကယ်ရမလဲဆိုတာ စဉ်းစားတယ်။ မှန်တဲ့အတိုင်း ပြောပြရင်လည်း လူတွေက ယုံကြမှာမဟုတ်ဘူး။ သူ့တစ်ယောက်တည်းလုပ်ဖို့ စိတ်ကူးတယ်။ တစ်ညလုံး ကောင်းကောင်းမအိပ်နိုင်ဘဲ စဉ်းစားတယ်။ မိုးလင်းတော့ စောစောထပြီး မင်္ဂလာပွဲကို သွားတယ်။

''သခင်လေးမြင်းကို ကျွန်တော်မျိုး ထိန်းကျောင်းခေါ်ပါရစေ''

သတို့သားကလည်း အစဉ်အလာမရှိပေမယ့် အဘိုးကြီးကို ဇက်ကြိုးလေးကိုင်ပြီး ရှေ့က ဦးဆောင်သွားခိုင်းတယ်။ သူ့နောက်က သတို့သမီး စီးနင်းလိုက်ပါရမယ့် အဆောင်ကို ကျောမှာတင်လာတဲ့ မြင်းက ကပ်လိုက်လာတယ်။ သတို့သမီးထိုင်ရမယ့် အဆောင်ကို ရွှေချည်၊ ငွေချည်တွေထိုးပြီး အလှဆင်ထားတယ်။

''ခရီးက မဝေးပါဘူးနော်''

သတို့သမီးက နေပူလွန်းတာကြောင့် လန့်အော်ဟစ်မေးတယ်။ ရေတစ်ပေါက်လောက် သောက်ချင်လွန်းလို့ ခရီးတစ်ထောက်နားဖို့ သတို့သားက ဆန္ဒပြင်းပြတယ်။ ဒါပေမယ့် မြင်းဇက်ကိုင်အဘိုးကြီးက နားမကြားဟန်နဲ့ ခပ်သုတ်သုတ်လျှောက်တယ်။ တောင်ကုန်းပေါ်တက်တယ်။ အဆိပ်ခတ်ထားတဲ့ ရေတွင်းနား ဖြတ်တော့ မြင်းကို မြန်မြန်မောင်းတယ်။

စတော်ဘယ်ရီခင်းကို ဖြတ်တဲ့အခါ သတို့သားက လှမ်းပြောသည်။ ''ဟေ့ . . . ရပ်ပါဦး။ စတော်ဘယ်ရီသီးတွေက အရသာရှိမယ့်ပုံပဲ။ ရေဆာပြေလိမ့်မယ်ထင်တယ်''

အဘိုးအိုက မကြားဟန်ဆောင်ပြီး ရှေ့ကသွားလိုက်တာ စတော်ဘယ်ရီခင်းကိုပါ သူတို့ကျော်လာခဲ့တယ်။ ရပ်ဖို့ ငြင်းဆန်ပြီး ခေါင်းမာလှတဲ့ အဘိုးကြီးကို သတို့သားလေးက စိတ်ဆိုးတယ်။

''မင်း ဒီလူက သူ့ကိုယ်သူ ဘဝင်ကိုင်နေတယ်။ မင်္ဂလာပွဲရောက်တာနဲ့ သူ့ကို ကြိမ်းမောင်းဆူပစ်လိုက်မယ်''

သတို့သမီးအိမ်ရောက်တော့ သူတို့ ခေတ္တနားကြတယ်။ အလုပ်သမားတစ်ယောက်က သတို့သား မြင်းနားမှာ အတက်အဆင်း လွယ်အောင် ဖွဲတစ်အိတ်ကို ပြေးလာချတယ်။ သတို့သား ခလုတ်တိုက်လိုက်ကျ



www.burmeseclassic.com

www.burmeseclassic.com

အောင် ဖွဲ့အိတ်ကို အဘိုးအိုက ပိတ်ကန်လိုက်တော့ လူတွေအံ့ဩကုန်တယ်။

"ဒီအဘိုးကြီးက ငါ့တူရဲ့ လက်စွဲတော်ပဲ။ ဒါပေမယ့် အခုလိုလုပ်တဲ့အတွက်တော့ ပြင်းပြင်းထန်ထန် ဒဏ်ခတ်ရမယ်"

ဦးလေးတော်က စိတ်ထဲမှာ မှတ်ထားတယ်။ အိမ်ဝိုင်းထဲဝင်တော့ မင်္ဂလာပွဲအတွက် စားသောက်ပွဲကြီးကို ခမ်းခမ်းနားနား ပြင်ထားတာ တွေ့ရတယ်။ စားပွဲရှည်ကြီးပေါ်မှာ စားချင်ဖွယ် အသီးတွေ၊ အရသာရှိတဲ့ အသားငါးဟင်းတွေ၊ ချိုချဉ်ခဲဖွယ်တွေ တည်ခင်းထားတဲ့ ရွှေခွက်တွေ အပြည့်မြင်ကြတယ်။ လူငယ်က စားသောက်စားပွဲထိပ်မှာ ရပ်ပြီး သတို့သမီးအလာကို စိတ်ထက်သန်စွာ မျှော်လင့်နေတယ်။ လမ်းခရီးမှာ ကံမကောင်းလို့ ကြုံကြိုက်ခဲ့ရတဲ့ အရာတွေ၊ သူ့အထိန်းတော်အဘိုးကြီးရဲ့ ထူးထူးဆန်းဆန်း အပြုအမူတွေကို သူမေ့မေ့လျော့လျော့ ထားလိုက်တယ်။ လိုက်ကာတစ်ခုအကွယ်ဘေးမှာ နေရာယူဝင်ထိုင်လိုက်တယ်။ မင်္ဂလာအချိုရည်ခွက်ကို နှစ်ဦးစလုံး သောက်သုံးကြတယ်။ မင်္ဂလာအခမ်းအနားကို စတင်လိုက်ပါတယ်။

အထိန်းတော်အဘိုးကြီးကတော့ ဘာမှ စားသောက်ခြင်းမပြုဘူး။ သူ့သခင်လေးမှာ အသက်ဘေးအန္တရာယ်ရှိနေဆဲဆိုတာကိုမှ သတိထားမိတယ်။ အကအခုန်တွေ၊ လူရွှင်တော်တွေ၊ ဘားကျွမ်းသမားတွေရဲ့ ဖျော်ဖြေမှုကို သူက ရယ်မောခြင်းလည်းမပြု၊ လက်ခုပ်တီးအားပေးခြင်းလည်း မပြုဘဲနေတယ်။ အခမ်းအနားကို စေ့စေ့စပ်စပ် စောင့်ကြည့်အကဲခတ်နေတယ်။ မင်္ဂလာစားပွဲအခမ်းအနားမှာ ဘေးမသီ၊ ရန်မခအောင် သူ့အာရုံထားတယ်။

ညနေစောင်းလာတာနဲ့အမျှ နောက်ဆုံး ဧည့်သည်တွေလည်း ပြန်ကုန်ကြပြီ။ ငယ်ငယ်ရွယ်ရွယ် မင်္ဂလာဇနီးမောင်နှံသာ သူတို့အိပ်ဆောင်ထဲကို ပျော်ရွှင်စွာ ဝင်ရောက်သွားကြတယ်။ သို့သော် မကြာလိုက်ပါချေ။ တံခါးကို တဒုန်းဒုန်းထုသံတွေနဲ့အတူ သတို့သားအနှောင့်အယှက်ခံရတဲ့အဖြစ်အပျက် ပေါ်တော့ အထိန်းတော်အဘိုးကြီးဟာ အခန်းထဲ ပြေးဝင်သွားတယ်။

"စောင်တွေနဲ့ ဝေးဝေးနေကြ"

လှမ်းအော်ရင်း ကြီးမားတဲ့ တုတ်တစ်ချောင်းကို ကိုင်ကာ အခန်းအလယ်ကို ရောက်လာတယ်။ စောင်တွေကို ဖယ်လိုက်တော့ ပါးပျဉ်းထောင်နေပြီး အပုံလိုက်ခွေနေတဲ့ မြွေကြီးကို တွေ့တယ်။ ပါလာတဲ့ တုတ်နဲ့ မြွေကြီးကို အသေရိုက်တယ်။ မင်္ဂလာနေ့အတွက် သူ့သိသမျှ၊ ကြံစည်ထားသမျှတွေကို ခရေစေ့တွင်းကျ တိတိကျကျ ပြန်ရှင်းပြတယ်။ ဖွဲ့အိတ်ကိုဖွင့်ပြီး ဖွဲ့ထဲရှိ မှင်စာကို ပြတယ်။ စတော်ဘယ်ရီခင်းနဲ့ အဆိပ်ခတ်ထားတဲ့ ရေတွင်းအကြောင်းပါ ပြောပြတယ်။ ပုံပြင်တစ္ဆေတွေရဲ့ မကောင်းကြံမှုတွေပါပဲ။

အသက်ဘေးမှ ကင်းဝေးအောင် ကယ်တင်စောင့်ရှောက်တဲ့ အထိန်းတော်အဘိုးအိုကို ဆုချတယ်။ သတို့သားလူငယ်လေးဟာ သူ့ရဲ့တစ်ကိုယ်ကောင်းဆန်မှုကို ရှက်သွားတယ်။ နောက်တော့ သတို့သမီးကို အရင်ဆုံး ပုံတွေပြောပြတယ်။ သားသမီးတွေကို ပုံပြင်လက်ဆင့်ကမ်းဝေတယ်။ အားလုံးဟာ အထိန်းတော်အဘိုးကြီးရဲ့ ပုံပြင်တွေပဲ။ အိတ်ထဲအလှောင်ခံထားရတဲ့ ပုံပြင်တွေဟာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းပြောဆိုလာကြတာ ဒီနေ့အထိပေါ့ကွယ်။

**[ Linda Jennings ၏ Stories from Around the World ကမ္ဘောဒီးယားပုံပြင် စာအုပ်မှ A Sackful of Spirits. ]**

အောင်ချစ်စိုး(လသာ)

□





www.burmeseclassic.com

www.burmeseclassic.com

ဂျူဒီသည် တိရစ္ဆာန်မြို့တော်ကြီး ဇူတိုးပီးယားရှိ ZPD ခေါ် ဖူးတိုးပီးယားရဲတပ်ဖွဲ့မှ ရဲလုံမေအသစ်ကလေး ဖြစ်ပြီး စခန်းမှူး 'ဘိုဂို'က သူမအား စည်းကမ်းမဲ့ မော်တော်ယာဉ်များကို အရေးယူရန် တာဝန်ချပေးထားသည်။ နစ်ဝိုင်း(လ်)မှာ လိမ်လည်ခြင်းဖြင့် ငွေရှာစားသော မြေခွေးတစ်ကောင်ဖြစ်ပြီး ဂျူဒီ့ကို အခါအားလျော်စွာ အရှက်ခွဲပြီး လူလယ်ကျသူဖြစ်သည်။


တစ်ရက်၌ ဂျူဒီက ရာဇဝတ်ကောင် ဂျူ(ခ်)ဝီဆယ်တန်အား လစ်တဲ(လ်)ရိုဒင်းရှားရပ်ကွက်ထဲ၌ အမိဖမ်းသော်လည်း သူမ၏ လုပ်ပိုင်ခွင့်ကျော်ပြီး လုပ်သည်ဆိုကာ စခန်းမှူးဘိုဂိုက ဒဏ်ပေးသည်။ မစ္စက်အော်တာတန်က ပျောက်ဆုံးသွားသော သူမခင်ပွန်းအား လိုက်ရှာပေးဖို့ အကူအညီလာတောင်းသောအခါ ဂျူဒီက ဆောင်ရွက်ပေး၍ 'ဘိုဂို'က သူမအား တာဝန်မှ ရပ်စဲမည်အပြုဒုတိယမြို့တော်ဝန် 'ဒွန်း'က 'ဂျူဒီ့'ကို ကယ်တင်လိုက်သည်။

အမှုကို ၄၈ နာရီအတွင်း မဖော်ထုတ်နိုင်ပါက မိမိနုတ်ထွက်ပါမည်ဟု ဂျူဒီက ဘိုဂိုအား ကတိပေးပြီး နစ်ကို အကျပ်ကိုင်ကာ အကူအညီရယူသည်။ နစ်က ကူညီသော်လည်း ဖုံဖမ်းမှုပိုကြန့်ကြာအောင် အချိန်ဆွဲသည်။ ခြံဝင်းတစ်ခုအတွင်းသို့ ဂျူဒီနှင့် နစ်တို့ ဝင်ရှာရာ သက်သေခံပစ္စည်းဖြစ်သော မော်တော်ကားမှာ ရာဇဝတ်ဂိုဏ်းခေါင်းဆောင်ကြီး မစ္စတာဘစ်(ဂ်)၏ ကားဖြစ်ကြောင်း သိရစဉ် ဘစ်(ဂ်)၏တပည့် ဝင်ရိုးစွန်းဝက်ဝံများ၏ ဖမ်းချုပ်ခြင်းခံကြရသည်။ ၎င်းတို့နှစ်ဦး အသတ်ခံရခါနီးတွင် မစ္စတာဘစ်(ဂ်)၏သမီး ဖရူးဖရူးက အစောပိုင်းက သူမကို ဂျူဒီကယ်တင်ခဲ့ခြင်းကြောင့် ၎င်းတို့အား ပြန်ကယ်တင်လိုက်သည်။ မစ္စတာအော်တာတန်မှာ မိမိအား ပန်းဧရာင်းသူဖြစ်ပြီး ၎င်းက အရေးကြီးကိစ္စ ပြောခွင့်တောင်းသဖြင့် မိမိက ကားနှင့်သွားခေါ်စဉ် အရိုင်းစိတ်ဝင်ပြီး မိမိယာဉ်မောင်း မန်ချာ့(စ်)ကို တိုက်ခိုက်ကာ ခြေရာပျောက်သွားကြောင်း မစ္စတာဘစ်(ဂ်)က ဂျူဒီကို ရှင်းပြသည်။ ဂျူဒီနှင့် နစ်တို့က ကျားသစ်နက်ကြီး မန်ချာ့(စ်)အား နေအိမ်၌သွား၍ မေးမြန်းသောအခါ

[ကလေးရုပ်ရှင်နှင့်ဗွီဒီယို]

■ ဝေရတ်

# ZOOTOPIA





www.burmeseclassic.com

www.burmeseclassic.com




'နိုက်ဟောင်းလား(စ်)' (ညဘက်အူသံပေးသူများ) ဟူသည့် ဝေါဟာရသာသိရပြီး ၎င်းက စိတ်ဖောက်၍ လိုက်လံတိုက်ခိုက်သဖြင့် ထွက်ပြေးကြရသည်။ ဘိုဂိုက ထိုအဖြစ်အပျက်ကြောင့် မလိုလားအပ်သော လန့်ဖျပ်မှုများဖြစ်စေသည်ဆိုကာ တာဝန်မှရပ်စဲမည်အပြု ဘိုဂိုပေးထားသော အချိန် ၄၈ နာရီပြည့်ရန် ၁၀ နာရီကျန်သေးကြောင်း နစ်က ဝင်ပြောပေးခြင်းကြောင့် ဂျူဒီလည်း အမှုဆက်လိုက်ခွင့်ရရာ နစ့်ကို သူမကျေးဇူးတင်မိသည်။

ယာဉ်ကြောစောင့်ကြည့်မှု ဗွီဒီယိုမှတ်တမ်းများကို စစ်ဆေးဖို့ စိတ်ကူးရသော ၎င်းတို့နှစ်ဦးက ဒုမြို့တော်ဝန် ဒွန်း၏ အကူအညီဖြင့် စိစစ်ရှာဖွေရာ မန်ချာ့(စ်)ကို ပြန်ပေးဆွဲသွားသူများမှာ ယူနီဖောင်းဝတ်ထားသော ဝံပုလွေများဖြစ်ကြောင်း တွေ့ရှိရ၍ မစ္စတာအော်တာတန်ပြောသည့် 'နိုက်ဟောင်းလား(စ်)'မှာ ၎င်းတို့ပင်ဖြစ်ရမည်ဟု ကောက်ချက်ချသည်။

ဓာတ်ခွဲခန်းကြီးတစ်ခုသို့ ဂျူဒီနှင့် နစ်တို့ ခြေရာခံလိုက်သွားသောအခါ ပျောက်ဆုံးနေသူများအား ဖမ်းချုပ်ထားပြီး ၎င်းတို့မှာအရိုင်းစိတ်ပေါက်နေကြောင်း၊ မြို့တော်ဝန်ကြီး-လီယိုဒိုးက ဆရာဝန်တစ်ဦးနှင့် တိုင်ပင်ဆွေးနွေးနေကြောင်း တွေ့ကြရသည်။ ဂျူဒီက ZPD သို့ အထောက်အထားတင်ပြနိုင်သဖြင့် လီယိုဒိုး အဖမ်းခံရပြီး အရိုင်းစိတ်ပေါက်နေသော တိရစ္ဆာန်များ ထိန်းသိမ်းခံရသည်။ ဂျူဒီအောင်မြင်မှုရသော်လည်း သတင်းစာရှင်းလင်းပွဲ၌ သူမစကားပြောမှားသွား၍ ဂယက်ရိုက်ခတ်သွားရာ ဒွန်းနှင့် ဘိုဂိုတို့က ဟန့်တားလင့်ကစား ရဲတပ်ဖွဲ့မှ နုတ်ထွက်သွားလေသည်။

ဂျူဒီသည် မိဘပိုင်စိုက်ပျိုးမွေးမြူရေးခြံသို့ ပြန်ရောက်သောအခါ နိုက်ဟောင်းလား(စ်)မှာ တိရစ္ဆာန်များ၏စိတ်ကို ပြောင်းလဲစေသော အပြင်းစားစိတ်ကြွဆေးအစွမ်းရှိသည့် ပန်းပွင့်များဖြစ်ကြောင်းသိရ၍ နစ်နှင့်ပြန်တွေ့စဉ်သို့ ဆက်လက်စုံစမ်းကြရာ ဂျူ(ခ်)ဝီဆယ်တန်က ထိုပန်းများကို စုဆောင်းပေးပို့လျက်ရှိသည့် ဓာတ်ခွဲခန်းကို ခြေရာခံမိကြသည်။ ထိုဓာတ်ခွဲခန်း၌ သိုးများက ယင်းပန်းပွင့်ကို အသုံးပြု၍ သွေးရည်ကြည် ဖန်တီးထုတ်လုပ်ကာ မြားထဲထည့်၍ သားရဲတိရစ္ဆာန်များအား ပစ်ခဲ့ကြကြောင်း သိရသည်။ ZPD သို့ တင်ပြရန် အထောက်အထားရယူဖို့ ကြိုးပမ်းစဉ် ဂျူဒီနှင့်နစ်တို့ကို သိုးများက ဖမ်းချုပ်ရန် ကြံစည်သဖြင့် ထွက်ပြေးရင်း ZPD အနီး၌ ဒုမြို့တော်ဝန် ဒွန်းနှင့် ပက်ပင်းတိုးကြသည်။


သို့သော်-ဒွန်းကိုယ်တိုင် သိုးများကို ညွှန်ကြားသူ





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ပေါ်သွား၍ ၎င်းထွက်ပြေးသွားပြီး ဂျူဒီနှင့် နှစ်ကို သိုးများက ဖမ်းချုပ်ကာ နှစ်အား ဆေးထိုး၍ ဂျူဒီကို သတ်ခိုင်းသည်။ ဒွန်းက သားရဲတိရစ္ဆာန်တို့ ဖူးတိုးပီးယားမြို့ကို အုပ်စိုးဖို့ ရည်ရွယ်ကာ ဤစီမံကိန်းကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ဒွန်းက သူမ အကြံအစည်ကို ဖွင့်ပြောပြီးသောအခါ ဂျူဒီနှင့်နှစ်တို့က



သူမမြားထဲ၌ သွေးရည်ကြည်အစား ဘလူးဘယ်ရီ သီးရည်အစားထိုးခဲ့ပြီး အဆိပ်သင့်ချင်ယောင်ဆောင်ခဲ့ ခြင်းဖြစ်ကြောင်း ဖွင့်ပြောရုံမက သူမစကားအားလုံးကို အသံဖမ်းထားကာ ရဲတပ်ဖွဲ့လက်ထဲ အပ်နှံလိုက်ကြလေ သည်။ မြို့တော်ဝန်ကြီး လီယိုဒိုးမှာလည်း သူမ၏ အကွက်ချချောက်တွန်းခံရခြင်းဖြစ်၏။ လပိုင်းအကြာတွင် ဂျူဒီက သူမ ရာထူးပြန်ရပြီး နှစ်လည်း ရဲတပ်ဖွဲ့ထဲဝင်၍ ဂျူဒီ၏ တွဲဖက်ရဲအရာရှိ ဖြစ်လာလေသည်။

* *

*Jared Bush နှင့် Phil Johnston ၏ ဇာတ်ညွှန်းကို Byron Howard နှင့် Rich Moore တို့ ရိုက်ကူးပြီး Ginnifer Goodwin, Jason Bateman, J.K. Simmons နှင့် Idris Elba တို့အသံဖြင့် သရုပ်ဆောင်ပေးထားသည့် ဤဇာတ်ကား မှာ Disney ၏ ၅၅ ကားမြောက် ကာတွန်းဇာတ်ကား ဖြစ်ပြီး တိရစ္ဆာန်ချစ်သော ကာတွန်းရုပ်ရှင်ဝါသနာအိုး များ အထူးနှစ်မြိုက်ဦးမည့် ဇာတ်ကားဖြစ်ဖို့ ကျိန်းသေ ပါသည်။*

*( ကြာမြင့်ချိန် ၁၀၈ မိနစ်ရှိ ဤဇာတ်ကားကို Disney မှ ဒီဗွီဒီအဖြစ် ထုတ်လုပ်ဖြန့်ချီသည်။)*

ဝေရက်

□



www.burmeseclassic.com

www.burmeseclassic.com

[ဂန္ထဝင်ပုံပြင်များ - ၈၀]

# လက်ထပ်ပွဲများ

■ စူပါမင်း

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးသည် အမတ်ကြီးဗညားဒလကို ချစ်မြတ်နိုးတော်မူ၏။ ချစ်မြတ်နိုးတော်မူပုံကား ဤသို့တည်း။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဟံသာဝတီကို အလိုတော်ပြည့်၍ မြို့လည်တော်မူသောအခါ ဗညားဒလသည် ဝေါတော်ထမ်း အမှုထမ်းများနှင့် တိုင်ပင်ပြီး ခားကို မြေတွင်မြှုပ်ထား၍ ခားမြှုပ်ထားသောနေရာသို့ရောက်လျှင် ဘုန်းတော်ကြောင့် ရဲမက်တော်တို့ နင်းမိသဖြင့် ခားပေါ်သည်။

ဝေါတော်သားတို့လည်း မရပ်မတည်နိုင်ရှိသည်ကို မင်းတရားကြီးမြင်တော်မူ၍ စစ်မေးတော်မူသော် ဗညားဒလအကြံအစည် ဖြစ်သည်ဟူ၍ အကြောင်းကို လျှောက်လေ၏။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလကို ခေါ်တော်မူ၍ ဝေါတော်သားတို့ ထွက်ဆိုသည့်အတိုင်း နှုတ်တော်ဖြင့် စစ်မေးတော်မူသည်။ မှန်သောကြောင့် မလျှောက်ဝံ့ ဆိတ်ဆိတ်နေလေ၏။

မင်းတရားကြီးဘုရားလည်းအကြောင်းကို သိတော်မူလျှင် "ဗညားဒလသည် ငါ့ကိုကြံဝံ့မည်မဟုတ်။ ကြံငြားသော်လည်း ငါသို့သောမင်းကို ဖြစ်နိုင်မည်မဟုတ်"ဟူ၍ အမိန့်တော်ရှိပြီးလျှင် ဝေါတော်သားတို့ကိုသာ ကွပ်မျက်တော်မူသည်။ ဗညားဒလမှာ အခင်းမရှိ။

တစ်ကြိမ်လည်း ရွှေမော်ဓောဘုရားသို့ တက်တော်မူရာတွင် နှုတ်ထည့်ပြီးသူ တစ်ကျိပ်တို့ကို မင်းတရားကြီး ဘုရားသို့အတက်တွင် လုပ်ကြံလေဟု မဟာရာမ်စောင်းတန်းအထက် မုခ်ဦးတွင် နေရသည်။ မင်းတရားကြီးဘုရား ဘုရားသို့တက်တော်မူ၍ မဟာရာမ်မုခ်ဦးသို့ ရောက်တော်မူလျှင် တံခါးမုခ်ဦးအထက်က နေနှင့်သူတို့သည် ဘုန်းတော်ကြောင့် မရပ်တည်နိုင်၍ မြေသို့ချည်း ကျကုန်၏။

ထိုသူတို့ကို မင်းတရားကြီးစစ်မေးတော်မူသော် ဗညားဒလ အကြံအစည်ဟူ၍ လျှောက်ကြ၏။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားဒလကိုခေါ်ပြီး စစ်မေးတော်မူသော် မှန်သောကြောင့် မည်သို့မျှ မလျှောက်ဝံ့။ ဆိတ်ဆိတ်နေလေ၏။

အကြောင်းကို သိတော်မူလျှင် "ဗညားဒလသည် ငါ့ကိုမကြံဝံ့ရာ။ ကြံငြားသော်လည်း ငါသို့သော မင်းကို မဖြစ်နိုင်ရာ"ဟု အမိန့်တော်ရှိပြီးလျှင် မိသူတို့ကိုသာ ကွပ်မျက်တော်မူသည်။

တစ်ကြိမ်လည်း တိဂုံဘုရားရှင်သို့ ရွှေဖော်တော်ဖြင့် ကြွတော်မူရာတွင် ရေနံအရှည်အကြာ ငုပ်၍နေနိုင်သော လူနှစ်ယောက်တို့ကို "ရွှေဖောင်တော်သို့ မင်းတရားကြီးအတက်တွင် လုပ်ကြံလေ" ဟူ၍ ဖောင်တော်ရင်း ဝါးတော်ရှည်အောက် ရေတွင် ငုပ်၍နေရသည်။ ဘဝရှင်မင်းတရားကြီးဘုရား ဆေါ်တော်မှ ဖော်တော်သို့အတက်တွင် ဘုန်းတော်ကြောင့် ရေပလုံထိုးသည်ကို မြင်တော်မူသဖြင့် ငုပ်၍စမ်းစေသော် ခားကိုင်နှစ်ယောက်ကို တွေ့လေ၏။

အကြောင်းကို စစ်မေးရာ ဗညားဒလ၏ အစီအရင်ဟူ၍ သိရလေသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ဗညားဒလကို ခေါ်၍မေးတော်မူ၏။ ဗညားဒလမှာ မှန်ကန်သောကြောင့် မလျှောက်ဝံ့ ဆိတ်ဆိတ်နေသည်။ မင်းတရားကြီးလည်း အကြောင်းစုံကို သိတော်မူလျှင် "ဗညားဒလသည် ကြံဝံ့ရာ။ ကြံငြားသော်လည်း ငါသို့သောမင်းကို မဖြစ်နိုင်ရာ"



www.burmeseclassic.com

www.burmeseclassic.com

မိန့်တော်မူ၏။

ဆင်ဖြူရှင် ဘဝရှင်မင်းတရားကြီးဘုရားသည် ထိုအမှုတွင်လည်း ရေငုပ်သမားနှစ်ယောက်ကိုသာ ကွပ်မျက်တော်မူသည်။ ဤကဲ့သို့ ကိုယ်တော်မြတ်ကို သုံးကြိမ်စေ့အောင် ကြံငြားသော်လည်း ဗညားဒလသည် နှုတ်ရည်၊ လက်ရည် ဂုဏ်ဗျတ္တိဖြင့် ပြည့်စုံသူဖြစ်၍ နှမြောတော်မူသောကြောင့် ကွပ်မျက်တော်မမူ။ တစ်ပါးသောမင်းကေရာစ်တို့ ခံခဲလှစွာသောသည်းကို ခံတော်မူသည်။

သည်တစ်ကြိမ်မူကား စစ်ရေးဖြစ်သောကြောင့် သည်းခံတော်မမူသာ။ ဒုဋ္ဌဝတီကျေးဧနက်သို့ ပို့တော်မူသည်။ ငါးလခန့်ရှိလျှင် ဧနက်ဟူသောအရပ်သည် အနာအဖျား ထူထပ်ကြမ်းတမ်းကြောင်း ကမန်ပိုက်စားက လျှောက်လာ၍ ကမန်ပိုက်သို့ ပြောင်းရွှေ့ထားရာတွင် အသက်အရွယ်ကြီးရင့်ခြင်း၊ ရာသီဥတုဆိုးရွားခြင်းတို့ကြောင့် နှလုံးရည်ရော၊ လက်ရုံးရည်ပါ ထက်မြက်သော ပညာရှိအမတ်ကြီးသည် ပြည့်ရှင်မင်း၏ အကျဉ်းသားအဖြစ်ဖြင့် ကွယ်လွန်ခဲ့ရရှာသည်။

မြန်မာသက္ကရာဇ် ၉၃၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် တစ်ဆယ့်တစ်ရက် တနင်္လာနေ့တွင် တိဂုံဆံတော်ရှင် ဘုရားမြတ်စွာကို ထီးတင်တော်မူသည်။ သဘင်ခံတော်မူ၍ ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးလည်း အစုံခုနစ်ရာ လှူတော်မူသည်။

တပို့တွဲလဆန်းလေးရက် တနင်္လာနေ့ မကာရစန်းလဂ်တွင် သားတော်ဒတ္တ ဆံချတော်မူသည်။ သက္ကရာဇ် ၉၃၅ ခုနှစ် နယုန်လဆန်းဆယ်ရက် စနေနေ့။ ဥယျာဉ်တော်တွင်သီးသော အုန်းသီး၊ ကွမ်းသီး၊ လိမ္မော်၊ ခရမ်းပိမ်းစသော သစ်သီးဖိုး၊ စံပယ်ကြက်ရုံး အစရှိသော ပန်းဖိုးရသည့် ကြေးစင်တစ်ထောင်ကို ဘုရားကြီးသွန်းတော်မူသည်။

ထိုနေ့၌ ဆင်တော်ဟူသရွှေကို အမည်သမုတ်တော်မူသည်။ သီတင်းကျွတ်လပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့၊ အနန်က ဆင်ဖြူရောက်လာ၍ နန်းတွင်းသို့ သွင်းတော်မူသည်။ သီးတင်းကျွတ်လကွယ် တနင်္လာနေ့ သိန်းဃိုဋ္ဌ်က ချစ်မြတ်နိုးလှစွာသော သမီးကို အခြွေအရံနှင့်တကွ သင်္ဘောတွင်တင်၍ ဆက်လာသည်။ ပုသိမ်သင်္ဘောဆိပ်သို့ ရောက်လာသောအကြောင်းကို လျှောက်လာ၍ ကြားလျှင် လှော်ကားနှစ်စင်းတွင် သာယာလှစွာသော ထားဝယ်နှစ်ထပ်လုပ်စေ၍ အမိုးခုံးပေါ်မိုးစေပြီးလျှင် ကတော်ကြီးလေးပါးတို့ကို အဆောင်အယောင် ကျင်းပစေလျက် ဖောင်တွင်စီးစေပြီးလျှင် သင်္ဘောဆိပ်တိုင်အောင် ကြို၍ သင်္ဘောကို လှော်ကားနှီလေးစင်း ငင်ရသည်။

မှူးတော်မတ်တော် အပေါင်းတို့ကိုလည်း မိမိတို့ရသော လှေမှတ်နှင့်လှော်ကားကြော့လှေ သုံးရာကျော် ဝန်းရံ၍ လိုက်ရသည်။ စည်း၊ မောင်း၊ ခရာ၊ ပတ်သာ၊ စောင်း၊ ငြင်း၊ ပုံ၊ လင်းကွင်း၊ မြစ်လုံးပွဲတင်ထပ်မျှ တီးမှုတ်စေလျက် ပုသိမ်သင်္ဘောဆိပ်ကသည် ဟံသာဝတီသို့ ဆောင်ယူရသည်။

ရောက်လျှင် မင်းညီမင်းသား မှူးတော်မတ်တော် ရဲမက်ဗိုလ်ပါအများ ခြံရံစေ၍ မုတ်လှေနှင့် သွင်းတော်မူသည်။ နန်းတွင်းမှာလည်း ကောင်းမွန်သာယာလှစွာသော အိမ်နှင့် အထိန်းအရံ ပေးတော်မူ၍ နေရသည်။

နတ်တော်လပြည့်ကျော်နှစ်ရက်၊ ကြေးဘုရားကြီးထားစရာ ထူးဆန်းလှသောပြာသာဒ်ကို ဆောက်တော်မူသည်။ ယင်းသည့်နေ့ပင် ဧရိုးမယ်မှာ မဟာစေတီဘုရား ပြိုပျက်လေသည်ကို ငွေသုံးရာလှူတော်မူ၍ လုပ်ရလေသည်။

ယင်းသည့်နေ့ပင် "ကျိုက်ကိုဘုရား" ပြိုပျက်လေသည်များကို လုပ်စိမ့်မည်ဟူ၍ အုတ်ဖိုးငွေ တစ်ဆယ့်ငါးပိဿာ လှူတော်မူ၍ လုပ်ပြန်ရသည်။ လုပ်ပြန်ရသေးသည်။ ၎င်းတပို့တွဲလပြည့် ဗုဒ္ဓဟူးနေ့ သားတော် ဥတ္တမရာဇာကို သမီးတော်ခင်ဘုန်းမြတ်နှင့် စုံဖက်တော်မူသည်။ ကွမ်းခွက်ရှစ်မြှောင့်၊ လက်ဖက်အိုးတကောင်းဖုံး၊ ပတ္တမြားငါးရစ်စီထွေးခံ၊ ရွှေချက်တစ်စင်း၊ မြင်းရွှေကြိုး ရွှေကဆင်ဝေါင်းဝန်း၊ ရွှေရေးစည်ခုနစ်လုံး၊ နဲ့သုံးစင်း၊ ခရာနှစ်စင်း၊ အဖေတ်သားတစ်ကျိပ်၊ ဆင်ဆယ်စီးနှင့်တကွ စစ်ကိုင်းမြို့ကို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပေးတော်မူသည်။

သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းစွက်လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီထွေးအင်၊ ကျိုင်းကြီးရွှေချက်၊ ကျိုင်းငယ်ရွှေချက် နှစ်စင်း၊ အပျိုးစီးဝေါ ပေးတော်မူသည်။ ယင်းသည်နှစ်ပါးတွင် မွေးမြင်သည့်သမီးကို "ပယ်သူငယ်စား"အချင်းဖွဲ့ဆို၍ ခင်ကြီးစေချင်းဟုတွင်၏။ သားတော်ရှင်နန်းမြင့်ကိုလည်း သမီးတော်သီလဝတီနှင့် စုံဖက်တော်မူ၍ ကွမ်းစွက်ရှစ်မြှောင့်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီထွေးအင်၊ ရွှေချက်တစ်စင်း၊ မြင်းရွှေကြိုး ရွှေက၊ ဆင်ပေါင်းဝန်း၊ ရွှေရေးစည်စုနှစ်လုံး၊ နဲ့သုံး၊ စရာနှစ်၊ အမတ်သားတစ်ကျိပ်၊ ဆင်ဆယ်စီးနှင့်တကွ တောင်တွင်းမြို့ကို ပေးတော်မူသည်။

သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းစွက်ရှစ်မြှောင့်၊ လက်ဖက်အိုး တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီထွေးအင်၊ ကျိုင်းကြီးရွှေချက်ကျိုင်း ငယ်ရွှေချက်နှစ်စင်း၊ အပျိုစီးဝေါ ပေးတော်မူသည်။

သားတော် အရှင်ဦးပုတ်ကိုလည်း သမီးတော်နဲ့သီလနှင့် စုံဖက်တော်မူ၍ ကွမ်းစွက်ရှစ်မြှောင့် လက်ဖက် အိုးတကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီထွေးအင်၊ ရွှေချက်တစ်စင်း၊ မြင်းရွှေကြိုးရွှေကဆင်ပေါင်းဝန်း၊ ရွှေရေးစည် စုနှစ်လုံးနဲ့သုံး၊ စရာနှစ်၊ အမတ်သားတစ်ကျိပ်၊ ဆင်ဆယ်စီးနှင့်တကွ၊ ညောင်ရမ်းမြို့ကို ပေးတော်မူသည်။

သမီးတော်ကိုလည်း ပတ္တမြား မြိတ်ရစ်မြိတ်ခံနှင့်တကွ၊ ကွမ်းစွက်ရှစ်မြှောင့်၊ လက်ဖက်အိုး တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီထွေးအင်၊ ကျိုင်းကြီးရွှေချက် ကျိုင်းငယ်ရွှေချက်နှစ်စင်း၊ အပျိုစီးဝေါ ပေးတော်မူသည်။

သားတော်ဝရမ္မကို သမီးတော်သုစဝတီနှင့် စုံဖက်တော်မူ၍ ကွမ်းစွက်ရှစ်မြှောင့်၊ လက်ဖက်အိုးတကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီထွေးအင်၊ ရွှေချက်တစ်စင်း၊ မြင်းရွှေကြိုးရွှေက၊ ဆင်ပေါင်းဝန်းရွှေရေး၊ အမတ်သား တစ်ကျိပ်၊ တစ်ဆယ်စီးနှင့်တကွ မော်လမြိုင်မြို့ကို ပေးတော်မူသည်။

သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ်မြိတ်ခံနှင့်တကွ ကွမ်းစွက်ရှစ်မြှောင့် လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီထွေးအင်၊ ကျိုင်းကြီးရွှေချက်၊ ကျိုင်းငယ်ရွှေချက်နှစ်စင်း၊ အပျိုစီးဝေါ ပေးတော်မူသည်။

ငှင်းတပို့တွဲလပြည့်ကျော် ၂ ရက်၊ သောကြာနေ့ ကောင်းမှုတော်မဟာစေတီတော်ချက်နှာ၊ ဟံသာဝတီမင်း အဆက်ဆက်တို့ မဆောက်လုပ်ဖူးသေးသော ကောင်းမွန်လှပစွာသော သုမ္မေစရပ်တော်ကို ဆောက်လုပ်မော်မူ၍ အတွင်းအပြင် ရွှေအပြည့်ထည့်တော်မူသည်။

တပေါင်းလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့။ ရာဇဓေဝီရှင်မိဖုရား သားတော်မင်းသား စစ်ကို၊ ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာ၏သမီးတော် ဆင်ဖြူရှင်မယ်တော်နှင့် စုံဖက်တော်မူသည်။ ယင်းသည့်နေ့ပင် ရာဇဓေဝီရှင်မိဖုရား၊ သမီးတော်ရာဇဓာတုကလျာကို နားထွင်းတော်မူသည်။

ငှင်းတပေါင်းလပြည့်နေ့ ရှင်မိဖုရားအစရှိသော သားတော်၊ သမီးတော်၊ မောင်းမမိဿံ၊ မှူးတော်မတ်တော်၊ ကတော်စိုးမင်းခြံရံလျက် ရတနာအတိပြီးသော ဟင်္သာရုပ်၊ ရွှေဖောင်တော်စီး၍ လှေရုံလှော်ကားသုံးရာကျော်၊ တိုက်လှေကတ္တူ လွန်းကြင်တစ်ထောင်တို့ဖြင့် မြစ်လုံးပွဲတင်ထပ်မျှ တိဂုံဆံတော်ရှင်ဘုရားသို့ ရေကြောင်းချီတော်မူသည်။

ကြည်းကြောင်းမှလည်း အထပ်နှစ်ဆယ် စီရင်တော်မူ၍ ချီရသည်။ ရောက်တော်မူလျှင် သဘင်ကြီးစွာ ခံတော်မူသည်။ ထီးကျလေသည်ကို တင်တော်မူသည်။ ရွှေဆည်းလည်း၊ မိုးကြိုးဆည်းလည်း၊ ငွေဆည်းလည်း လှူတော်မူသည်။

ဆင်တော်မူသော မကိုဋ်တော်နှင့်တကွ ရွှေအချိန်သုံးဆယ့်ငါးပိဿာကိုလည်း မျက်ပါးစေ၍ ထီးချရားသီးကလည်း မြေတိုင်အောင် ရွှေထည့်တော်မူသည်။ ဆီမီးမြင်းမိုရ်လည်း နှစ်ဆောင်လှုပ်စေ၍

www.burmeseclassic.com

www.burmeseclassic.com

ဆီမီးလှူတော်မူသည်။ ဘုရားတွင် ငါးရက်နေတော်မူပြီး ရေအား၊ ကြည်းအား ပြန်တော်မူသည်။

ရွှေနန်းတော်သို့ ရောက်တော်မူလျှင် ရွှေရုပ်တု မိုးကြိုးရုပ်တု၊ ငွေရုပ်တု၊ ပဥ္စလောဟာ ရုပ်တုတို့ကို အနေကစာတင်တော်မူသည်။ ယင်းသောအခါ ပင့်သောသံဃာတော်ကား မြန်မာပြည်အလုံး၊ မွန်ပြည်အလုံး၊ ယွန်းပြည်အလုံး၊ ရှမ်းပြည်အလုံးတွင်ရှိသော ကျောင်းနေပုဂ္ဂိုလ်အပေါင်း (၃၅၅၅) ပါးတို့ကို ဘုရားဝန်းကျင်တွင် မဏ္ဍပ်ကနားကြီး အဆောင်ဆောင်ဆောက်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။

ပရိက္ခရာ ရှစ်ပါးနှင့်တကွ ခါသာအုပ်၊ ပိတ်အုပ်၊ ဆုန်းမွှေ့ရာ၊ ကော်ဇော၊ ငရုတ်၊ ကွမ်းသီး၊ ပရဆေးများစွာ အစုံလှူတော်မူသည်။ ဟံသာဝတီရွှေမြို့တော်တွင်ရှိသော မစားရတတ်၊ မဝတ်ရတတ်သော သူတို့အားလည်း ပုဆိုးတစ်ထည်၊ အကျီတစ်ထည်၊ ကြေးသုံးပိဿာ၊ ဆန်တစ်စိတ်စီ လှူတော်မူသည်။

ပုဆိုးပေါင်း ငါးထောင့်လေးရာ၊ ကြေးပိဿာပေါင်း တစ်သောင်းခြောက်ထောင်နှစ်ရာ၊ ဆန်တင်းပေါင်း သုံးရာ့ငါးဆယ်၊ သည်အလှူတော်များကို တံခါးတွင် မှူးတော်မတ်တော်များ ကြပ်မတ်၍ လှူရသည်။ ဗျတ္တိဗလဖြင့်ပြည့်စုံသော မြန်မာသာမဏေတို့ကိုလည်း ယင်းသည့်နေ့ပင် ကလျာဏီသိမ်တွင် ပဥ္စင်းခံတော်မူသည်။ အဋ္ဌကထာဋီကာကျမ်း တစ်ရာ့တစ်ဆယ့်လေးကျမ်းကိုလည်း အဝေးသံဃာတို့အား တစ်ကျမ်းစီ အပ်တော်မူသည်။

ဆန်၊ ဆား၊ ငါးပိလည်း သုံးဆောင်လောက်အောင် အဝေးသံဃာတို့အား လှူတော်မူ၍ ကောင်းမွန်စွာပို့သည်။ ၎င်းတပေါင်းလပြည့်ကျော် ၁၂ ရက်တနင်္ဂနွေနေ့တွင် သမီးတော်ခင်ဘုန်းမြင့်ကို ဝဏ္ဏကျ မင်းကြီးသားတော် နမိန္ဒတနှင့် စုံဖက်တော်မူ၍ ကျပ်မြင်းမိုရ်လက်ဖက်အိုး၊ ပတ္တမြားတစ်ရစ်စီ ကျိုင်းရိုးကြဲဆစ် ပေးတော်မူ၍ နေရာလွတ်နေရသည်။

သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီ ထွေးအင်၊ ကျိုင်းကြီးရွှေချက်၊ ကျိုင်းငယ် ရွှေချက်နှစ်စင်း အပျိုစီးဝေါ ပေးတော်မူသည်။ သမီးတော် မင်းအကြီးကို ပသိန်မင်းကြီးသားတော် နန္ဒကျော်ထင်နှင့် စုံဖက်တော်မူ၍ ကျပ်မြင်းမိုရ်လက်ဖက်အိုး၊ ပတ္တမြားတစ်ရစ်စီ ကျိုင်းရိုးကြဲဆစ်ပေးတော်မူ၍ နေရာလွတ်နေရသည်။ သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီထွေးအင်၊ ကျိုင်းကြီးရွှေချက်၊ ကျိုင်းငယ်ရွှေချက်နှစ်စင်း၊ အပျိုစီးဝေါ ပေးတော်မူသည်။

သမီးတော် သုဂန္ဓဝတီကို တားဝယ်မင်းကြီးသားတော် ရမ္မယောဓာနှင့် စုံဖက်တော်မူ၍ ကျပ်မြင်းမိုရ် လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားတစ်ရစ်စီ ကျိုင်းရိုးကြဲဆစ် ပေးတော်မူ၍ နေရာလွတ်နေရသည်။ သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီ ထွေးအင်၊ ကျိုင်းကြီးရွှေခွက်၊ ကျိုင်းငယ်ရွှေခွက်နှစ်စင်း အပျိုစီးဝေါ ပေးတော်မူသည်။

သမီးတော်မြတ် မျိုးဘုန်းဝေကို ပြည်ဘုရင်သတိုးဓမ္မရာဇာ သားတော်နန္ဒယောဓာနှင့် စုံဖက်တော်မူ၍ ကျပ်မြင်းမိုရ်လက်ဖက်အိုး၊ ပတ္တမြားသုံးရစ်စီ ကျိုင်းရိုးကြဲဆစ် ပေးတော်မူ၍ နေရာလွတ်နေရသည်။ သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီ ထွေးအင်၊ ကျိုင်းကြီးရွှေခွက်၊ ကျိုင်းငယ်ရွှေခွင်နှစ်စင်း အပျိုစီးဝေါ ပေးတော်မူသည်။

သက္ကရာဇ် ၉၃၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ မိုးကောင်းမိုးညှင်းသို့ ဗန်းမော်စော်ဘွားတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ ဆုန်းဘောင်စော်ဘွားတစ်တပ်၊ သိန္နီစော်ဘွားတစ်တပ်၊ မိုးနဲစော်ဘွား တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ ပုဂံစား တစ်တပ်၊ တလုပ်စား တစ်တပ်၊ ပုခန်းကြီးစား တစ်တပ်၊ အမြင့်စား တစ်တပ်၊ ကန္နီစား တစ်တပ်၊ ပဒုံစားတစ်တပ်၊ တပဲယင်းစား တစ်တပ်၊ မြေဒူးစား တစ်တပ်၊ သမက်တော်သတိုး



www.burmeseclassic.com

www.burmeseclassic.com

မင်းစောကို တပ်မပြု၍ ရှိရာသည်။

သည်တစ်ဆယ့်ငါးတပ်တွင်ပါသည့် တိုက်ထင်ရှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် ရှိရသည်။ ရောက်လျှင် မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွားတို့လည်း မြို့တွင်းမှ မစံလှ၍ အလုံးအရင်းနှင့်တကွ တောသို့ပြေးလေ၏။

အဝဘုရင်-သတိုးမင်းစောတို့ တစ်ဆယ့်ငါးတပ်သားတို့လည်း မိုးကောင်းတွင် အနေအထားပြု၍ လိုက်လံရှာကြရသည်။ မတွေ့ချေ။


(မှန်နန်းမဟာရာဇဝင်တော်ကြီး တတိယတွဲမှ)

ရှုပါမင်း

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၅]

မေးခွန်းသင်္ကေတ နှစ်နေရာတွင် လိုသော အက္ခရာနှစ်လုံးကို ဖြည့်ကာ နာရီ လက်တံသွားသည့်အတိုင်း (သို့) ပြောင်းပြန်သွားသည့်အတိုင်း အစဉ်လိုက် အဓိပ္ပာယ် ရှိသော စာကြောင်းတစ်ကြောင်းကို ဖော်ပြပေးပါ။




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁-၅-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

ရတနာပန်းခိုင် ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၁]

[အဖြေမှန်သူများစာရင်း]

၁။ မောင်ဝေယံမင်းသူ (ရေကြည်မြို့) ၂။ နန်းခမ်းသဇင်ဖူး (လဲချားမြို့) ၃။ မောင်မင်းဖြိုးသော် (တောင်ကြီးမြို့) ၄။ မအေးသီရိဇော် (ရွှေညောင်မြို့) ၅။ မောင်ကျော်ခန့် (ရေစကြိုမြို့) ၆။ မောင်အိမ်ငွေပွား (သရက်မြို့) ၇။ မဆုမြတ်နိုးစံ (ရေကြည်မြို့) ၈။ မရွှန်းလဲ့ရတီစိုး (တောင်တွင်းကြီးမြို့)

[ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၈ ဦးရှိရာ အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၆။ မောင်အိမ်ငွေပွား၊ စတုတ္ထတန်း၊ အမှတ်(၁)၊ အခြေခံပညာမူလတန်းကျောင်း၊ သရက်မြို့ (၆၆၊ ပန်းဘဲလမ်း၊ ရွှေဘုံသာရပ်၊ သရက်မြို့)သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။

ဆုရသူအား ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၂]

[အဖြေမှန်သူများစာရင်း]

မရွှန်းလဲ့ရတီစိုး၊ သတ္တမတန်း၊ အ. ထ. က(၁)၊ တောင်တွင်းကြီးမြို့၊ ဥပုသ်ဈေး၊ တောင်ဘက်တောင်ပြင်(၁)၊ တောင်တွင်းကြီးမြို့။

[ဤပြိုင်ပွဲတွင် အဖြေမှန်သူ တစ်ဦးသာရှိရာ အဖြေမှန်သူ မရွှန်းလဲ့ရတီစိုးအား ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၃]

[အဖြေမှန်သူများစာရင်း]

၁။ မဆုမြတ်နိုးစံ (ရေကြည်မြို့) ၂။ မောင်ဝေယံမင်းသူ (ရေကြည်မြို့) ၃။ နန်းခမ်းသဇင်ဖူး (လဲချားမြို့) ၄။ မသဇင်ဖြိုး (ဆီဆိုင်မြို့) ၅။ မောင်မင်းဖြိုးသော် (တောင်ကြီးမြို့) ၆။ မဂျာဆိုင်နန် (မြစ်ကြီးနားမြို့) ၇။ မအေးသီရိဇော် (ရွှေညောင်မြို့၊ တောင်ကြီးမြို့နယ်) ၈။ မောင်ကျော်ခန့် (ရေစကြိုမြို့)

[ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၈ ဦးရှိရာ အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၄။ မသဇင်ဖြိုး၊ ပဉ္စမတန်း(A)၊ အ. ထ. က (၁)၊ ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း (အမှတ် ၃၁၊ မင်္ဂလာရပ်ကွက်၊ ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း) သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။

ဆုရသူအား ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၄]

[အဖြေမှန်သူများစာရင်း]

၁။ မောင်အိမ်ငွေပွား (သရက်မြို့) ၂။ မကောတောအောင် (မြစ်ကြီးနားမြို့)

[ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၂ ဦးရှိရာ အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၂။ မကောတောအောင်၊ သတ္တမတန်း(ခ)၊ လေ့ကျင့်ရေး၊ အ. လ. က၊ မြစ်ကြီးနားမြို့ (ရှာရပ်ကွက်၊ ၄၄၊ မြစ်ကြီးနားမြို့)သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။

ဆုရသူအား ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၅]

[အဖြေမှန်သူများစာရင်း]

မောင်အိမ်ငွေပွား၊ စတုတ္ထတန်း၊ အမှတ်(၁)၊ အ. မ. က၊ သရက်မြို့။

[ဤပြိုင်ပွဲတွင် အဖြေမှန်သူ တစ်ဦးသာရှိရာ အဖြေမှန်သူ မောင်အိမ်ငွေပွားအား ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၆]

တတိယဆုအဆင့် သတ်မှတ်ထားသည့် အမှတ်ပေါင်း မီသူတစ်ဦးမျှ မရှိပါ။

**ရတနာပန်းခိုင်** ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ[၁]အဖြေ

| | | |
|---|---|---|
| | 20 | |
| 5 | 15 | 3 |
| | 18 | |

| | | |
|---|---|---|
| | 31 | |
| 15 | 16 | 1 |
| | 17 | |

| | | |
|---|---|---|
| | 19 | |
| 2 | ? | 7 |
| | 24 | |

အဖြေ - 17

<u>သက်သေပြချက်</u>

ပထမ ကြက်ခြေခတ်

20 - 5 = 15
18 - 3 = 15 〉(အလယ်ကိန်း)

ဒုတိယ ကြက်ခြေခတ်


31 - 15 = 16
17 - 1 = 16 〉(အလယ်ကိန်း)

တတိယ ကြက်ခြေခတ်

19 - 2 = 17
24 - 7 = 17 〉(အလယ်ကိန်း)

ထို့ကြောင့် မေးခွန်းသင်္ကေတနေရာတွင် ဖြည့်ရမည့်ကိန်းမှာ 17 ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ[၂]အဖြေ




အဖြေ - E (ကျန်ကိန်းများမှာ နှစ်ထပ်ကိန်းရလဒ်များ ဖြစ်ကြပါသည်။)

<u>သက်သေပြချက်</u>

$12^2 = 12 \times 12 = 144$

$19^2 = 19 \times 19 = 361$

$24^2 = 24 \times 24 = 576$

$16^2 = 16 \times 16 = 256$

288 သည် နှစ်ထပ်ကိန်း မဟုတ်ပေ။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ[၃]အဖြေ




အဖြေ - 27

<u>သက်သေပြချက်</u>

ပထမ စက်ဝိုင်း

$(7 \times 8) \div 4 = 56 \div 4 = 14$

ဒုတိယ စက်ဝိုင်း

$(11 \times 8) \div 4 = 88 \div 4 = 22$

ထို့ကြောင့်

www.burmeseclassic.com


www.burmeseclassic.com

တတိယ စက်ဝိုင်း

$(9 \times 12) \div 4 = 108 \div 4 = 27$

မေးခွန်းသင်္ကေတ၌ လိုနေသောကိန်းမှာ 27 ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၄)အဖြေ




အဖြေ - 10

<u>သက်သေပြချက်</u>

$(6 \times 16) \div (8 \times 3) = 96 \div 24 = 4$

$(14 \times 8) \div (4 \times 7) = 112 \div 28 = 4$

$(8 \times 20) \div (10 \times 4) = 160 \div 40 = 4$

ထို့ကြောင့် မေးခွန်းသင်္ကေတ၌ လိုနေသောကိန်း

$(18 \times x) \div (9 \times 5) = 4$


$(18 \times x) \div 45 = 4$

$18x = 45 \times 4$

$18x = 180$

$x = \frac{180}{18} = 10$ ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၅)အဖြေ




အဖြေ - 10

<u>သက်သေပြချက်</u>

16 မှ စတင်ကာ နာရီလက်တံအတိုင်း တစ်ကွက်ကျော်၍ 1 နုတ်၊ နောက်တစ်ကွက်ကျော်တွင် 2 နုတ်၊ နောက်တစ်ကွက်ကျော်တွင် 3 နုတ်၊ နောက်တစ်ကွက်ကျော်တွင် 4 နုတ်သွားလျှင် မေးခွန်းသင်္ကေတနေရာ၌ လိုနေသောကိန်းကို ရရှိပါမည်။

16 - 1 = 15

15 - 2 = 13

13 - 3 = 10 (မေးခွန်းသင်္ကေတနေရာတွင် ဖြည့်ရမည့်ကိန်း)

10 - 4 = 6

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၆)အဖြေ

၁။ ကမ္ဘာသစ် ခေါ် မြောက်အမေရိကတိုက်ကို ၁၄၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် တွေ့ရှိခဲ့သော ဂျီနိုဝါနယ်မြေသစ်ရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်၏ ကမ္ဘာသစ်ခရီးစဉ်မတိုင်မီ ကျူးရင့်လိုက်သော ဥဒါန်းစကားမှာ မည်သည့်စကား ဖြစ်သနည်း။

ကမ္ဘာသစ်ခေါ် မြောက်အမေရိကတိုက်ကို ၁၄၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် တွေ့ရှိခဲ့သော ဂျီနိုဝါနယ်မြေသစ်ရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်၏ ကမ္ဘာသစ်ခရီးစဉ်မတိုင်မီ ကျူးရင့်လိုက်သော ဥဒါန်းစကားမှာ "နေ၏အလင်းရောင်နှင့်အတူ ကျုပ်တို့ ကမ္ဘာမဟောင်းကို စွန့်ခွာခဲ့ပြီ" ဖြစ်ပါသည်။

၂။ ၁၇၀၈ ခုနှစ်၊ ဇွန်လအတွင်းက ဗြိတိသျှရေတပ်၏ တိုက်ခိုက်မှုကြောင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား လက်ဝတ်ရတနာများကို စုစည်းတင်ဆောင်လာသည့် 'ဆန်ဟိုဆေး' စပိန်ရွက်သင်္ဘောကြီးသည် မည်သည့်နေရာတွင် နစ်မြုပ်ခဲ့ကာ ယခုအခါ၌ သင်္ဘောပျက်ကို မည်သည့်နေရာတွင် ပြန်လည်တွေ့ရှိခဲ့သနည်း။

၁၇၀၈ ခုနှစ်၊ ဇွန်လအတွင်းက ဗြိတိသျှရေတပ်၏ တိုက်ခိုက်မှုကြောင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com

လက်ဝတ်ရတနာများကို စုစည်းတင်ဆောင်လာသည့် 'ဆန်ဟိုဆေး' စပိန်ရွက်သင်္ဘောကြီးသည် ကိုလံဘီယာကမ်းလွန် ကာတာဂျီးနား ဆိပ်ကမ်းမြို့နှင့် မနီးမဝေးတွင် နစ်မြုပ်ခဲ့ကာ ယခုအခါ၌ သင်္ဘောပျက်ကို ယင်းနေရာအနီးတွင်ပင် ပြန်လည်တွေ့ရှိခဲ့ပါသည်။

**၃။ ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်တွင် ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် စာဆိုတော်နေ့ ကျင်းပရေး အစည်းအဝေးတစ်ရပ် ကျင်းပကာ 'ဦးပုညနေ့ ၁' အစား နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ ရောက်တိုင်း မည်သည့်နေ့အဖြစ် သတ်မှတ်၍ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသနည်း။**

၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်တွင် ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် စာဆိုတော်နေ့ ကျင်းပရေး အစည်းအဝေးတစ်ရပ် ကျင်းပကာ 'ဦးပုညနေ့ ၁' အစား နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ ရောက်တိုင်း 'ဗမာ့စာဆိုတော်နေ့' အဖြစ် သတ်မှတ်၍ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**၄။ ကမ္ဘာ့လူဦးရေ၏ မည်သည့်ရာခိုင်နှုန်းသည် ဒိုင်လူကြီးများ၊ နည်းပြများနှင့် အားကစားနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြသနည်း။**

ကမ္ဘာ့လူဦးရေ၏ ၄ ရာခိုင်နှုန်းသည် ဒိုင်လူကြီးများ၊ နည်းပြများနှင့် အားကစားနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြပါသည်။

**၅။ အာကာသအတွင်း ပထမဆုံး နေထိုင်ခဲ့သည့် သက်ရှိသတ္တဝါမှာ မည်သည့်သတ္တဝါ ဖြစ်ပါသနည်း။**

အာကာသအတွင်း ပထမဆုံးနေထိုင်ခဲ့သည့် သက်ရှိသတ္တဝါမှာ 'လေကာ'ဟူ၍ ခေါ်ဆိုသည့် ခွေးကလေးဖြစ်သည်။

*[ ၁၉၅၇ ခုနှစ်တွင် ရုရှားနိုင်ငံမှ လွှတ်တင်သည့် အာကာသယာဉ်ဖြင့် လိုက်ပါသွားခဲ့ခြင်း ဖြစ်သည်။ ခွေးကလေးသည် အောက်ဆီဂျင်ကုန်သွား၍ သေဆုံးသွားသည်။ ]*

**၆။ သမိုင်းမတင်မီခေတ်က အကြီးဆုံး ပင်လယ်နို့တိုက်သတ္တဝါကြီးမှာ မည်သည့်သတ္တဝါ ဖြစ်ပါသနည်း။**

သမိုင်းမတင်မီခေတ်က အကြီးဆုံး ပင်လယ်နို့တိုက်သတ္တဝါကြီးမှာ 'ဘာဆီလိုဆောရပ်စ်' Basilosaurs ဝေလငါးကြီး ဖြစ်သည်။

*[ အဆိုပါ ဝေလငါးကြီး၏ ကိုယ်ခန္ဓာအရှည်မှာ ၂၀ မီတာ (၆၅ ပေ) ရှိပြီး ယနေ့ သက်ရှိပင်လယ်နို့တိုက်သတ္တဝါကြီးဖြစ်သော အပြာရောင် ဝေလငါးကြီးထက် ၇ မီတာ (၁၃ ပေ) သေးငယ်သည်။ ]*

**၇။ ပင်လယ်ရေမှ တစ်နှစ်လျှင် ဆားတန်ချိန် မည်မျှထုတ်လုပ်ရရှိသနည်း။**

ပင်လယ်ရေမှ တစ်နှစ်လျှင် ဆားတန်ချိန် ၆ သန်း ထုတ်လုပ်ပါသည်။

**၈။ ကမ္ဘာ့ဘာသာစကားများတွင် စကားလုံးအများဆုံး ဘာသာစကားမှာ မည်သည့်ဘာသာစကား ဖြစ်သနည်း။**

ကမ္ဘာ့ဘာသာစကားများတွင် စကားလုံးအများဆုံး ဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကား ဖြစ်ပါသည်။

*[ စကားလုံးပေါင်း တစ်သန်းခန့်ရှိပြီး သုံးပုံတစ်ပုံမှာ ပညာရပ်စကားလုံးများ ဖြစ်ကြသည်။ ]*

**၉။ မြန်မာ့သမိုင်းတွင် တူရိယာပစ္စည်းများကို မည်သည့်ခေတ်ယဉ်ကျေးမှုမှ စတင်သုံးစွဲခဲ့သနည်း။**

မြန်မာ့သမိုင်းတွင် တူရိယာပစ္စည်းများကို ပျူခေတ်ခေတ်ယဉ်ကျေးမှုမှ စတင်သုံးစွဲခဲ့ပါသည်။

*[ ခရစ်နှစ် ၈၀၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပျူမင်းတစ်ပါးက တရုတ်ပြည် ထန်မင်းဆက်၏ နန်းတော်သို့ ချစ်ကြည်ရေးတေးဂီတအဖွဲ့ စေလွှတ်ခဲ့ရာ အနုပညာရှင် ၃၅ ဦးနှင့်အတူ တူရိယာပစ္စည်း စုစုပေါင်း ၂၂ မျိုး ပါဝင်သွားခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ]*

□



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၁၊ အမှတ် ၂၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၁ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..........................................

အတန်းနှင့်ကျောင်းလိပ်စာ ..........................................

မွေးသက္ကရာဇ် ..........................................

မိဘအမည် ..........................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..........................................

နေရပ်လိပ်စာအပြည့်အစုံ ..........................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၁၊ အမှတ် ၂၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၂ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..........................................

အတန်းနှင့်ကျောင်းလိပ်စာ ..........................................

မွေးသက္ကရာဇ် ..........................................

မိဘအမည် ..........................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..........................................

နေရပ်လိပ်စာအပြည့်အစုံ ..........................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၁၊ အမှတ် ၂၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၃ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..........................................

အတန်းနှင့်ကျောင်းလိပ်စာ ..........................................

မွေးသက္ကရာဇ် ..........................................

မိဘအမည် ..........................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..........................................

နေရပ်လိပ်စာအပြည့်အစုံ ..........................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၁၊ အမှတ် ၂၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၄ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..................................................

အတန်းနှင့်ကျောင်းလိပ်စာ ..................................................

မွေးသက္ကရာဇ် ..................................................

မိဘအမည် ..................................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..................................................

နေရပ်လိပ်စာအပြည့်အစုံ ..................................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၁၊ အမှတ် ၂၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၅ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..................................................

အတန်းနှင့်ကျောင်းလိပ်စာ ..................................................

မွေးသက္ကရာဇ် ..................................................

မိဘအမည် ..................................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..................................................

နေရပ်လိပ်စာအပြည့်အစုံ ..................................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၁၊ အမှတ် ၂၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၆ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..................................................

အတန်းနှင့်ကျောင်းလိပ်စာ ..................................................

မွေးသက္ကရာဇ် ..................................................

မိဘအမည် ..................................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..................................................

နေရပ်လိပ်စာအပြည့်အစုံ ..................................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

www.burmeseclassic.com

www.burmeseclassic.com

# SOLUTIONS

## အဖြေညှိကြည့်လိုက်ပါလားမှအဖြေ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ A ဂ | နှာ | B မ | ငြိမ် | | ၂ C မ | ဟဲ့ | D သာ | ဝ | E ထ |
| ထန်း | | ဟာ | | ၃ ဝတ် | သိုး | | သ | | ယိမ် |
| သ | | ၄ ရုံ | ရွေ | | ထ | | နှာ | | က |
| ရှာ | | တံ | | ၅ သစ် | မင်း | | | ၆ ဆံ | ကျစ် |
| | ၇ F ပွဲ | တိုင်း | G ကျော် | | ၈ မ | ဆ | လာ | | |
| ၉ ဝဲ | ကြီး | | စံ | | သိုး | | | ၁၀ H ခေတ် | စာ |
| | ပွဲ | | တေး | | ၁၁ I ဟင်း | ခါး | | မြေ | |
| ၁၂ J သူ | တောင်း | ဖြူ | | ၁၃ ကြယ် | သီး | | ၁၄ နတ် | သြ | စာ |
| တော် | | | K ထု | | ၁၅ ဟင်း | လျာ | | ဓာ | |
| ၁၆ တောင်း | ရူ | ထု | သိုထိ | | ရွက် | | L မို | | M ချင်း |

## စကားထာပဟေဠိ အဖြေညှိရအောင်မှအဖြေ

၁။ ပိတောက်ပန်း
၂။ စံကားပန်း
၃။ စံပယ်ပန်း
၄။ မြတ်လေးပန်း
၅။ ခတ္တာပန်း
၆။ ရင်းမာပန်း
၇။ ကြာမျိုးငါးမည်
၈။ ခဝဲပန်း
၉။ သဇင်ပန်း
၁၀။ ခွာညိုပန်း
၁၁။ ပေါက်ပွင့်၊ လဲပွင့်
၁၂။ သရဖီပန်း
၁၃။ နေကြာပန်း
၁၄။ ချွေးသေးပန်း
၁၅။ အောင်သပြေပန်း

## ဦးနေခတ်ရှင်ကြည်လန်းစေဖို့ ညဏ်စမ်းကလေးတွေ ဖြေကြည့်စို့မှ အဖြေမှန်များ

၁။ ခြင်ထောင်ထဲ ဝင်နေတဲ့အချိန်လေ။
၂။ တစ်နေ့ထက်တစ်နေ့ အသက်ကြီးလာတာလေ။
၃။ ဆံပင်
၄။ ခွဲစိတ်တာ မအောင်မြင်ခဲ့ရင် သူတို့ရဲ့မျက်နှာကို မမှတ်မိအောင်လို့။
၅။ ထီးက အိမ်မှာကျန်ရစ်ခဲ့လို့ပါ။
၆။ ဖေဖော်ဝါရီလလေ။ တစ်လမှာ ၂၈ ရက်ပဲ ရှိတယ် မဟုတ်လား။
၇။ မီးရထား
၈။ အလွယ်တကူ လှမ်းဟပ်၊ လှမ်းကိုက်နိုင်အောင်လို့ပေါ့။
၉။ ခေါင်းကို ပြောင်အောင်ရိတ်ပစ်လိုက်ပါ။
၁၀။ မျိုးချစ်စိတ်ဓာတ်
၁၁။ ခံတပ်
၁၂။ ထမနဲထိုးပွဲ
၁၃။ ဘီလပ်မြေ
၁၄။ အယ်လ်နီညို
၁၅။ ဘူဒိုဇာ

## ဝေါဟာရပေါကြွယ် စာလုံးဆက်မယ်မှ အဖြေ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1 C | O 2 | N | T 5 | A | I | N | E 8 | R | |
| | V | | A | | | | N | | |
| 2 T 1 | E | A | K | E | T | T | L | E | |
| 3 O | N | | E | | | | A | | S 10 |
| I | | | | | 4 C 6 | A | R | | I |
| L | | L 4 | | | A | | G | | L |
| 5 E | V 3 | I | L | | 6 S | P 7 | E | A 9 | K |
| 7 T | O | O | | 8 S | E | A | | W | |
| | 9 I | N | | | | I | | R | |
| | D | | | 10 M | E | R | C | Y | |

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကူးချိုချို၏ အတ္ထုပ္ပတ္တိစာအုပ်




စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၄၅၀၅၁၀

မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ကိုပြသလျက် ရင်မြေကတုတ် ပြုလုပ်ကာ သေသည်အထိ တိုက်ပွဲဝင်ခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေးတပ်ဦးတွင် တပ်မှူးအဖြစ်ပါဝင်ခဲ့သော . . .

အဂ္ဂမဟာသေနာပတိဝန်ကြီးသတိုးသုဓမ္မ

## စစ်သူကြီးမဟာဗန္ဓုလ

**မောင်ခေတ်ထွန်း**

ပြု စု သ ည်

ဒုတိယအကြိမ်

[ ရှားပါးဓာတ်ပုံပေါင်းများစွာဖြင့် ]

- နယ်ချဲ့အင်္ဂလိပ်တို့ ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရသော မြန်မာစစ်ဗိုလ်ချုပ်ကြီး
- နွားကျောင်းသားဘဝမှ မြန်မာ့ကာကွယ်ရေးဝန်ကြီးနှင့် စစ်ဗိုလ်ချုပ်ကြီးဖြစ်လာသူ
- ကမ္ဘာက အံ့သြခဲ့ရသော မြန်မာ့စစ်နည်းဗျူဟာ၊ မဟာဗျူဟာများကို ချမှတ်ခဲ့သည့် တစ်ဦးတည်းသော စစ်သေနာပတိချုပ်



ဤစာအုပ်သည် မျိုးချစ်စိတ်ကို အခြေခံပြုစုထားသောစာအုပ်ဖြစ်၍ နိုင်ငံခြားအတ္ထုပ္ပတ္တိများ ပလူပျံအောင် ထွက်နေချိန်တွင် ခက်ခက်ခဲခဲ စွန့်စွန့်စားစားပေါ်ထွက်လာသော အတ္ထုပ္ပတ္တိကောင်းတစ်ခုဖြစ်သည်။

**အောင်သန်း(မန္တလေး)**

ဤစာအုပ်သည် အချက်အလက် အထောက်အထား ပြည့်စုံ ခိုင်ခန့်မှုရှိသည်။ ထို့ပြင် လိုအပ်သော အထောက်အထားများအတွက် ဓာတ်ပုံမှတ်တမ်းများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကြောင်း တွေ့ရှိရသည်။ တနည်းဆိုသော် မဟာဗန္ဓုလအကြောင်း ထောင့်စေ့စေ့အကွက်ပြည့်ပြည့် လေ့လာဖော်ထုတ် တင်ပြထားသည်ဟုဆိုရပါမည်။

**အမျိုးသားစာပေဆုရ မနုသကျော်ဝင်း**

ဗန္ဓုလအကြောင်းနှင့်ပတ်သက်လာရင် ဒီစာအုပ်လောက်ပြည့်စုံတဲ့စာအုပ် တစ်အုပ်မှ မရှိသေးပါဘူး။

**ချစ်စံဝင်း**

**စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ တန်ဖိုး - ၂၃၀၀ ကျပ်**

**စိတ်ကူးချိုချိုစာအုပ်တိုက် - ၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်မြို့။ ဖုန်း-၅၄၆၈၄၅၊ ၇၂၆၆၂၄**

www.burmeseclassic.com